# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၄၉)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### လတ်ဗီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်း ဒရစ် ဘာဇင်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ခေတ္တတည်းခိုရာ ဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ဘရစ္စဘိန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် သံရုံးမှတာဝန်ရှိသူများက ဘရစ္စဘိန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ စင်ကာပူနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် သံရုံးမှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

## ယနေ့ မာတိကာ


ဘာကီနာဖာဆို နိုင်ငံခြားရေးဝန်ကြီးဟောင်းအား ကြားဖြတ်သမ္မတရွေး — စာမျက်နှာ ၄

မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ပြီး အုပ်စုဖွဲ့ကျူးလွန်သူ လူဆိုးဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးရမိ — စာမျက်နှာ ၅

နယ်သာလန်ဂိုးပြတ်နိုင် — စာမျက်နှာ ၁၃

တိုးချဲ့တည်ဆောက်လျက်ရှိသည့် အမှတ်(၁)ပေါက်တံတား(အုန်းတော) — စာမျက်နှာ ၁၆


## ဂျီ -၂၀ ထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ချက်များ

* ၂၀၁၈ ခုနှစ်တွင် ဂျီ -၂၀ နိုင်ငံများ၏ စုစုပေါင်း ဂျီဒီပီတိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်း ရရှိရေး။
* ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေခံအဆောက်အအုံတည်ဆောက်ရန် လိုအပ်မည့် ဒေါ်လာ ၇၀ ထရီလီယံကို ဖြည့်ဆည်းပေးနိုင်ရေး။
* အမျိုးသမီးသန်းတစ်ရာအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးရေး။
* စီးပွားရေးလုပ်ငန်းများအနေဖြင့် သင့်တင့်မျှတစွာ အခွန်ပေးဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရေး။
* ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန် ဂျီ-၂၀ နိုင်ငံများ တက်ကြွစွာ အတူလက်တွဲ ဆောင်ရွက်ရေး။
* အီဘိုလာကပ်ရောဂါတားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ဆောလျင်စွာ ဆောင်ရွက်ရေး။




တောင်ဥက္ကလာ Showroom - Ph: 01 577755, 01 569416, 09 737 22888, 09 738 22888, 09 86 22088
အောင်ဆန်းကွင်း Showroom Ph: 01 393061, 01 374373, 09 734 22888
မန္တလေး Showroom Ph: 02 33414, 02 33513, 094711 3266

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဆီးချိုသွေးချိုရောဂါသတိပြုစရာ

လူတို့၏ နေ့စဉ်ဘဝနေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ ဆီးချိုသွေးချိုရောဂါသည်လည်း ကမ္ဘာ့လူသားတို့ အသက်ဘေးအန္တရာယ်ကို ပိုမိုခြိမ်းခြောက်လာလျက်ရှိပါသည်။ ဆီးချိုသွေးချိုရောဂါသည် မကူးစက်တတ်သောရောဂါဖြစ်သော်လည်း နာတာရှည်ရောဂါအဖြစ်ခံစားရပြီး အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

ဆီးချိုသွေးချိုရောဂါသည် ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၃၅၀ ကျော်ကို ဒုက္ခပေးလျက်ရှိပါသည်။ အများစုမှာ ယင်းရောဂါနှင့် ဆက်စပ်သည့် အကျိုးဆက်များကိုခံစားရပြီး အရွယ်မတိုင်မီ သေဆုံးကြရသည်။ နှလုံးသွေးကြောရောဂါသည် ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေသည့် ရောဂါများထဲမှ တစ်ခုဖြစ်ပါသည်။ နှလုံးသွေးကြောခံစားနေရသူများအဖို့ ဆီးချိုသွေးချိုရောဂါပါ ထပ်မံဖြစ်ပွားလျှင် အသက်အန္တရာယ်ကို ပို၍ခြိမ်းခြောက်နိုင်ပါသည်။

မကူးစက်တတ်သောရောဂါများသည် ၂၁ ရာစုကာလတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများဖြစ်လာသည့်အပြင် ဆီးချိုသွေးချိုရောဂါမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များလာလျက်ရှိရာ အစိုးရအဖွဲ့အစည်းများသည် ဆီးချိုသွေးချိုကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးမူဝါဒများ ချမှတ်ဖော်ဆောင်သွားရန် ကမ္ဘာ့ဆီးချိုသွေးချိုနေ့ဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။ အဝလွန်ရောဂါနှင့် ဆီးချိုသွေးချိုရောဂါကို ၂၀၂၅ ခုနှစ်တွင် ရပ်တန့်သွားနိုင်ရန် ကုလသမဂ္ဂကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဆီးချိုသွေးချိုရောဂါ ကုသခြင်းထက် ကာကွယ်ခြင်းကို ပို၍အားထားဆောင်ရွက်သွားရန် ပညာရှင်များကတိုက်တွန်းထားပါသည်။ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု နေ့စဉ်ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအသောက်များကို သတိပြုစားသုံးခြင်း၊ သွေးပေါင်ချိန်သည့်အလေ့အထကို မကြာခဏပြုလုပ်ခြင်းတို့သည် ဆီးချိုသွေးချိုရောဂါကို ထိရောက်သော ကာကွယ်မှုပင်ဖြစ်ပါသည်။

ဆီးချိုသွေးချို ကာကွယ်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပိုမိုပြုလုပ်သင့်ပါသည်။ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားရန်အနီးစပ်ဆုံးမှာ အစားအသောက်များပင် ဖြစ်ပါသည်။ အဆီအအိမ့်၊ အငန်နှင့် အချိုလွန်ကဲသော အစားအသောက်များ၊ အဖျော်ယမကာနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် ဆီးချိုသွေးချိုဖြစ်ရန် အားပေးလျက်ရှိပါသည်။ ရောဂါမဖြစ်ပွားရန် အစားအသောက်များကို ဆင်ခြင်ရန်လိုအပ်သကဲ့သို့ အဝလွန်မှုကို ထိန်းသိမ်းနိုင်ရန်လည်း လိုအပ်ပါသည်။ သို့ပါ၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် ဆီးချိုသွေးချိုရောဂါသည် မကူးစက်သော ရောဂါဖြစ်သော်လည်း ရောဂါမဖြစ်ပွားအောင် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အစားအသောက်များ သတိပြုစားသုံးခြင်းတို့ကို အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုးနိုးကြားကြား ပါဝင်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဝန်ကြီးဦးမြင့်သန်းနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အနီးရှိ ရွှေလုံ့ဗိုလ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းနယ်မြေအတွင်း စီမံကိန်းလုပ်ငန်းများအား ရေရှည် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲစွာ အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ ရည်ရွယ်ချက်နှင့်မြစ်ရေတင်လုပ်ငန်းများကို စီမံကိန်းနယ်မြေအတွင်း မူလစီမံကိန်းလျာထားချက်အတိုင်း အကျိုးအရှိဆုံး၊ အမြင့်မားဆုံး၊ အထိရောက်ဆုံး ရာခိုင်နှုန်းအပြည့် အသုံးချနိုင်ရေး ရည်ရွယ်ချက်များဖြင့် ကွင်းဆင်းစစ်ဆေးသည်။

စီမံကိန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး မြောက်မြားစွာ ကျခံသုံးစွဲပြီး ဒေသနေပြည်သူလူထု၏ အကျိုးတွက် အဓိကအကောင်အထည် ဖော်ပေးနေသော ၌ရွှေလုံ့ဗိုလ် မြစ်ရေတင် စီမံကိန်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စီမံကိန်းလုပ်ငန်းများကို ၁၀၀ ရာခိုင်နှုန်းအထိရောက်ဆုံး အကျိုးအရှိဆုံး၊ အမြင့်မားဆုံး အသုံးချနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသအာဏာပိုင်အဖွဲ့ အစည်းများမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ လက်တွေ့အကျိုး ခံစားနေရသည့် ကျေးလက်နေပြည်သူ တို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိရှိခံယူကြပြီး မိမိတို့ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၏ အကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုးနိုးကြားကြားဖြင့် ကြိုး ကြိုးစားစား ပိုမိုပါဝင်ပူးပေါင်းဆောင် ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေလုံ့ဗိုလ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း၏ ရေများပို့လွှတ်နေသော ရေတင်အဆောက်အအုံ ရေတင်စက်များမှ ရေတင်၍ သိုလှောင်ကန်မှတစ်ဆင့် ရေများ တသွင်သွင်ဖြင့် စိုက်ပျိုးရေးပေးဝေပို့လွှတ်နေမှုများနှင့် ရေပေးမြောင်း တစ်လျှောက်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် စီမံကိန်း၏ အဆင့် (၂) ဖြစ်သည့် ထီးတော်မိုး မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရေယူအဆောက်အအုံများ၊ ရေသိုလှောင်အဆောက်အအုံများကိုလည်းကောင်း၊ စီမံကိန်း၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား ၁၁ ကေဗွီဓာတ်အားလိုင်း ထရန်စဖော်မာ အဆောက်အအုံများကိုလည်းကောင်း စစ်ဆေးကြည့်ရှုသည်။

၎င်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မူးမြစ်မှ ရေကိုရယူ၍ ပျော့ရွာမြစ်ရေတင် စီမံကိန်းဖြင့် စိုက်ပျိုးထားရှိသော ရင့်မှည့်အောင်မြင် ဖြစ်ထွန်းနေသည့် စပါးခင်းကြီးများ၊ သီးနှံ့အလိုက် စိုက်ကွင်းကြီးများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စဉ့်ကူးတွင် လယ်ယာမြေ မြေလွတ် မြေလပ် မြေရိုင်း ဥပဒေ၊ နည်းဥပဒေများနှင့် မူလမြေယာမှုခင်း ဖွင့်လှစ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ရှင်းလင်း



**စဉ့်ကူး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စဉ့်ကူးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေ မြေလွတ်မြေလပ် မြေရိုင်း ဥပဒေနည်းဥပဒေများနှင့် မူလမြေယာမှုခင်း ဖွင့်လှစ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးအောင်ဆွေဦးက လယ်သမားများမှ ပုံစံ(၇) လယ်ယာမြေလုပ်ကိုင်ခွင့် ရရှိသည့်အပေါ် လိုက်နာရမည့် စည်းကမ်းချက်များ မြေယာဥပဒေ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းချက်များ ဖောက်ဖျက်ကျူးလွန်ပါက ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များ လယ်ယာမြေကို ခွင့်ပြုချက်မရဘဲ အခြားနည်း အသုံးပြုသည့်ကိစ္စရပ်များ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက မူလမြေယာမှုခင်းများ ဖွင့်လှစ်စစ်ဆေးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များစသည့် လယ်ယာမြေ မြေလွတ်မြေလပ် မြေရိုင်းဥပဒေ နည်းဥပဒေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၄၃၃)**

# အမျိုးသားနေ့ကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၁၇**

တိုက်ကြီးမြို့ အထက အနော်ရထာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**




PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း၊
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။

နိုဝင်ဘာလ ( ၂၇ ) ရက်မှ ( ၂၉ ) ရက်နေ့အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၁ ၊ ၆၈၄၃၂၅ ၊ ၆၈၄၃၃၆ ၊ (၀၉) ၄၃၁ ၀၄၂ ၆၇၉ ၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa-mm.com

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကညွတ်ကွင်းဒေသရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ





**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်အစည်းအဝေး ၂၇ ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ စုစုပေါင်းလေ့လာရေးအဖွဲ့ဝင် ၁၈၃ ဦးကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ဖြူးမြို့နယ် ပညာရေးမှူး ဒေါ်အုံးကျင်ခေါင်းဆောင်သည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ❖ ကျော့ဖုံးမှ

နှစ်နိုင်ငံ နယ်စပ်နယ်ဘက်အာဏာပိုင်များရဲ့ (၁၉)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။

**မေး။ ။ ဒီအစည်းအဝေးကျင်းပမှုရဲ့ ရည်ရွယ်ချက်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက်အာဏာပိုင်များရဲ့ ဒေသအဆင့်နဲ့ နိုင်ငံတော်အဆင့်ဆွေးနွေးပွဲတွေ နှစ်နိုင်ငံအကြား အပြန်အလှန် လက်ခံကျင်းပခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေတဲ့အပြင် တစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဆက်ဆံရေးနဲ့ လူနေမှုအဆင့်အတန်းတွေကိုပါ လေ့လာသိရှိခွင့်ရစေပါတယ်။ နှစ်နိုင်ငံအကြား အဓိကကိစ္စရပ်တွေအနေနဲ့ နယ်စပ်ဒေသသောင်းကျန်းသူများကိစ္စ၊ လုံခြုံရေးကိစ္စ၊ နယ်နိမိတ်ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စနဲ့ နှစ်နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စတွေကို နှစ်နိုင်ငံအတွက် ချစ်ကြည်ရင်းနှီးစွာ သတင်း ဖလှယ်ခွင့်ရရှိစေတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။

**မေး။ ။ အစည်းအဝေးမှာ အဓိကထားဆွေးနွေးတဲ့အကြောင်းအရာတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အဓိကဆွေးနွေးတဲ့အကြောင်းအရာတွေကတော့ နှစ်နိုင်ငံအကြား နယ်နိမိတ်ရေးရာကိစ္စ၊ နှစ်နိုင်ငံလုံခြုံရေးကိစ္စ၊ တစ်ကမ္ဘာလုံးအန္တရာယ်ဖြစ်စေမယ့် မူးယစ်ဆေးဝါးကိစ္စ၊ နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စနဲ့ နှစ်နိုင်ငံအကြား နယ်စပ်ဒေသသောင်းကျန်းသူများကိစ္စရပ်တွေပဲဖြစ်ပါတယ်။

**မေး။ ။ ဒီအစည်းအဝေးကနေပြီး ဘယ်လိုရလဒ်ကောင်းတွေ ပေါ်ထွန်းလာနိုင်မလဲလို့ ထင်မြင်မိပါသလဲ။**



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်။

ဖြေ။ ။ မိမိတို့အနေနဲ့ အရင်အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြတဲ့ကိစ္စရပ်တွေကိုအခြေခံပြီး အဓိကထားဆွေးနွေးသွားမှာဖြစ်တဲ့အပြင် နှစ်နိုင်ငံလုံခြုံရေးကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်အမှတ်အသားကျောက်တိုင်များဆိုင်ရာကိစ္စရပ်များ၊ တစ်ကမ္ဘာလုံးအန္တရာယ်ဖြစ်စေတဲ့ မူးယစ်ဆေးဝါးကိစ္စများကို အလေးထားဆွေးနွေးသွားမှာဖြစ်သလို ကျန်ကိစ္စရပ်တွေကိုလည်း အထွေထွေပိုင်းအနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နှစ်ဖက်ကိုယ်စားလှယ်တွေအနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို ရှေးရှုပြီး နှစ်နိုင်ငံနယ်စပ်ဒေသမှာ လုံခြုံအေးချမ်းတည်ငြိမ်မှုနဲ့ နယ်စပ်နေပြည်သူတွေအကျိုးအတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းတွေ ဒီအစည်းအဝေးက ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ ဒီအစည်းအဝေးရဲ့ သဘောတူညီမှုတွေကို နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်တွေအနေနဲ့ ဘယ်အတိုင်းအတာအထိ မျှော်မှန်းထားလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ အထက်ကပြောခဲ့သလို အဓိကကိစ္စရပ်တွေကို နှစ်နိုင်ငံအကျိုးအတွက် နှစ်ဖက်ကိုယ်စားလှယ်ခေါင်းဆောင်တွေ အပြန်အလှန်ဆွေးနွေးကြပြီး သဘောတူညီချက်တွေကိုဆွေးနွေးပွဲအပြီးမှာ လက်မှတ်ရေးထိုးကြမှာဖြစ်ပါတယ်။ နှစ်နိုင်ငံအကျိုးကိုရှေးရှုပြီး ရင်းနှီးပွင့်လင်းစွာ နှစ်နိုင်ငံကိစ္စရပ်များကို အောင်အောင်မြင်မြင်ဆွေးနွေးကြတဲ့အတွက် များစွာကျေနပ်ဝမ်းမြောက်ကြမှာပါ။ လာမယ့်အနာဂတ်မှာ နှစ်နိုင်ငံအနေနဲ့ အပြန်အလှန်နားလည်မှုရှိရှိ ပိုမိုနီးကပ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြမှာဖြစ်သလို နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုကို တိုးတက်မြင့်မားလာစေမှာဖြစ်ကြောင်း မျှော်မှန်းထားပါတယ်ဟု မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောကြားသွားသည်။

**(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်း

**✳ ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စလမ်ဒိုတာ စထရိုဂျူမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လတ်ဗီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒ်ဂါစ် ရင်းကဲဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**(၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေအား လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ (၁၉၄၁ ခုနှစ် အက်ဥပဒေအမှတ် ၁၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# အရေးပေါ်စွမ်းဆောင်မှု ပိုမိုစနစ်ကျလာသော်လည်း လူနာ ၃၀ ရာခိုင်နှုန်းခန့်မှာ အချိန်မီကုသမှုမရရှိနိုင်သေး

**သတင်း – ခင်ရတနာ**

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဘယ်ဘက်ရင်အုံ ဓားဒဏ်ရာကနေ သွေးတွေက ထွက်နေတာ။ ရန်ကုန်ဆေးရုံကြီးကို ရောက်လာပေမယ့် ကျွန်တော့်မှာ အသိတစ်ခုတော့ရှိနေသေးတယ်။ ဆေးရုံရောက်လည်း သေမှာပဲဆိုတဲ့အသိ”ဟု သာကေတမြို့နယ်နေသူ ဦးမြင့်ဦးက စက်တင်ဘာ ၂၃ ရက်တွင် နှလုံးကို ဓားဒဏ်ရာရရှိထားပြီး သေအံ့မူးမူး ဖြစ်ခဲ့သောသူ့အခြေအနေကို ပြန်လည်ပြောပြသည်။

ထိုနေ့က ဦးမြင့်ဦးမှာ ဓားဒဏ်ရာဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

“စနစ်သစ်နဲ့ ပြောင်းလဲကျင့်သုံးနေတဲ့အရေးပေါ်ဌာနမှာ လူနာရဲ့ အသက်ကို အချိန်နဲ့အပြိုင် လုရတယ်။ ဦးမြင့်ဦးရောက်လာတဲ့အခါ သွေးလန့်နေတယ်။ နှလုံးအတိအကျနေရာမှာ ဒဏ်ရာရထားတယ်။ အတွေ့အကြုံအရ နိုင်ငံတကာအဆင့်မီဆေးရုံကြီးတွေမှာတောင် နာရီဝက်အတွင်း အရေးပေါ်ကုသမှုမခံယူရင် သေဆုံးသွားနိုင်တယ်။ သို့သော် ကျွန်တော်တို့ အချိန်မီကုနိုင်ခဲ့တယ်။ ဦးမြင့်ဦး တစ်ယောက်တည်းမဟုတ်ပါဘူး။ အခုနောက်ပိုင်းမှာ ကျွန်တော်တို့ အရေးပေါ်ဌာနက လူနာတွေအတွက် ပိုပြီး အားကိုးရာဖြစ်စေဖို့ ကြိုးပမ်းနေတယ်” ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနနှင့် ထိခိုက်ဒဏ်ရာဌာနပါမောက္ခဌာနမှူး ဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးက ပြောသည်။

ပြည်သူတွေအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုသည် အလွန်အရေးကြီးသည့် အမျိုးသားကျန်းမာရေးတာဝန်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အရေးပေါ်စောင့်ရှောက်မှုပေးရန် လိုအပ်သည့် လူနာ ၁၀၀ တွင် ၃၀ ရာခိုင်နှုန်းခန့်မှာ မသေသင့်ဘဲ သေဆုံးနေရကြောင်း ဒေါက်တာဇော်ဝေစိုးက ဆက်လက်ပြောကြားသည်။

“ဦးမြင့်ဦး ရောက်လာတဲ့အချိန် သွေးပေါင်ချိန်လည်း ကျဆင်းနေပြီး နှလုံးဒဏ်ရာက ထွက်တဲ့သွေးတွေက နှလုံးနဲ့ အမြှေးပါးကြားမှာ ဖိထားလို့ နှလုံးခုန်မှုလည်း ကျဆင်းနေတယ်။ အရေးပေါ်အနေအထားနဲ့ လူနာရဲ့ နှလုံးဒဏ်ရာမှထွက်တဲ့ သွေးတွေကို စုပ်ထုတ်ပစ်တယ်။ လိုအပ်တဲ့ စက်ကိရိယာတွေတပ်ဆင်တယ်။နှလုံးလုပ်ဆောင်ချက်ကူညီပေးတဲ့ ဆေးတွေထိုးတယ်။ အားလုံးက အချိန် ၁၅ မိနစ်အတွင်းမှာ လုပ်ဆောင်ပေးတာ။ ပြီးတော့ နှလုံးခွဲစိတ်ဆရာဝန်ကြီးကို အကြောင်းကြားခေါ်ပြီး ခွဲစိတ်မှုခံယူတဲ့အခါ ဦးမြင့်ဦးရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တယ်။ နိုင်ငံတကာအဆင့်မီဆေးရုံကြီးတွေမှာတောင် အခုလိုအချိန်မီကယ်တင်နိုင်ဖို့ ရာနှုန်းပြည့်လုပ်ဆောင်နိုင်တာ မဟုတ်သေးပါဘူး။ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာကိစ္စရပ်တစ်ခုပါ”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောသည်။

ပုဂ္ဂလိကဆေးရုံဆေးခန်းများပေါ်ပေါက်လာသော်လည်း အရေးပေါ်လူနာများအအတွက် အသက်ကယ်ကျန်းမာရေးကိရိယာများနှင့် အတွေ့အကြုံရှိ ဆရာဝန်ကြီးများစုံလင်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် လူနာများအတွက် အထူးအားထားရသည့်နေရာတစ်ခုဖြစ်ပြီး ယခင်ကထက် ပိုမိုပြည့်စုံသောအရေးပေါ်စောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် ဩစတြေးလျကောလိပ်နှင့် ဩစတြေးလျ ရွိုင်ရယ်ဆာဂျင်ကောလိပ်တို့နှင့် ပူးပေါင်းကာ အဆင့်မြှင့်တင်လျက်ရှိသည်။

“မြန်မာနိုင်ငံမှာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု မဟာသိပ္ပံဘွဲ့ရရှိထားသူ ၁၈ ဦးရှိပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်တို့မှာ စတင်ပြီး တာဝန်ထမ်းဆောင်နေကြပြီ။ လူအင်အားရော၊ စက်ပစ္စည်းပိုင်းမှာပါ အားနည်းနေတာကြောင့် အရေးပေါ်ကုသမှုက တစ်နိုင်ငံလုံးလွှမ်းခြုံဖို့ မဖြစ်နိုင်သေးပေမယ့် ၂၀၁၂ ခုနှစ်ကတည်းက စီမံကိန်းရေးဆွဲဆောင်ရွက်တာ ဒုတိယအဆင့်ကိုရောက်ရှိနေပါပြီ။ ပထမဆုံး နည်းစနစ်ပိုင်းကို တည်ဆောက်ခဲ့တယ်။ အရေးပေါ်လူနာတွေကို ရောက်တာနဲ့ ဝန်ဆောင်မှုချက်ချင်းပေးတယ်။လူနာရဲ့အခြေအနေပေါ်မူတည်ပြီး ဆုံးရှုံးမှုလုံးဝမဖြစ်ပေါ်အောင် နိုင်ငံတကာစံညွှန်းနဲ့အညီ ကုသမှုပေးနိုင်ခဲ့ပြီ”ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

သို့သော် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရေးကိုမူ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်မှစတင်ကာ အရေးပေါ်ကျန်းမာရေး မဟာသိပ္ပံကို လူဦးရေ ၂၅ ဦးခန့် စတင်သင်ယူစေမည်ဖြစ်ပြီး အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုသူနာပြု ၂၅ ဦးခန့်ကိုလည်း နှစ်စဉ်မွေးထုတ်ပေးမည်ဖြစ်ကြောင်း၊ အရေးပေါ်ဘာသာရပ်ကို စိတ်ဝင်စားသည့် အထူးကု ဆရာဝန်ကြီးများကို မဟာဘွဲ့ထပ်မံတက်ရောက်နိုင်ရေးအတွက် စီစဉ်ပေးနေပြီး အတွေ့အကြုံရင့်ကျက်သည့် အထူးကုများကြောင့်လည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာနိုင်ကြောင်း ရန်ကုန်ဆေးတက္ကသိုလ်-၂ ၏ ခေတ္တပါမောက္ခချုပ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနနှင့် ထိခိုက်ဒဏ်ရာဌာန ပါမောက္ခ၊ ဌာနမှူးဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးက ပြောသည်။

“မြန်မာနိုင်ငံမှာ အရေးပေါ်လူနာသေဆုံးမှုအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းက နှလုံးခုန်ရပ်ပြီး အချိန်မီကယ်ဆယ်ကုသမှုမရလို့ သေဆုံးကြရပါတယ်။ ကျွန်တော်တို့ဆီကို ရောက်လာရင်တော့ အတတ်နိုင်ဆုံး ကယ်ဆယ်ကုသဖို့အတွက် အဆင့်မီစက်ကိရိယာတွေ၊ အရေးပေါ်ကုသနည်း

*စာမျက်နှာ ၉ ကော်လံ ၃ သို့*

နိုင်ငံတကာသတင်း

# ဩစတြေးလျနှင့် တရုတ် လွတ်လပ်သောကုန်သွယ်မှုစာချုပ်

**ဘရစ္စဘိန်း နိုဝင်ဘာ ၁၇**



ဩစတြေးလျ ပို့ကုန် တင်ပို့သူများအား ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိ ဈေးကွက်များ ဖွင့်လှစ်ပေးမည်ဟု ကင်ဘာရာက ပြောဆိုချိန်တွင် ဩစတြေးလျနှင့် တရုတ်တို့က လွတ်လပ်သောကုန်သွယ်မှုစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါ စာချုပ်သည် ဩစတြေးလျ နို့စားနွား မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝိုင်ထုတ်လုပ်သူများနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူများသည် နှစ်အနည်းငယ်အတွင်း ကြီးမားသော တရုတ်ဈေးကွက်သို့ ဝင်ရောက်ကာ အခွန်ကင်းလွတ်လုပ်ကိုင်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ထိုအတောအတွင်း တရုတ်နိုင်ငံက ဩစတြေးလျနိုင်ငံတစ်ဝန်းရှိ၏ ရင်းနှီးမြှုပ်နှံရေး စီမံကိန်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန်မျှော်လင့်ထားသည်။

သို့သော်လည်း ယင်းစာချုပ်သည် ဩစတြေးလျနိုင်ငံအတွက် အကျပ်အတည်း ဆိုက်လာနိုင်သည်ဟု ဝေဖန်ခံရလျက်ရှိသည်။

ဩစတြေးလျနိုင်ငံရောက် တရုတ်သမ္မတရှီကျင့်ဖျင် ဘရစ္စဘိန်းမြို့၌ ကျင်းပသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၌ တက်ရောက်ခဲ့ပြီးနောက် အဆိုပါစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာချုပ်ညှိနှိုင်းဆွေးနွေးမှုများသည် ပြီးစီးသွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ် တိုနီအဘော့တ်က တနင်္လာနေ့တွင် ကြေညာလိုက်သည်။

ယခုနှစ်အတွင်း ကင်ဘာရာက တောင်ကိုရီးယား၊ ဂျပန်တို့နှင့် လွတ်လပ်သောကုန်သွယ်ရေးစာချုပ် ချုပ်ဆိုပြီးနောက် တတိယနိုင်ငံအဖြစ် တရုတ်နှင့်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# ပါကစ္စတန်က တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်း အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**ရာဝေမန်ဒီ နိုဝင်ဘာ ၁၇**

ပါကစ္စတန်သည် နျူကလီးယားနှင့် သမားရိုးကျထိပ်ဖူးများ သယ်ဆောင်လျက် အကွာအဝေး ကီလိုမီတာ ၉၀၀ အထိ ရောက်ရှိနိုင်သော တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို တနင်္လာနေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု တပ်မတော်က ပြောကြားသည်။

စစ်လက်နက်စနစ်၏ ဒီဇိုင်းပုံစံအမျိုးမျိုးကို အဆင့်မြှင့်တင်ရန် ရည်ရွယ်လျက် Shaheen-1A (Harf IV) တာလတ်ပစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်ဟု တပ်မတော်၏ကြေညာချက်တွင် ဖော်ပြသည်။

ပစ်မှတ်ထိမှန်နိုင်စွမ်းမြင့်မားသည့် ယင်းပြည်တွင်းဖြစ် ပဲ့ထိန်းဒုံးကျည်စနစ်သည် ပစ်မှတ်ထိမှန်နိုင်စွမ်း အမြင့်မားဆုံး ဒုံးကျည်စနစ်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

တနင်္လာနေ့က ဒုံးကျည်စမ်းသပ်မှုမှာ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးကျည်ကို တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်ဟု သိရသည်။ ပါကစ္စတန်သည် နျူကလီးယားနှင့် သမားရိုးကျထိပ်ဖူးများတင်ဆောင်လျက် အကွာအဝေး ကီလိုမီတာ ၁၅၀၀ အထိ ရောက်ရှိနိုင်သော ပဲ့ထိန်းဒုံးကျည်တစ်စင်းကို နိုဝင်ဘာ ၁၃ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်။

သမ္မတ မမ်နွန်ဟူစိန်နှင့် ဝန်ကြီးချုပ် နာဝပ်ရှာရစ်ဖ်တို့က ဒုံးကျည်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်မှုကို ကြိုဆိုပြီး စမ်းသပ်ပစ်လွှတ်ရာတွင် ပါဝင်သည့် တပ်ဖွဲ့ဝင်များ၊ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ၏ ပြောင်မြောက်သောစွမ်းဆောင်ရည်ကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘာကီနာဖာဆို နိုင်ငံခြားရေးဝန်ကြီးဟောင်းအား ကြားဖြတ်သမ္မတရွေး

**ဘာကီနာဖာဆို နိုဝင်ဘာ ၁၇**

ဘာကီနာဖာဆိုရှိ နိုင်ငံရေးနှင့် စစ်ဘက်ခေါင်းဆောင်များက နိုင်ငံခြားရေး ဝန်ကြီးဟောင်း မိုက်ကယ်ကာဖန်ဒိုအား ကြားဖြတ်သမ္မတအဖြစ် ရွေးချယ်လိုက်သည်။

အသွင်ကူးပြောင်းရေး ကာလ တစ်နှစ်တာအတွင်း လမ်းပြမြေပုံများရေးဆွဲပြီး တနင်္ဂနွေနေ့က စာချုပ် လက်မှတ်ရေးထိုးအပြီး အဆိုပါ ကြားဖြတ်သမ္မတ ရွေးချယ်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။



ကြားဖြတ်သမ္မတကို ပြည်သူများက ဝမ်းပန်းတသာကြိုဆိုနေကြစဉ်။

မစ္စတာ ကာဖန်ဒိုသည် သမ္မတလောင်းရာထူးနေရာ လျှောက်ထားသူလေးဦးအနက် တစ်ဦးဖြစ်သည်။ သတင်းစာဆရာနှစ်ဦးနှင့် တက္ကသိုလ်ဆရာတစ်ဦးလည်း အဆိုပါ သမ္မတ ရာထူးလျှောက်ထားရာတွင် ပါဝင်သည်။

ဘာကီနာဖာဆို တပ်မတော်က သမ္မတ ဘလိုင်ဆေးကွန်ပေါ်ရေးအား အကြီးအကျယ် ဆန္ဒပြမှုဖြစ်စဉ်အတွင်း အောက်တိုဘာ ၃၁ ရက်က အတင်းအကျပ် ရာထူးမှဆင်းခိုင်းခဲ့ပြီး အာဏာရယူခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး အီဆာဇီဒါက သူ့ကိုယ်သူ အဆိုပါ အနောက်အာဖရိကနိုင်ငံ၏ အကြီးအကဲအဖြစ် ကြေညာခဲ့သည်။ ၄င်းအနေဖြင့် အရပ်သားအစိုးရအား အာဏာလွှဲပြောင်းပေးရန် ကတိပြုပြောဆိုခဲ့သည်။

အသက် ၇၂ နှစ်အရွယ် မစ္စတာကာဖန်ဒိုအား ဘာသာရေး၊ စစ်ဘက်၊ နိုင်ငံရေးနှင့် အရပ်ဘက်ခေါင်းဆောင်များက ရွေးချယ်ခဲ့သည်။ ၄င်း၏ ပထမဆုံးအလုပ်သည် အစိုးရအဖွဲ့ဝင် ၂၅ ဦးအား ဦးဆောင်မည့် ဝန်ကြီးချုပ်တစ်ဦးကို ရွေးချယ်ရဖွယ်ရှိသည်။ ၄င်းသည် နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်ပြီး ကုလသမဂ္ဂဆိုင်ရာ ဘာကီနာဖာဆို သံအမတ်ကြီးလည်း လုပ်ခဲ့သူဖြစ်သည်။ **(ဘီဘီစီ)**

# စားသောက်ကုန်ထုပ်ပိုးသည့်စက်ရုံ မီးလောင်မှု ၁၈ ဦးသေဆုံး

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် စားသောက်ကုန်ထုပ်ပိုးသည့် စက်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၈ ဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောခဲ့သည်။

တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်သည့်နေရာများအနက် တစ်ခုဖြစ်သည့် ရှိုကွမ်းမြို့ရှိ လုံယွမ်စားသောက်ကုန် ကုမ္ပဏီပိုင် မှန်လာဥထုပ်ပိုးသည့် အလုပ်ရုံ၌ တနင်္ဂနွေနေ့ ည ၇ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ရာ ၉ နာရီခွဲခန့်တွင် မီးညွှန့်ကျိုးသွားခဲ့သည်။

၁၃ ဦး ဒဏ်ရာရရှိခဲ့ရာ နှစ်ဦးမှာ ဒဏ်ရာများပြင်းထန်ပြီး တစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ဆရာဝန်က ပြောခဲ့သည်။

အစောပိုင်း စုံစမ်းစစ်ဆေးမှုများအရ အလုပ်သမား ၁၄၀ ခန့်သည် အဆိုပါစက်ရုံအတွင်း အလုပ်လုပ်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တနင်္လာနေ့ နံနက် ၉ နာရီခန့်တွင် အဆုံးသတ်နိုင်ခဲ့သည်။

၁၉၉၈ ခုနှစ်က တည်ထောင်ခဲ့သော အဆိုပါကုမ္ပဏီသည် ပို့ကုန်လုပ်ငန်းကို အလေးပေးဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး ပျမ်းမျှအားဖြင့် တန်ချိန် ၅၀၀၀၀ ထုတ်လုပ်နိုင်သည်။ **(ဆင်ဟွာ)**

# ဗိုလ်ချုပ်တစ်ဦး ပြန်ပေးဆွဲခံရပြီးနောက် ကိုလံဘီယာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်ဆိုင်းထား

**ဘိုဂိုတာ နိုဝင်ဘာ ၁၇**

နှစ် ၅၀ ကြာမျှ ကြာမြင့်ခဲ့သော ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် ဖတ်သူပုန်များနှင့် ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရပ်ဆိုင်းထားကြောင်း သမ္မတ ဂျူအန်မန်နျူယယ်ဆန်တို့စ်က ကြေညာလိုက်သည်။ အဆိုပါဆွေးနွေးပွဲ ရပ်ဆိုင်းသွားရခြင်းမှာ ဖတ်သူပုန်များက ကြည်းတပ်ဗိုလ်ချုပ်တစ်ဦးအား ပြန်ပေးဆွဲခဲ့ခြင်းကြောင့် ဖြစ်သည်။

ပစိဖိတ်ဒေသတပ်ဖွဲ့၏ခေါင်းဆောင် ဗိုလ်ချုပ် ရာဘင်ဒါရိုအယ်လ်ဇိတ်အား သူပုန်များက တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် အခြားအရာရှိတစ်ဦး၊ အရပ်သားတစ်ဦးတို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

“မနက်ဖြန်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးသမားတွေ ဟာဗားနားကို သွားကြမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီဓားစာခံတွေ ပြန်မလွှတ်မချင်း မသွားရောက်ဖို့ ကျွန်တော်အနေနဲ့ တားထားမှာဖြစ်ပြီး ဆွေးနွေးပွဲကိုလည်း ဆိုင်းငံ့ထားမှာပါ” ဟု သမ္မတ ဆန်တို့စ်က ပြောကြားသည်။

၄င်းဗိုလ်ချုပ် ရေယာဉ်မှဆင်းသည့်အချိန်တွင် သူပုန်များက ဖမ်းဆီးခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ယွန်ကားလို့စ်ပင်ဇွန်က ပြောကြားသည်။

ရေယာဉ်ပေါ်တွင်ပါသွားသော အစိုးရအရာရှိတစ်ဦးနှင့် ရှေ့နေတစ်ဦးမှာလည်း အဖမ်းခံခဲ့ရကြောင်း ၄င်းဖြစ်ရပ်မှပြန်လည်လွတ်မြောက်လာသူ စစ်သည်တစ်ဦးက တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှုစတင်

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၇**

အီရတ်နိုင်ငံ အနောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှု စတင်နေပြီဖြစ်ကြောင်း အမေရိကန်ထိပ်တန်းအရာရှိ ဗိုလ်ချုပ်ကြီး ဒမ့်ပ်ဆေးက ပြောခဲ့သည်။

ဒမ့်ပ်ဆေးသည် အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ အကြီးအကဲဖြစ်သည်။ အမေရိကန်စစ်ဘက်အကြံပေး အရာရှိများသည် ယခုအခါ အီရတ်နိုင်ငံ အန်ဘာပြည်နယ် Ain al-Asad လေတပ်စခန်းတွင် ရောက်ရှိနေပြီး သင်တန်းပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေကြောင်း ၄င်းက ဆိုသည်။

အန်ဘာပြည်နယ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏တာဝန်သည် အီရတ်ရှိ အိုင်အက်စ်တို့ကို တိုက်ခိုက်ရန်ဖြစ်သည့် အမေရိကန်မစ်ရှင်ကို ထိထိရောက်ရောက် လုပ်ဆောင်ရန် ဖြစ်သည်။ အဆိုပါမစ်ရှင်ကို ကြေညာခြင်းမရှိဘဲလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။



ဒမ့်ပ်ဆေးသည် အိုင်အက်စ်တို့ကို နှိမ်နင်းနေသည့် အီရတ်နှင့် ကာ့ဒ်တပ်ဖွဲ့ဝင်များကို ကူညီထောက်ပံ့မှုပေးနေသည့် အမေရိကန်တပ်မှူးများကို တွေ့ဆုံရန်အတွက် ကြေညာခဲ့ခြင်းမရှိဘဲ စနေနေ့က ဘဂ္ဂဒက်သို့ ရောက်ရှိခဲ့သည်။ ၄င်းသည် အမေရိကန်တို့က အိုင်အက်စ်တိုက်ခိုက်ရေး စစ်ဆင်ရေးပြုလုပ်နေသည့် အီရတ်သို့ တပ်ဖွဲ့ဝင်များစွာ ထပ်မံစေလွှတ်ရန် စဉ်းစားနေကြောင်း လွှတ်တော်တွင် ပြောကြားပြီး ရက်ပိုင်းအတွင်း၌ပင် ယခုလို ရောက်ရှိခဲ့ခြင်းဖြစ်သည်။

သမ္မတအိုဘားမားက အီရတ်သို့ တပ်ဖွဲ့ဝင် ၁၅၀၀ ကျော် စေလွှတ်ရန် ပြီးခဲ့သည့် ရက်သတ္တပတ်က ခွင့်ပြုပေးခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ပြီး အုပ်စုဖွဲ့ ကျူးလွန်သည့် လူဆိုးဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ခရိုင်များအတွင်း မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုများ ဖော်ထုတ်ဖမ်းဆီးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း၌ အုပ်စုဖွဲ့ကျူးလွန်ခြင်း၊ ဗိုလ်ကျအနိုင်ကျင့်ခြင်း၊ မူးယစ်ဆေးဝါးရောင်း/ဝယ်ခြင်းများကို နှင်းဆီ(ခ) မျိုးလွင်အောင်ခေါင်းဆောင်သည့် အဖွဲ့က ကျူးလွန်နေကြောင်း စုံစမ်းရရှိခဲ့သည်။

အဆိုပါသတင်းအရ နိုဝင်ဘာ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ယင်းသို့ကျူးလွန်သူများ နေထိုင်သည့် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းရပ်ကွက် မူကြိုလမ်းဆုံအိမ်ရာ တိုက်(၄)အခန်း ၀၀၂ သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

အဆိုပါနေအိမ်၌ နေထိုင်သူ နှင်းဆီ(ခ)မျိုးလွင်အောင် (၃၅ နှစ်) နှင့်ဇနီး မမြအေး(ခ)မအေးစိုး(ခ) မအေးလေး(၃၆နှစ်)၊ လှိုင်သာယာမြို့နယ် အလယ်ကျေးရွာနေဖိုးတုတ်(၃၈နှစ်)၊ (၇)ရပ်ကွက်နေ ဖိုးဇော်(ခ) သန်းဇော်ဦး (၂၀ နှစ်)၊ (၁၄) ရပ်ကွက်နေ နေလင်းဦး(၂၀ နှစ်)နှင့် ရဲကျော်သူ (၁၆ နှစ်)၊ (၁၉)ရပ်ကွက်နေ ရှိုင်းလေး(ခ)ရှိုင်းမင်းဦး၊ (၃)ရပ်ကွက်နေ ဘိုဘို(ခ)သူရစိုး (၂၆ နှစ်) ရှစ်ဦးတို့ကို ရှာဖွေဖမ်းဆီးစဉ် အသာတကြည် အဖမ်းမခံဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ခုခံခဲ့သည်။



ဖမ်းဆီးရေးအဖွဲ့မှ ၄င်းတို့ရှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ဓားတို/ဓားရှည် ၃၄ ချောင်း၊ ဟွန်ဒါ ဟိုင်းဘတ် မော်တော်ယာဉ်တစ်စီး၊ ၄င်းမော်တော်ယာဉ်အတွင်းမှ ဓားမြှောင်သုံးချောင်း၊ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီးတို့နှင့် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် အလေးချိန် ၂ ဒသမ ၈၅ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့သည်။ ၄င်းတို့ရှစ်ဦးကို လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ကာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်ပတ်သက်နေသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မကွေးမြို့နယ်အတွင်း ဆီခြံမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

**မကွေး နိုဝင်ဘာ ၁၇**

မကွေးမြို့ ကန်ပြားကျေးရွာအနီး နတ်မောက်-ရေနံချောင်း ကားလမ်းဘေးရှိ အောင်ရတနာ ဆီအရောင်းခြံမှ နိုဝင်ဘာ ၁၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် အောင်ရတနာ စက်ဆီအရောင်းဆိုင်မှ စတင်လောင်ကျွမ်းခဲ့ပြီး ယင်းဆိုင်၏ အရှေ့ဘက်တွင် ကပ်လျက်ရှိသော(ရှမ်း)စော်ဘွားကြီး ဆီခြံသို့ ကူးစက်လောင်ကျွမ်းကာ ဆီပီပါ အလုံး ၁၂၀ ကျော်နှင့် သိုလှောင်ရုံလေးရုံ ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

ထိုကဲ့သို့ မီးလောင်မှုဖြစ်ပွားစဉ် အချိန်တွင် ယင်းဆီခြံပိုင်ရှင်များမရှိဘဲ ဆီခြံလုပ်သားများသာရှိနေကြောင်း၊ မီးစတင်လောင်ကျွမ်းချိန်မှာ မွန်းလွဲ ၁၂ နာရီခွဲမှ စတင်လောင်ကျွမ်းပြီး ၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

ယင်းလောင်ကျွမ်းမှုကြောင့် ဆီပီပါများပေါက်ထွက်သော်လည်း မီးသတ်ကားများ အချိန်မီရောက်ရှိငြိမ်းသတ်ခဲ့ခြင်းကြောင့် အခြားလူနေအိမ်များအား ကူးစက်လောင်ကျွမ်းခြင်းမရှိခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များမှ ဆီပီပါများအနီးထိ ဝင်ရောက်ငြိမ်းသတ်ခြင်းကြောင့် အမြန်ဆုံး မီးငြိမ်းသွားကြောင်း မြင်တွေ့ရသူတစ်ဦးက ပြောကြားခဲ့သည်။



အဆိုပါ လောင်ကျွမ်းမှုဖြစ်ပွားရာသို့ မကွေး၊ မင်းဘူး(စကု)၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်မြို့နယ်များမှ မီးသတ်ကားများနှင့် ရေဘောက်ဆာကားများ စုစုပေါင်းယာဉ် ၂၀ ခန့်နှင့်မကွေးလေတပ်မှ ရေဘောက်ဆာနှင့်ရဲဘော်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ယာဉ်ထိန်းနှင့် ဒေသခံပြည်သူများမှ လာရောက်ဝိုင်းဝန်းကူညီ၍ ငြိမ်းသတ်ကြကြောင်း ထိုမီးလောင်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။ **ဇွဲသူရိန်(မကွေး)**

SAMPAR OO
soft drink




စမ္ပာဦး စက်မှုကုန်ထုတ် ကုမ္ပဏီ မှ စမ္ပာဦး အချိုရည်များကို FDA ထောက်ခံချက်
အမှတ် ၈၄/၁၄၀၈၈/ထလ နှင့်အညီ 230 ml, 330 ml
ဗူးဆိုဒ် နှစ်မျိုးဖြင့် လိမ္မော်၊ လိုင်ချီး၊ ပန်းသီး၊ အားဖြည့်အချိုရည် အရသာ
လေးမျိုးအား ထုတ်လုပ် ဖြန့်ချီလျက်ရှိပါသည်။
ရန်ကုန်မြို့ အပါအဝင် အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ယူလို
သူများအတွက် အထူးဈေးနှုန်းများဖြင့် စီစဉ်ထားရှိပါသဖြင့် အသေးစိတ်သိရှိ
လိုပါကအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
Ph: 09- 5080512, 09- 5504808, 01- 618290, 01- 618291
အမှတ် ၁၁၃၊ ဘုရင့်နောင်လမ်းမကြီးနှင့်ကနောင်မင်းသားကြီးလမ်းထောင့်၊ ရွှေပြည်သာ စက်မှုဇုန် (၄)၊ ရန်ကုန် ။



# ဘုရားတန်ဆောင်းအတွင်း အိပ်နေသူနှစ်ဦးအား ၁၀ ဘီးတွဲယာဉ်ဝင်ရောက်တိုက်မိ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ရန်ကုန် နိုဝင်ဘာ ၁၇**

အရှိန်ပြင်းစွာမောင်းနှင်လာသည့် ၁၀ ဘီးယာဉ်တစ်စီးက အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ရွှေစိန်အေးဘုရားအုတ်နံရံနှင့် တန်ဆောင်းအတွင်း အိပ်နေသူနှစ်ဦးကို တိုက်မိရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည့်ဖြစ်စဉ်တစ်ခု နိုဝင်ဘာလ ၁၆ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဘုရင့်နောင်လမ်းမကြီးအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း လှိုင်ထွန်း (၃၀ နှစ်)မှ တွံတေးမြို့ တာကြီးပိုင်နေသူ မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်သည် အရှိန်လွန်ကာ ရွှေစိန်အေးဘုရားဝင်းအုတ်နံရံကို ဝင်ရောက်တိုက်မိပြီး ဘုရားဝင်းအတွင်းရှိ တန်ဆောင်းကို ဆက်လက်တိုက်မိရာ တန်ဆောင်းအတွင်း အိပ်နေသူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ တစ်ဦးသေဆုံးခဲ့သည်။

သေဆုံးသူမှာ ကိုဝင်းကျော်(၃၆ နှစ်) ပန်းခြံစုကမ်းနားအလယ်ရပ်ကွက် အင်းစိန်မြို့နယ်နေသူဖြစ်ပြီး ကိုမျိုးဇော်(၂၉ နှစ်)အမှတ်(၁၁၃)ဘုန်းကြီးကျောင်းလမ်း ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေသူ၏ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိပြီး အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း လှိုင်ထွန်းကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ **မြင့်ဦး-အင်းစိန်**



# ဆိုင်ကယ်စီးနင်းပြီး ဘဏ်မှ ငွေထုတ်သူများနှင့် စက်ဘီးစီးလာသည့် သူများထံမှ ငွေများလုယူသူများကို ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း ဆိုင်ကယ်စီးနင်းပြီး ဘဏ်မှ ငွေထုတ်သူများနှင့် စက်ဘီးဖြင့်လာသူများထံမှ ငွေများ လုယူမှုများ မကြာခဏ ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အစီအမံဖြင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် အသွင်ယူစောင့်ကြည့်၍ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ၄၅ မိနစ်က မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်မှ ငွေကျပ်ရှစ်သိန်းထုတ်ယူပြီး ဆိုင်ကယ်လက်ကိုင်၌ချိတ်ဆွဲ၍ သုနန္ဒာပတ်လမ်းအတိုင်းစီးနင်းလာသော အမျိုးသားတစ်ဦးကို လော့ဂျားဆိုင်ကယ်ဖြင့် နောက်မှလိုက်လာသူနှစ်ဦးက ဆိုင်ကယ်တွင်ချိတ်ဆွဲထားသော ငွေထုပ်ကို လုယူထွက်ပြေးသွားခဲ့သည်။

ထိုသို့လုယူထွက်ပြေးသွားသဖြင့် အော်ဟစ်အကူအညီတောင်းခံခဲ့ရာ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးသဖြင့် ကိုရဲ(ခ) ရဲဝင်းကျော်(၂၅နှစ်) ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်နေသူကို ငွေထုပ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အညာသားဆိုသူမှာ ထွက်ပြေးသွားခဲ့သည်။

ဖမ်းဆီးရမိသူ ကိုရဲ (ခ) ရဲဝင်းကျော်ကို အခြားအမှုများကျူးလွန်မှုရှိ/မရှိ ဖော်ထုတ်စစ်ဆေးခဲ့ရာ ၄င်းနှင့်အတူ ခုနစ်ဦးပါဝင်သည့်အဖွဲ့သည် ၂၀၁၄ ခုနှစ်အတွင်း ဆိုင်ကယ်ဖြင့်လုယူခဲ့သည့်အမှုကိုးမှုကို ကျူးလွန်ထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အတူပါဝင်သူများအား စုံစမ်းရမိရေးဆောင်ရွက်ခဲ့ရာ အောင်ကိုမင်း(၁၈နှစ်) ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်နေသူအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှုများတွင်ပါဝင်ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၄င်းတို့ရှစ်ဦးကို လှိုင်သာယာမြို့မရဲစခန်းတွင် အမှုများ အသီးသီးရေးဖွင့်ကာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်ပတ်သက်နေသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ

ဝေယံ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ရပ်က ပါဝင်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရေတိုရေရှည် စီမံကိန်းများဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ တိုးတက်လာသော ဓာတ်အားသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားမရောက်ရှိသေးသော ဒေသများတွင် ဓာတ်အားရရှိရေးအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေး စက်ရုံကြီးများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ယင်းကဲ့သို့ တိုးချဲ့တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိရာတွင် ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိအောင် ဆောင်ရွက်နေမှုများကို ဖော်ပြလိုပါသည်။

ကယားပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မတ်လအထိ မီးသုံးစွဲသူဦးရေ စုစုပေါင်း ၈၆၅၈ ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ၂၂၈၇၆ ဦးအထိ တိုးတက် သုံးစွဲလာခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မတ်လအထိ မြို့ပေါင်း ရှစ်မြို့ရှိသည့်အနက် ငါးမြို့မှာ ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီး ကျန်သုံးမြို့မှာအခြားနည်းလမ်းများဖြင့် မီးလင်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျန်သုံးမြို့အနက်မှ ရွာသစ်မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ရွာသစ်တွင် ၃၃/၁၁ ကေဗွီ ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှားတောမြို့နှင့် မယ်စဲ့မြို့တို့မှာလည်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနိုင်တော့မည် ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၅၁၁ ရွာရှိသည့်အနက် လျှပ်စစ်မီးရရှိပြီး ရွာပေါင်း ၇၀ ရှိခဲ့ရာ ဓာတ်အားစနစ်မှာ ၃၇ ရွာ၊ အခြားနည်းလမ်းများဖြင့် ၃၃ ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၁၃ ဒသမ ၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိခဲ့ပါသည်။ လက်ရှိ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် လျှပ်စစ်မီးရရှိပြီး ရွာပေါင်း ၁၇၂ ရွာအထိ တိုးတက်လာပြီး ဓာတ်အားစနစ်မှ ရွာ ၁၄၀၊ အခြားနည်းလမ်းများဖြင့် ၃၂ ရွာ ရာခိုင်နှုန်းအားဖြင့် ၃၃ ဒသမ ၇ ရာခိုင်နှုန်း အထိ တိုးတက်၍ လျှပ်စစ်မီး ရရှိခဲ့ပါသည်။

ကယားပြည်နယ်တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းလျှပ်စစ်မီး တိုးတက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည် ဆောက်ခဲ့ရာတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၆၇ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၉ ဒသမ ၂၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၅၆ ဒသမ ၁၀၇ မိုင်တို့ကို တိုးတက်တည်ဆောက်ခဲ့ရာ ၉ ဒသမ ၅၂ ဘီလီယံ ကျပ်သုံးစွဲခဲ့သည်။

ကယားပြည်နယ်အတွင်းရှိ ကျေးရွာမီးလင်းရေးများကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၄၇ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၉၅ ရွာတို့ကို ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲနိုင်ရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကယားပြည်နယ်တွင် ကျေးရွာ ၄၆ ရာခိုင်နှုန်းသည် ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

မီးစက်များဖြင့် ဓာတ်အားပေးသော ကျေးရွာခုနစ်ရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မီးစက်အသစ်လဲလှယ်ပေးခြင်း၊ ၄၀၀ ဗို့လိုင်းများ တည်ဆောက်ပေးခြင်းတို့အတွက် ကျပ်သန်းပေါင်း ၃၂၈ ဒသမ ၉၈ သန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ကယားပြည်နယ်တစ်ခုလုံး ဖြန့်ကြက်ဓာတ်အားပေးနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် ၁၃၂/၆၆/၁၁ ကေဗွီ (၁၀၀+၅၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံကြီးကို တည်ဆောက်လျက်ရှိပါသည်။ ၎င်းဓာတ်အားခွဲရုံကြီးမှတစ်ဆင့် ရှားတောသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၉ ဒသမ ၇၉ မိုင်၊ ဘော်လခဲသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၂ ဒသမ ၄၇ မိုင်၊ ဘော်လခဲမှ ဖားဆောင်းသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၈ မိုင် တည်ဆောက်သွားမည် ဖြစ်ပါသည်။

၆၆ ကေဗွီဓာတ်အားလိုင်းရောက်ရှိလာမည့် ရှားတော၊ ဘော်လခဲနှင့် ဖားဆောင်းမြို့များတွင် ၆၆/၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့် လွိုင်ကော်၊ ဒီမောဆို၊ ဘော်လခဲ၊ ဖားဆောင်းမြို့များတွင်လည်း ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၁၁ ဒသမ ၃ မိုင်နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅၅၀ ဒသမ ၆၅ မိုင် တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀ ဒသမ ၁၅၃ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂ ဒသမ ၄၇၃ ဘီလီယံတို့ အကုန်အကျခံ သုံးစွဲသွားမည်ဖြစ်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ကယားပြည်နယ်၏ ၆၈ ဒသမ ၅ ရာခိုင်နှုန်းသည် ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်တော့မည် ဖြစ်ပါသည်။ ဓာတ်အားလိုင်းတည်ဆောက်ရန် ခက်ခဲသောနေရာများရှိ ကျေးရွာငယ်များအတွက်လည်း အသေးစားရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးစနစ်တို့ဖြင့် ဓာတ်အားရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် အခြေခံပြီး ကယားပြည်နယ်အတွင်းရှိ မြို့များနှင့် ကျေးရွာများတွင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံတော် အနေဖြင့် ကယားပြည်နယ်နည်းတူ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။



လွိုင်ကော်မြို့တွင် တည်ဆောက်ဆဲ ၁၃၂/၆၆ ကေဗွီဓာတ်အားခွဲရုံ။

# မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာများနှင့် စာသင်ကျောင်းဆောင်များဆောက်လုပ်

ရန်ကုန် နိုဝင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဦးဆောင်သော စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် တည်ဆောက်မှုလုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအုပ်စုတွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ စစ်ဆေးရေးအဖွဲ့သည် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာအုပ်စု အမက ကြာစီအောင်ကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၁၃ ရက်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဒရယ်ဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆)မှ တာဝန်ယူဆောင်ရွက်သည့် ရန်ကုန်-မြိတ်လမ်း (ထားဝယ်- မလွှဲတောင်အပိုင်း) လမ်းတစ်လျှောက် ကတ္တရာလမ်းနှင့် ကျောက်များဆောင်ရွက်ထားရှိမှုနှင့် အနောက်ပယနှင့် မြောက်ပယ ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များကို တာဝန်ယူ တည်ဆောက်သည့် ကုမ္ပဏီများနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ အရည်အသွေးများစစ်ဆေး၍ စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် ကျောင်းဆောင်များကို ပြန်လည်ပြုပြင်စေရန်၊ ပြန်လည်ဖြည့်စွက်လုပ်ငန်းများ လုပ်ဆောင်စေရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ဖျာပုံမြို့တွင် ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းရေး အချက်ပြမီးပွိုင့်များတပ်ဆင်

ဖျာပုံ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ယာဉ်များသွားလာဖြတ်သန်းမောင်းနှင်မှု အရှုပ်ထွေးဆုံးနေရာဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဒုတိယလမ်းဆုံတွင် ဆိုလာပြားဖြင့် မီးနီ၊ မီးစိမ်း၊ မီးဝါ မီးပွိုင့်တပ်ဆင်ပြီးစီးမှုဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းဆုံ၌ ကျင်းပသည်။

အဆိုပါ လမ်းဆုံ၌ မောင်းနှင်ကြသောယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေရန်နှင့် ကျောင်းများရှေ့ ယာဉ်သွားလာမှုလမ်းများ၌ အရှိန်လျှော့မောင်းရန် အချက်ပြမီးပွိုင့်များတပ်ဆင်ပေးထားသည့်အပြင် လမ်းချိုး၊ လမ်းကွေ့အချက်ပြမီးပွိုင့်များကိုလည်း တပ်ဆင်ပေးထားပြီဖြစ်သည်။

ယင်းမီးပွိုင့်များတပ်ဆင်ပေးထားသည့်အတွက် လမ်းဆုံ၊ လမ်းဖြောင့်များတွင် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ယခုကဲ့သို့ မီးပွိုင့်များ တပ်ဆင်ပေးမှုကြောင့် ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးပြီး စိတ်ချမ်းသာကြောင်း၊ ယာဉ်မောင်းသူများ၊ လမ်းဖြတ်ကူးကြသည့် ပြည်သူများက ပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၁၄ ခုနှစ် အဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဌ မြို့တော်ဝန် ဦးလှမြင့်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး (၁၂နှစ်)နှင့် အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ရွှန်းလဲ့ဝေ၊ အမျိုးသား ၁၂ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ရဲမင်းပိုင်၊ အမျိုးသမီး ၁၄နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ရွှန်းလဲ့ဝေ၊ အမျိုးသား ၁၄နှစ်နှင့်အောက် တစ်ဦးချင်း ပြိုင်ပွဲတွင် ရဲမင်းပိုင်၊ အမျိုးသမီး ၁၆ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် စုရတီ၊ အမျိုးသား ၁၆နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်းသုခန့်၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် နီလာဝင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ (Mixed Double) ပြိုင်ပွဲတွင် အောင်ကျော်နိုင်နှင့်နီလာ ဝင်းအတွဲ၊ အမျိုးသား အလွတ် တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ဇော်ဆန်းဦး၊ အမျိုးသား အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ဇော်ဆန်းဦးနှင့် အောင်မျိုးသန့်အတွဲ၊ အမျိုးသား (၆၀နှစ်)နှင့်အထက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ကိုကိုကြီးနှင့်တစ်ဦးအတွဲတို့က ဗိုလ်စွဲကြပြီး ဆုတံဆိပ်များနှင့်ဆုကြေးများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် Max Energy အသင်းက ဗိုလ်စွဲပြီး၊ High See အသင်းက ဒုတိယရရှိကာ၊ My Friend အသင်းနှင့် Naigator အသင်းတို့က ပူးတွဲတတိယရရှိသွားပြီး ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်က ဆုတံဆိပ်များနှင့်ဆုကြေးများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (မြန်မာ့အလင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်** လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးကြရာတွင် **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင်**က တရားစီရင်ရေးမဏ္ဍိုင် အကြီးအကဲအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့မှ အပြန်အလှန်ထိန်းကျောင်းမှုကိုကျင့်သုံး၍ ခန့်အပ်ခြင်းဖြစ်သကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးသည့် အစိုးရစနစ်သည် သမ္မတဦးဆောင်သည့် အစိုးရစနစ်၊ ဒီမိုကရေစီစနစ်ဖြစ်သည့်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊



**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင် ဆွေးနွေးစဉ်။** (သတင်းစဉ်)

တရားသူကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် တရားသူကြီးများကို နိုင်ငံတော်သမ္မတကသာ ခန့်အပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း**က နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်ပေးသင့်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကာလသည် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲဆိုင်ရာ အပြီးသတ်အစီရင်ခံစာတင်သွင်းပြီးသည်အထိ ဖြစ်သည်ဟူ၍ ကော်မရှင်၏ သက်တမ်းကာလကို ပြဋ္ဌာန်းသင့်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကိုသာ တိကျစွာ ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း**က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လိုကြောင်း၊ နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်ဟု ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။



**ကျိုက်မရော မဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ဆွေးနွေးစဉ်။** (သတင်းစဉ်)

**လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက် တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံ သို့မဟုတ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်**က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အချိုးသည် ၂ အချိုး ၁ ဖြစ်သဖြင့် ဥပဒေပြုအာဏာ ချိန်ခွင်လျှာညီမျှစေရန် အမျိုးသားလွှတ်တော်ဖွဲ့စည်းပုံဦးရေကို တိုးချဲ့သင့်ပါကြောင်း၊ တိုင်းရင်းသားအများစုက ပြင်ဆင်ရန် အကြံပြုထားသော ဖက်ဒရယ်နှင့် သက်ဆိုင်သည့် နိုင်ငံတော်အခြေခံမူ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများနှင့် အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုဆိုင်ရာ နောက်ဆက်တွဲဇယားများ ပြင်ဆင်နိုင်ရေးကို လက်တွေ့ကျကျဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း** က ဒီမိုကရေစီနှင့် ပြည်သူ့အစိုးရစစ်စစ်ကို ပုံဖော်လာနိုင်အောင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအပိုင်းကို သီးသန့်ထားရှိသင့်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများကို လွှတ်တော် ကိုယ်စားလှယ်များထဲကသာ ခန့်ထားရန် ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး** က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကော်မတီ၊ ကော်မရှင်များနှင့် အဖွဲ့များ၏အဆင့်ကို တိကျစွာ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် နိုင်ငံတော်၏ အရေးပါဆုံးလုပ်ငန်းများဖြစ်သည့် ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများစိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း၊ အတည်ပြုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့နိုင်ပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်-ကြည့်မြင်တိုင်ဘူတာနယ်မြေများ ဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၇

**ခရီးသွားပြည်သူများအား လွယ်ကူလျင်မြန်ချောမွေ့စွာ ပို့ဆောင်နိုင်ရန်နှင့် ရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့ရန်၊ လမ်းကြောင်းသစ်၊ ရထားအသစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကားပါကင်နယ်မြေအများစုပါဝင်သော ဘူတာနယ်မြေဘက်စုံဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်းတို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။**

ယနေ့နံနက်ပိုင်းတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး တို့သည် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့နှင့်အတူ RBE ရထားနှင့် လျှပ်စစ်ရထားပြေးဆွဲရန်အကောင်အထည်ဖော်ဆောင်ရွက်မည့် ထော်လီကွေ့-ပုဇွန်တောင် ရထားလမ်းပိုင်းကို RBE ရထားဖြင့် ကြည့်ရှုစစ်ဆေးသည်။ ယင်းရထားလမ်းတစ်လျှောက် စစ်ဆေးတွေ့ရှိချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက လက်ရှိရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ရေးနှင့် ပြည်သူလူထုသွားလာမှု လွယ်ကူရေးတို့ကို အမြန်ဆုံး အထောက်အကူရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ရထားလမ်းနှင့် ကားလမ်းဆုံနေရာများတွင် ပြည်သူလူထုသွားလာမှုအန္တရာယ် မရှိအောင် စနစ်တကျဆောင်ရွက်ရန် စသည်ဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများကို မှာကြားသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ လက်ရှိခရီးသွားပြည်သူလူထုများသည် ဘတ်စ်ကား၊ ယာဉ်များကို အားကိုးအားထားပြု၍ သွားရောက်နေကြလျက်ရှိရာ အဆိုပါ မြို့ပတ်ရထားလမ်း ပေါ်ပေါက်လာပါက ရန်ကုန်မြို့တော်၌ မြို့ပတ်ရထားဖြင့် ခရီးသွားလာသည့်နယ်မြေ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ပြီး လက်ရှိယာဉ်ကြောကျပ်တည်းမှုကိုလည်း ဖြေလျှော့နိုင်သည့်အကျိုးကျေးဇူး ရရှိလာမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်ဘူတာကြီးရှိ စခန်းသာရိပ်သာ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ မြန်မာ့မီးရထား၊ အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာနမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးရေးစီမံကိန်း၊ ပုဇွန်တောင် ဘူတာနယ်မြေဖွံ့ဖြိုးရေးစီမံကိန်း၊ ကြည့်မြင်တိုင်ဘူတာယာဒ်ဝန်း ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း မှာကြားသည်။ မီးရထားလုပ်ငန်းအပေါ် လိုအပ်ချက်များရှိပါက အကြံဉာဏ်ပေးကြရန်၊ ခရီးသွားလာမှု အဆင်မပြေသည့်ကိစ္စရပ်များ တင်ပြရန်ရှိပါက တင်ပြပေးကြရန်၊ ခရီးသွားပြည်သူတို့၏ အကြံပြုတင်ပြချက်များကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူလူထုအား ဝန်ဆောင်မှု အပြည့်အဝရရှိရန်အတွက် မြန်မာ့မီးရထားမှ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်ဘူတာကြီးတွင် တိုးချဲ့ဖွင့်လှစ်ထားသော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဌာနသို့ သွားရောက်ကာ နေ့ချင်းပြီးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုပြီး သက်တမ်းတိုး လာရောက်ဆောင်ရွက်သူများအား လိုအပ်ချက်၊ အကြံပြုချက်များကို ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းခဲ့သည်။

**(မြန်မာ့အလင်း)**

# ချယ်ရီရေယာဉ်များ နိုဝင်ဘာ ၁၉ ရက်ထိ တိုးမြှင့်သယ်ယူပို့ဆောင်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဂျပန်ပြည်က ချစ်ကြည်ရေးလက်ဆောင်အဖြစ်ရောက်ရှိလာသည့် ချယ်ရီရေယာဉ်သစ်များ နိုဝင်ဘာ ၁၅ ရက်တွင် လွှဲပြောင်းလက်ခံပွဲ ကျင်းပခဲ့သည်။ ချယ်ရီ ရေယာဉ်သစ်များ ဖွင့်ပွဲအထိမ်းအမှတ် အဖြစ် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက် အထိ မိဘပြည်သူများ ပျော်ရွှင်စွာ လိုက်ပါလှေလာနိုင်ရန် ယာဉ်စီးခနှင့် တန်ဆာခ ကောက်ခံခြင်းမပြုဘဲ သယ်ယူပို့ဆောင်ပေးခဲ့သည်။

နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းက ရေယာဉ်အင်ဂျင်များ၏ အအေးပေးစနစ်ပိုင်းတွင် လိုအပ်ချက်ဖြစ်ပေါ်လာသဖြင့် ချယ်ရီရေယာဉ်များ ပြေးဆွဲခြင်းလုပ်ငန်းကို ခေတ္တရပ်နားထားပြီး ဂျပန်အင်ဂျင်နီယာများက ပြုပြင်ပေးလျက်ရှိသည်။ ချယ်ရီရေယာဉ်များကို ဂျပန်ကျွမ်းကျင်အင်ဂျင်နီယာများက အနီးကပ်လိုက်ပါစောင့်ရှောက်ပေးလျက်ရှိပြီး လွှဲပြောင်းပေးအပ်ပြီး တစ်နှစ်အတွင်း ဖြစ်ပေါ်သည့်ပြုပြင်ရန်လိုအပ်ချက်များကို ၎င်းတို့မှ တာဝန်ယူဆောင်ရွက်ပေးရန် သဘောတူညီချက်များ ရှိထားသည်။

ဖြစ်ပေါ်လာသည့် လိုအပ်ချက်များ အင်ဂျင်အအေးပေးစနစ်သည် ဂျပန်နိုင်ငံ ပထဝီအနေအထားအရ ပင်လယ်ပြင်တွင် လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန် စီမံတပ်ဆင်ပြီး ဂျပန်ကမ်းရိုးတန်းတွင် စမ်းသပ်မောင်းနှင်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ရန်ကုန်မြစ်အတွင်း မောင်းနှင်ရာတွင် ရန်ကုန်မြစ်ရေ၏ အနည်နုန်းပါဝင်မှုများခြင်း၊ မြစ်အတွင်းသို့ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများကြောင့် အင်ဂျင်အအေးပေးသည့် စနစ်အတွင်းသို့ အမှိုက်များ၊ ပလတ်စတစ်များ ဝင်ရောက်ပိတ်ဆို့ပြီး အင်ဂျင်အပူမြင့်တက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချယ်ရီရေယာဉ်များ လိုက်ပါပို့ဆောင်ပေးသည့် ဂျပန်တာဝန်ခံအင်ဂျင်နီယာအဖွဲ့က ပြုပြင်လျက်ရှိပြီး ယခုအခါ ချယ်ရီရေယာဉ်သုံးစင်းမှာ နိုဝင်ဘာ ၁၇ ရက် နေ့လယ်ပိုင်းတွင် မူလအတိုင်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် မိဘပြည်သူများကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ ပို့ဆောင်ပေးသည့် အစီအစဉ်အစား နိုဝင်ဘာ ၁၉ ရက်အထိ ထပ်မံတိုးမြှင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ထုတ်ပြန်ချက်များအရ သိရသည်။ **(မြန်မာ့အလင်း)**



# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့မှ ကြီးကြပ်သူ ဆရာ/ဆရာမများနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ထူးချွန်ကျောင်းသားကျောင်းသူများ ၁၇၁ ဦး၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မှ NLD အဖွဲ့ဝင်များ ၁၁၃ ဦး၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ NLD အဖွဲ့ဝင်များ ၅၅ ဦး၊ National Democratic Institute မှ Parliamentary Strengtheing Program Officer တစ်ဦး၊ ကချင်ပြည်နယ် အင်းဂျန်းယန်မြို့နယ် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီဝင်များ သုံးဦး စုစုပေါင်း ၃၄၃ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

တစ်ကြိမ်၊ တတိယနှစ်ကြိမ်နှင့် စတုတ္ထတစ်ကြိမ် ရရှိဖူးကြောင်း မှတ်တမ်းများအရ သိရသည်။ ၁၉၇၈ ပြိုင်ပွဲနှင့် ၁၉၇၉ ပြိုင်ပွဲတို့တွင် မြန်မာအသင်းသည် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ပြီး ၁၉၈၀ ပြိုင်ပွဲတွင် ဒုတိယရရှိပြီးနောက်ပိုင်း ယင်းပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ပေ။ နှစ်ပေါင်းများစွာကြာမှ မာရာဟာလင်ဖလားပြိုင်ပွဲကို တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိရန် ဖိတ်ကြားခံရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းရှိမရှိကို ဆုံးဖြတ်ရခြင်းမရှိသေးပေ။

ပြိုင်ပွဲကျင်းပရေးမှ မြန်မာယူ-၂၀ အသင်းကို ယှဉ်ပြိုင်ရန် ဖိတ်ကြားထားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပါက ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် မြန်မာယူ-၁၉ အသင်းကိုသာ စေလွှတ်ရဖွယ်ရှိနေသည်။ မြန်မာယူ-၁၉ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလား ယှဉ်ပြိုင်ရန်အတွက် နိုဝင်ဘာ ၁၇ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီဖြစ်သည်။

ပြည်တွင်းသတင်း

# နှစ်နိုင်ငံဆက်ဆံရေး၌သာမက ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသည်စိန်ခေါ်မှုတစ်ရပ်ဖြစ်၍ ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်





**နေပြည်တော် နိုဝင်ဘာ ၁၇**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီး Lt.Gen. Sengnuan Saiyalath အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahat Xayalate နှင့် အဖွဲ့ဝင်များ လာအိုနိုင်ငံစစ်သံမှူး Colonel Daokai Lertlivanh တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ၎င်းနှင့်အတူ လိုက်ပါလာကြသူများနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် ပြန်လည် မိတ်ဆက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဧည့်သည်တော်ဝန်ကြီးက လက်ရှိကမ္ဘာပေါ်နှင့် ဒေသတွင်း အခြေအနေသည် ငြိမ်းချမ်းသည်ဟု ဆိုနိုင်သော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပြဿနာများသည်လည်း မိမိတို့နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုဘဝတိုးတက်ရေးတို့တွင် သက်ရောက်မှုများ ရှိပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ၊ ကူးစက်ရောဂါဆိုးများ၊ လေကြောင်းပိုင်နက် လုံခြုံရေးဖြစ်စဉ် ကိစ္စရပ်များနှင့် ရင်ဆိုင်နေရမှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံဆက်သွယ်သည့်ချစ်ကြည်ရေးတံတားပြီးစီးမည်ဖြစ်၍ မြေချင်းဆက်သွားပြီဟု ဆိုနိုင်ကြောင်း၊ နှစ်နိုင်ငံ ကူးလူးဆက်ဆံမှုများစွာ ကောင်းမွန်လာမည်ဖြစ်၍ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အရေးများကို ရယူအသုံးချရန်လိုကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေး၌သာမက ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်၍ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်စေရန် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူဒေသတွင်း တည်ငြိမ်အေးချမ်းရေး ချစ်ကြည်ရင်းနှီးရေးတို့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တူညီသော စိုက်ပျိုးရေးအခြေခံသည့်စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနှင့် လာအိုနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုကို ၁၉၅၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ထူထောင်ခဲ့သည်။ မြန်မာ-လာအို နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေဖြင့် မြန်မာနိုင်ငံမှအဓိကပို့ကုန် ကုလားပဲတင်ပို့ရောင်းချပြီး သွင်းကုန်များအဖြစ် လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများအဓိကတင်သွင်းသည်။ မြန်မာနှင့် လာအိုနှစ်နိုင်ငံအကြား ဆောက်လုပ်လျက်ရှိသည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားသည် ၂၀၁၅ ခုနှစ် မတ်လအတွင်း တည်ဆောက်မှုလုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်းနှင့် အဆိုပါ တံတားပြီးစီးပါက နှစ်နိုင်ငံချစ်ကြည်ရေး ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြဝတီ)**

## အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျောင်းသားအချို့၏ ထုတ်ပြန်ချက်(၆)ချက်အပေါ် ရှင်းလင်းချက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ချက်

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကျောင်းသားအချို့၏ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ထုတ်ပြန်သည့် အချက်(၆)ချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

**တွေ့ရှိချက်**

၁။ ထုတ်ပြန်ချက်(၁)သည် ခိုင်လုံသောအကြောင်းအချက်ပေါ် အခြေမခံဘဲ မှတ်ယူသုံးသပ်ချက်သာဖြစ်သည်။ မည်သည့်တောင်းဆိုချက်မျှ မပါဝင်ပါ။

၂။ ထုတ်ပြန်ချက်(၂) နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၆ တွင် "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည် " ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဆက်လက်ရေးဆွဲမည့် တက္ကသိုလ်အသီးသီး၏ ပဋိညာဉ်ဥပဒေတွင် လွတ်လပ်စွာသင်ကြားသင်ယူမှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ထည့်သွင်းသွားမည် ဖြစ်ပါသည်။

၃။ ထုတ်ပြန်ချက် (၃) တွင် ရည်ညွှန်းထားသည့်အမျိုးသားပညာရေးမူဝါဒများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေနှင့်အညီ ပညာရေးမူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အမျိုးသားပညာရေးဥပဒေ အခန်း(၃) အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ ပုဒ်မ ၄ အပိုဒ်ခွဲ(ဃ ) တွင် "နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး"နှင့် အပိုဒ်ခွဲ (ဆ) တွင် "တက္ကသိုလ်နှင့်ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး" ဟု အတိအလင်း ဖော်ပြထားသည့်အတိုင်း ပညာရေးမူဝါဒတွင် ယင်းအချက်များကို အထူးပြုထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၄။ ထုတ်ပြန်ချက်(၄) နှင့်စပ်လျဉ်း၍ ကျောင်းတွင်းအသင်းအဖွဲ့များလွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေဖြစ်သော တက္ကသိုလ်တစ်ခုချင်း၏ ပဋိညာဉ် ဥပဒေရေးဆွဲရာတွင် သက်ဆိုင်ရာတက္ကသိုလ် စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ထည့်သွင်းသွားရန် ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသည့် အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းရေးကော်မတီသည် ပညာရေးစီမံကိန်းများအကောင်အထည်ဖော်ရန် လိုအပ်သည့် နိုင်ငံတော်ဘဏ္ဍာငွေကို တောင်းခံခြင်း၊ ပညာရေးအရည်အသွေးစံများ သတ်မှတ်ခြင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်နှင့် ဒေသတွင်းအဆင့် ပညာရေးအာမခံမှုရှိအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ တက္ကသိုလ်၊ ကောလိပ်များကို အုပ်ချုပ်မည့် အဖွဲ့အစည်းမဟုတ်ပါ။

၅။ ထုတ်ပြန်ချက် (၅) နှင့်စပ်လျဉ်း၍ ဥပဒေပညာသဘောတရားအရ ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေးဥပဒေတွင် မဖော်ပြထားသော်လည်း အမျိုးသားပညာရေးဥပဒေ ဥပဒေပုဒ်မ ၂၆ တွင် "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်" ဟု ပြဋ္ဌာန်းသည့်အတွက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းတွင်းအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေဖြစ်သော တက္ကသိုလ်တစ်ခုချင်း၏ ပဋိညာဉ်ဥပဒေရေးဆွဲရာတွင် သက်ဆိုင်ရာ တက္ကသိုလ် စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ထည့်သွင်းသွားရန်ဖြစ်ပါသည်။

၆။ ထုတ်ပြန်ချက် (၆) နှင့်စပ်လျဉ်း၍ ဥပဒေပြုခြင်းမှာ ဥပဒေပြုလွှတ်တော်နှင့်သာ သက်ဆိုင်ပါသည်။ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော် တာဝန်ရှိကော်မတီများတွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းတောင်းဆိုလိုပါက ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

**ဖိတ်ခေါ်ချက်**

နိုးကြားတက်ကြွ၍ အားမာန်ပြည့်ဝသော ကျောင်းသားလူငယ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကိုပိုင်ဆိုင်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်ပါသည်။ အမျိုးသား ပညာရေးဥပဒေရေးဆွဲခဲ့ရာတွင် ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့်ပတ်သက်ဆက်နွှယ်သူများအားလုံးထံသို့ တင်ပြခြင်း၊ အားလုံး၏ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များအပေါ် စုစည်း၍ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပြီး ညှိနှိုင်းရရှိသော ဥပဒေမူကြမ်းများကို လွှတ်တော်က အမျိုးသားပညာရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။

ဥပဒေများအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင် ရှိနေသည့်အတွက် ကျောင်းသား လူငယ်များ၏ ဆန္ဒနှင့် သဘောထားများကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အကျိုးဆောင်အဖြစ် စေ့စပ်ညှိနှိုင်းပေးရန် အဆင်သင့်ရှိပါသည်။

ယခုအခါ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် အမျိုးသားပညာရေးနည်းဥပဒေ၊ ကဏ္ဍအလိုက်ဥပဒေများနှင့်တက္ကသိုလ် ပဋိညာဉ်မူကြမ်းများကို ရေးဆွဲပြီး မိဘပြည်သူများအားလုံးထံသို့ တင်ပြမည်ဖြစ်ရာ ကျောင်းသားလူငယ်များ ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့်ပတ်သက်ဆက်နွှယ်သူများအနေဖြင့် တက္ကသိုလ်အလိုက်ဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ တင်ပြဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းညှိနှိုင်းရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ**

## ကိုယ်ဝန်ဆောင်များအတွက် အာဟာရအစားအစာများ လစဉ်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော မေတ္တာစမ်းရေဆေးခန်းတွင် လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သောအာဟာရဖြစ်စေမည့် အစားအစာများ ပံ့ပိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်ဝန်ဆောင်အာဟာရယူနစ်တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရများပံ့ပိုးခြင်းအစီအစဉ်ကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားရှိသော မေတ္တာစမ်းရေဆေးခန်း ကိုယ်ဝန်ဆောင်အာဟာရယူနစ်တွင် လစဉ် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

◆ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ဂျီ-၂၀ အဖွဲ့ကို ၁၉၉၇ ခုနှစ် အာရှငွေကြေး ဂယက်ကြောင့် စတင်ဖွဲ့စည်းခဲ့သည်။ ဂျီ-၂၀တွင် အာဂျင်တီးနား၊ သြစတြေးလျ၊ ဘရာဇီး၊ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်ကြပြီး ကမ္ဘာ့စီးပွားရေး ၈၀ ရာခိုင်နှုန်းနှင့် လူဦးရေ သုံးပုံနှစ်ပုံကို ကိုယ်စားပြုသည့် အရေးပါသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင်မူ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များကို နှစ်စဉ် ထိပ်သီးအစည်းအဝေးများ ကျင်းပပြီး ကမ္ဘာ့စီးပွားရေး ပျက်ကပ်များ ရှောင်ရှားနိုင်ရန် နိုင်ငံတကာစီးပွားရေး မူဝါဒများအား ထိန်းညှိပေးသည့်အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဥက္ကဋ္ဌအနေဖြင့် ဖိတ်ကြားခြင်း ခံရသည့်အတွက် အာဆီယံနိုင်ငံများ ကိုယ်စားအထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ကမ္ဘောဇဘဏ်လီမိတက်၏ဘဏ်ခွဲပေါင်း(၃၀၀) အောင်မြင်စွာဖွင့် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကမ္ဘောဇဘဏ် လီမိတက်၏ ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာ ဂေါက်ကလပ်၌ ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အေးဝင်း၊ ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးနှင့် ဘဏ်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများမှ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဂေါက်သီးအားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ကမ္ဘောဇဘဏ် လီမိတက်၏ ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘောဇကုမ္ပဏီများ အုပ်စုမှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တည်ဆောက်မည့် ဗုဒ္ဓတက္ကသိုလ်အတွက် ကမ္ဘောဇဘဏ်လီမိတက်မှ ကနဦးမတည်လှူဒါန်းငွေ ကျပ်သိန်း ၃၀၀၀ ကို ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာ ဒေါ်နန်းမိုဟွမ်းတို့က ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ပေးအပ်လှူဒါန်းပြီးနောက် ဆုရဂေါက်သီးအားကစားသမားများအား ဆုများကို ချီးမြှင့်ပြီး တက်ရောက်လာသောဧည့်သည်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာဖြင့် တည်ခင်းဧည့်ခံချိန်တွင် ရိုးရာမီးပုံးပျံများလွှတ်တင်၍ IRON CROSS တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**







# ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အမျိုးသားပညာရေးဥပဒေအပေါ် ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသား ကျောင်းသူများ တွေ့ဆုံညှိနှိုင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားပညာရေး ဥပဒေအား ကျေနပ်မှုမရှိသဖြင့် ကျောင်းသား ကျောင်းသူအချို့က နိုဝင်ဘာ ၁၄ ရက်တွင် ဆူးလေဘုရားတစ်ဝိုက်၌ လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် လှည်းတန်းခုံတံတားအောက်၌လည်းကောင်း ဟောပြောပွဲများ ပြုလုပ်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ဦးဆောင်၍ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာအောင်မင်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြ၊ မြန်မာစာအဖွဲ့ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းတို့ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကြေးသွန်းဘုရားကြီးအတွင်း၌ ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးကြရာတွင် ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသား ကျောင်းသူအချို့က တောင်းဆိုချက် ခြောက်ချက်ကို တောင်းဆိုကြပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တောင်းဆိုချက် ခြောက်ချက်နှင့် ပတ်သက်၍ဆက်လက် ဆွေးနွေးညှိနှိုင်းရမည့်အချက်များ ရှိနေသကဲ့သို့ ပညာရေးဌာနက ဆက်လက်ရေးဆွဲမည့်နည်းဥပဒေများတွင်ပါဝင်လာမည့်အချက်များနှင့် တူညီလျက်ရှိပါကြောင်း စသည်ဖြင့် နှစ်ဖက်အမြင်ချင်း ဖလှယ်ကာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကျောင်းသားအဖွဲ့များသည် နိုဝင်ဘာ ၁၇ ရက်တွင် မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအနီး၌ ဆန္ဒဖော်ထုတ်ပွဲကျင်းပပြီးနောက် ရပ်နားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

၁။ တက္ကသိုလ်များအားလုံးသည် မိမိတက္ကသိုလ်အလိုက် ဖွဲ့စည်းထားသည့်စီမံခန့်ခွဲရေးအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့်-

| စဉ် | ဆောင်ရွက်ရန်အကြောင်းအရာ |
|---|---|
| ၁ ။ | တန်းခွဲအလိုက်၊ အတန်းအလိုက်၊ အထူးပြုအလိုက် စသည်ဖြင့် ကျောင်းသား ကိုယ်စားလှယ်များ အဆင့်ဆင့်ရွေးချယ်ပြီး ကျောင်းသားအဖွဲ့ (ယာယီ)ဖွဲ့စည်းရန်၊ |
| ၂ ။ | မိမိကျောင်းသားများအားလုံးကို အသိပေးဖိတ်ကြား၍ အမျိုးသားပညာရေးဥပဒေပါ ပညာရေးမူဝါဒများ၊ ပြဋ္ဌာန်းချက်များ၊ ဦးတည်ချက်များနှင့် ဆက်လက်ဆောင်ရွက်နိုင်သည့်အချက်များကို ရှင်းလင်းဆွေးနွေးရန်၊ |
| ၃ ။ | စိတ်ပါဝင်စားသူ မိမိကျောင်းသားများပါဝင်စေလျက် ကျောင်းသားများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းအကြောင်းအရာ အချက်အလက်များကို ပြုစုဖော်ထုတ်ရန်၊ |
| ၄ ။ | ပြုစုရရှိသည့် ဆောင်ရွက်လိုသည့် အချက်တစ်ချက်ချင်းအပေါ် ကျိုးကြောင်း ဆီလျော်မှုရှိ/မရှိ၊ တစ်ချက်နှင့်တစ်ချက် ဆန့်ကျင်နေမှု ရှိ/မရှိ၊ အများဆန္ဒနှင့် ကိုက်ညီမှုရှိ/မရှိနှင့် လက်တွေ့ဆောင်ရွက်နိုင်သော အချက်များဟုတ်/မဟုတ်ကို ကျောင်းသားများကိုယ်တိုင် ပြန်လည်စိစစ်ပြီး အများဆန္ဒနှင့် ကိုက်ညီ၍ လက်တွေ့ဆောင်ရွက်နိုင်သောအချက်များကို ပြန်လည်ပြုစုရန်၊ |
| ၅ ။ | အပိုဒ် ၂၊ ၃၊ ၄ ပါလုပ်ငန်းများဆောင်ရွက်ရာတွင် အပိုဒ် ၁ အရ ဖွဲ့စည်းထားသည့် ကျောင်းသားအဖွဲ့(ယာယီ)က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့်အနေအထားဖြင့် ဆောင်ရွက်ရန်၊ |
| ၆ ။ | ဖော်ပြပါ ညှိနှိုင်းရရှိချက်သည် ထိုတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒနှင့်အညီ ရရှိသောအချက်များအဖြစ် ဆက်လက်ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားပညာရေး နည်းဥပဒေ၊ ကဏ္ဍအလိုက် ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်တို့အနက် ဆိုင်ရာဥပဒေတွင် ပါဝင်ရမည့်အချက်များ ဖြစ်စေရန်၊ |
| ၇ ။ | တက္ကသိုလ်အသီးသီးမှ အပိုဒ် ၆ ပါ ညှိနှိုင်းရရှိချက်ကို အခြေခံ၍ ဆက်လက်ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားပညာရေးနည်းဥပဒေမူကြမ်း၊ ကဏ္ဍအလိုက် ဥပဒေမူကြမ်းနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းတို့ကို ရေးဆွဲပြုစုရန်၊ |

၂။ တက္ကသိုလ်များအားလုံးသည် မိမိတက္ကသိုလ်အလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲရေးအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့် တက္ကသိုလ်ဆရာများ အဖွဲ့အစည်းဖွဲ့စည်းရေးနှင့် ဥပဒေရေးဆွဲရေးတွင် ပါဝင်ရေးအတွက် အထက်ပါအတိုင်း ဆောင်ရွက်ရန်၊

# ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရာတွင်

**သတင်း -အောင်ကျော်ကျော်၊ တင်လင်းအောင်၊ ဟန်နီဝင်း
ဓာတ်ပုံ- ထိန်နန်နော်**

မီဒီယာ ပြုပြင်ပြောင်းလဲမှုများတွင် စာပေစိစစ်ရေးကို ဖျက်သိမ်းပြီး စာအုပ်စာစောင်များကို လွတ်လပ်စွာ ထုတ်ဝေခွင့်ပြုခဲ့ပါသည်။

ယခုအခါ ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများကို အများအပြား ထုတ်ဝေနေပြီး အပတ်စဉ်ထုတ်ဂျာနယ် ၃၀၀ ကျော်အထိ တိုးတက်လျက်ရှိကြောင်း သိရသည်။ ပုဂ္ဂလိကပိုင် ရုပ်သံထုတ်လွှင့်မှုများ၊ FM ရေဒီယို အသံလွှင့်ဌာနများကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကို ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြုပြင်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သတင်းစာပညာစံနှုန်းများကို အမြင့်ဆုံးထား လိုက်နာကျင့်သုံးပြီး မည်သို့ပြုပြင်ပြောင်းလဲမှုများ၊ ပြုလုပ်ရမည်ကို နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် "The Public Service Broadcasting and its Chanllenges" ခေါင်းစဉ်ဖြင့် လာရောက်ဆွေးနွေးပို့ချနေသည့် ဘီဘီစီကမ္ဘာတစ်လွှား အစီအစဉ်မှ ညွှန်ကြားရေးမှူးမစ္စတာ ပီတာဟောရော့ခ်စ် (Mr. Peter Horrocks) နှင့် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မိမိတို့သတင်းအဖွဲ့ သွားရောက်တွေ့ဆုံကာ၎င်း၏ သဘောထားအမြင်များကို မေးမြန်းခဲ့သည်။



**မစ္စတာ ပီတာဟောရော့ခ်စ်** (ဘီဘီစီ ကမ္ဘာတစ်လွှား အစီအစဉ်မှ ညွှန်ကြား ရေးမှူး)

မစ္စတာဟောရော့ခ်စ်က "မြန်မာနိုင်ငံမှာ ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြုပြင်ပြောင်းလဲမယ်ဆိုရင် ပြည်သူ့အသံ ပြည်သူ့ဆန္ဒကို အဓိကထားဦးစားပေးရမှာပါ။ ပြည်သူ့ဝန်ဆောင်မှု မီဒီယာအဖြစ် ပြောင်းလဲမယ်ဆိုရင် တစ်ဦးတစ်ယောက်အမြင်ကို ဦးစားမပေးဘဲ ဘက်စုံကဏ္ဍစုံကနေအမြင်တွေကို ထည့်သွင်းပေးရပါမယ်။ ဒီလိုပြုပြင်ပြောင်းလဲရာမှာ အခက်အခဲအနေနဲ့ Online မီဒီယာ အပါအဝင် sensational မီဒီယာတွေနဲ့ ရင်ဆိုင်ရမှာပါ" ဟု ပြောပြသည်။

ထို့အပြင် အများပြည်သူဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ဝန်ထမ်းများနှင့် ပတ်သက်၍လည်း "ဝန်ထမ်းတွေအနေနဲ့လည်း တစ်သားတည်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဘီဘီစီမှာတော့ ဝန်ထမ်းအားလုံးရဲ့အမြင်ကို အလေးထားပါတယ်။ ယေဘုယျအားဖြင့် ဘီဘီစီမှာတော့ သတင်းအစီအစဉ်က ၄၀ ရာခိုင်နှုန်း၊ ဖျော်ဖြေရေးအစီအစဉ်က ၄၀ ရာခိုင်နှုန်းနှင့် ပညာပေးအစီအစဉ်က ၂၀ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။ ဒါပေမယ့် သတင်းထဲမှာပဲ ပြည်သူတွေကို ပညာပေးနိုင်တဲ့ သတင်းတွေကို များများတင်ဆက်ပါတယ်။

"ပြည်သူ့ဝန်ဆောင်မှု မီဒီယာဆိုတာ ပြည်သူတွေကို အကျိုးပြုတဲ့ မီဒီယာဖြစ်ပါတယ်။ လက်ရှိတိုးတက်ပြောင်းလဲနေတဲ့ အရှိန်အဟုန်ကို တာဝန်ရှိသူတွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ပြည်သူ့အသံနဲ့ အမြင်တွေကို အလေးထားဖို့က အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအနေနဲ့ လွန်ခဲ့တဲ့ဆယ်နှစ်ကထက်စာရင် အများကြီးတိုးတက်လာပါတယ်။ ဆက်လက်ပြီး ဒီမိုကရေစီ စံညွှန်းနဲ့ညီအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ နိုင်ငံမှာ ဒီမိုကရေစီစနစ်ကျင့်သုံးမှုနဲ့အတူ သတင်းလွတ်လပ်ခွင့်လည်း အများကြီး ရှိလာမှာဖြစ်ပါတယ်" ဟု ပြောပြသည်။

ဆက်လက်၍ ၎င်းက"ပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုတာ ပြည်သူ့အတွက်ကိုပဲ ဆောင်ရွက်ပေးရတာပါ။ အစိုးရမူဝါဒတွေထက် ပြည်သူ့အကျိုးကို ရှေးရှုဖော်ဆောင်သော မီဒီယာအဖြစ် ရပ်တည်ရမှာပါ။

"မီဒီယာဆိုတာနဲ့ သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေ မီဒီယာကျင့်ဝတ်တွေ တာဝန်ယူမှုတွေရှိဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ပြည်သူစိတ်ဝင်စားတဲ့ အကြောင်းအရာတွေကိုလည်း ပုဂ္ဂိုလ်ရေးမပါဘဲ ရေးသာတင်ပြဖို့လည်းလိုပါတယ်။ သတင်းကိုမျှမျှတတနဲ့ အကြောင်းအရာမျိုးစုံ ချပြဖို့ လိုပါတယ်။ ပြည်သူက လက်ခံမယ်ဆိုရင် ဘယ်မီဒီယာမဆို ရပ်တည်နိုင်မှာပါ" ဟုရှင်းလင်းပြောပြသည်။

စာမျက်နှာ ၃ မှ

ပညာတွေနဲ့ ကျွမ်းကျင်ဆရာဝန်ကြီးတွေ ရှိနေပြီ။ နောင်မှာလည်း တိုင်းဒေသကြီးအသီးသီးက ဆေးရုံတိုင်းမှာအရေးပေါ်ဌာနတွေ လိုက်လံအဆင့်မြှင့်မယ်။ နောက်ဆုံး ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေအထိ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဆင့်မြှင့်တင်သွားဖို့ ၂၀၁၅မှာ စတင်မှာဖြစ်တယ်။ သို့သော်လည်း အခက်အခဲတစ်ရပ်က ဆေးရုံ၊ ဆေးခန်းကို အချိန်မီရောက်လာနိုင်မလားဆိုတာကတော့ အားလုံး ပူးပေါင်းရမယ့်ကိစ္စတစ်ရပ်ပေါ့" ဟု သြစတြေးလျကောလိပ်မှ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများတွင် ရန်ကုန်ဆေးရုံကြီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဒေါက်တာရိုစ်က ပြောသည်။

အရေးပေါ်ဌာနအဆင့်မြှင့်တင်ခြင်းနှင့်အတူ အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုသည်လည်း အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်လျက်ရှိပြီး လက်ရှိတွင် ဆေးရုံများအပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့များကလည်း အရေးပေါ်လူနာတင်ယာဉ်များ ခေါ်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။

"အရေးပေါ် လူနာတင်ယာဉ်အတွက် စနစ်တစ်ခုတော့ လိုအပ်မယ်ထင်တယ်။ နိုင်ငံတကာမှာ လူနာတင်ကားခေါ်ရင် အများဆုံး ၁၅ မိနစ်ပဲကြာတယ်။ အသက်အန္တရာယ်အတွက် အများကြီးလုံခြုံစိတ်ချရတယ်။ မြန်မာနိုင်ငံမှာ ကျေးလက်တွေကျတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ အသက်ဆုံးရှုံးရသလို မြို့ပြတွေမှာလည်း ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် မသေသင့်ဘဲ သေဆုံးနေရသူတွေ လျော့ကျမသွားဘူး"ဟု ဒေါက်တာရိုစ်က ပြောကြားသည်။

သို့သော် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုဌာနများကို အဆင့်မြှင့်တင်သကဲ့သို့ပင် လူနာတင်ယာဉ်များ စနစ်တကျအကူအညီ ပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် စုပေါင်းအဖြေရှာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"ဆေးရုံကြီးအရေးပေါ်ဌာနကို အရောက်လာနိုင်ခဲ့တဲ့အတွက် အခုလို အသက်ရှင်ခွင့်ရခဲ့တယ်။ အခမဲ့ကုသပေးခဲ့တာကြောင့် ကျေးဇူးတင်ပါတယ်ဗျာ။ ဒါတောင်ကျွန်တော် လူနာတင်ယာဉ်နဲ့လာတာမဟုတ်ပါဘူး။ ကိုယ့်အစီအစဉ်နဲ့ ပြေးလာခဲ့တာပါ။ အရေးပေါ်ဌာနက အသက်ကယ်နေတဲ့လူနာတွေလည်း နေ့တိုင်းတွေ့နေရတာ ကျွန်တော် ဆေးရုံတက်ခဲ့တဲ့တစ်လျှောက် မြင်နေရတယ်။ လူနာတွေကို စောင့်ရှောက်ပေးနေသလို လူနာတင်ယာဉ်နဲ့သာ အချိန်မီ ကုသကယ်ဆယ်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးဝန်ဆောင်မှု ဖြစ်လာမှာပါ"ဟု ဦးမြင့်ဦးက ပြောကြားသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လမ်း/တံတားလုပ်ငန်းများ ပိုမိုကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက နေပြည်တော်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ညနေပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်း ဧရာဝတီတံတား (ညောင်တုန်း) ကြိမ်ပင်ဆယ် စကြော့-ဓနုဖြူ-ဇလွန်လမ်းနှင့် ဇလွန်-ဟင်္သာတလမ်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဟင်္သာတခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ဟင်္သာတခရိုင် အင်ဂျင်နီယာမှူးက ခရိုင်အတွင်း မြို့နယ်များအလိုက် လမ်း/တံတားဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ ပစ္စည်းများစုဆောင်းပြီးစီးမှု၊ လုပ်ငန်းစီမံချက်များ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြခြင်းများအပေါ် ဒုတိယဝန်ကြီးက မိမိတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော လုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ကျောက်များကို အမျိုးအစား မှန်ကန်ကောင်းမွန်စေရေး သက်ဆိုင်ရာဓာတ်ခွဲခန်းများမှ သုတေသနပြုစစ်ဆေးအတည်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းတိုးတက်မှုရရှိရေး အချိန်မီစံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်ကြရန်နှင့် Programme နှင့် Progress အား တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဆောင်ရွက်လျက်ရှိသည့် လမ်း/တံတား လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ယခုထက်ပိုမိုကောင်းမွန်အောင် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲအောင် အမြဲမပြတ် စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိုင် ၄၀၀ ကျော် ဝှီးချဲစွမ်းရည်ပြမည့် မသန်စွမ်းသူများ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဥ္စမအကြိမ်မြောက် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)တို့ ပူးပေါင်းဆောင်ရွက်သော မသန်စွမ်းသူများ၏ မသန်းစွမ်းမှု ဝှီးချဲစွမ်းရည်ပြပွဲ (ရန်ကုန်-မန္တလေးခရီးရှည်)ကို နိုဝင်ဘာ ၁၆ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပရာ မြို့တော်ဝန် ဦးလှမြင့်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းတို့က စွမ်းရည်ပြမည့် မသန်စွမ်းအားကစားသမားများအား ပန်းကုံးစွပ်ကာ တာလွှတ်ပေးကြသည်။



အဆိုပါစွမ်းရည်ပြ ဝှီးချဲတွန်းမည့် မသန်စွမ်းအားကစားသမားများသည် လှည်းကူး၊ ပဲခူး၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ဖြူး၊ အုတ်တွင်း၊ ရေတာရှည်၊ ရေနီ၊ လယ်ဝေး၊ နေပြည်တော်၊ တပ်ကုန်းတို့တွင် ညအိပ်ရပ်နားပြီး အထက်မြန်မာပြည်မှ မသန်စွမ်းအားကစားသမားများနှင့် ပူးပေါင်းကာ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ကူမဲ၊ ကျောက်ဆည်၊ မန္တလေးမြို့တို့တွင် ညအိပ်ရပ်နားမည်ဖြစ်၍ ရောက်ရှိရာမြို့တိုင်းတွင် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ဂီတစွမ်းရည် ပြသဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ခရီးရှည်ကို အောက်မြန်မာပြည် မသန်စွမ်းလူငယ် ၁၀ ဦး၊ အထက်မြန်မာပြည်မှ ၁၂ ဦး သုံးဘီးလက်တွန်းလှည်းတွန်း၍ သန်စွမ်းမှုစွမ်းရည်ကို မသန်စွမ်းသူနှစ်ဦးက စက်ဘီးဖြင့် မိုင်ပေါင်း ၄၃၄ မိုင်ခရီးရှည်ကို စွမ်းရည်ပြစီးနင်းကြမည်ဖြစ်ကာ မန္တလေးမြို့တွင် ကျင်းပမည့် အပြည်ပြည်ရာ မသန်စွမ်းသူများနေ့အခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# မဟာမုနိဘုရားကြီးသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်ဝင်ရောက်မှုမြင့်တက်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ ဧည့်သည်ဝင်ရောက်မှုအခြေအနေမှာ ယခု၂၀၁၄ ခုနှစ်တွင် စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် နှစ်စပိုင်း ဇန်နဝါရီလမှစ၍ ယခင်နှစ်များနှင့်မတူ ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားသား ဧည့်သည်များပါ ဝင်ရောက်မှုများပြားလျက်ရှိကာ၂၀၁၃ ခုနှစ်တွင် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းမှဧည့်သည်ဝင်ရောက်မှုမှာ ၁၂၈၂၂၈၁ ဦး ရှိခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၃၆၃၈၆၄၁ ဦး အထိ ဝင်ရောက်လျက်ရှိရာ ၂၃၅၆၃၆၀ ဦး ပိုမိုဝင်ရောက်ခဲ့ပြီး ပြည်ပမှနိုင်ငံခြားသား ဝင်ရောက်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဇန်နဝါရီလမှအောက်တိုဘာလအထိ ၄၉၀၅၃ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၅၅၉၅၂ ဦး ဝင်ရောက်ခဲ့သဖြင့် ၆၇၉၉ ဦး ပိုမိုလာရောက်ခဲ့ကြောင်း ဧည့်မှတ်တမ်းများအရ သိရသည်။

ထိုသို့ ဧည့်သည်ဝင်ရောက်မှုများပြားလာသည်နှင့်အမျှ ရွှေသင်္ကန်းကပ်လှူပူဇော်မှုများ တိုးပွားလာခဲ့ပြီး ရွှေဆိုင်းများလည်း ပိုမိုရောင်းချခဲ့ရကြောင်းနှင့် အလှူငွေများလည်း တိုးတက်ရရှိခဲ့ကြောင်း သိရသည်။

တစ်လလျှင် ရွှေဆိုင်းပေါင်း ၄၃၀၀ကျော် ပိုမိုရောင်းချခဲ့ရပြီး ယခင်နှစ်က တစ်ရက်လျှင် အလှူငွေကျပ် ၁၅ သိန်းခန့် ရရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ရက်လျှင် ငွေကျပ်သိန်း ၂၀ ကျော် ကောက်ခံရရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်မှစတင်ပြီး နိုင်ငံခြားသား ဧည့်သည်များအတွက် ဝင်ကြေးငွေကောက်ခံခြင်းမရှိဘဲ ကင်မရာခွန်အနေဖြင့် တစ်ဒေါ်လာ(သို့) မြန်မာငွေကျပ် ၁၀၀၀ နှုန်းသာ ကောက်ခံမှုရှိခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများမှ လာရောက်ကြသူများက ကြေးရုပ်တုများနှင့် သမိုင်းပန်းချီကားများကိုသာ အများဆုံး လာရောက်ကြည့်ရှုကြကြောင်း အမှတ်တရဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစာရေးကိရိယာ ပစ္စည်း ၃၃မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (မိတ္တူကူးဆေးနှင့် Printer Cartridge) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၆-၁၁-၂၀၁၄ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ် (၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊၀၆၇-၄၃၁၀၀၂**



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁ | ၄၃၁/မမ/CE | တိုင်း(၁)နယ်မြေ မော်ဟန်ဘူတာ၊ရထားတွဲပေါ်အရောက်(၁"x၁ ³/₄") အရွယ်(စက်ခွဲ) လမ်းခင်းကျောက်(၁၀၀၀)ကျင်းဝယ်ယူရန် | 28.11.14 |

တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉.၁၁.၂၀၁၄) ရက် နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန ၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူ လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း:294352,291994








# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်
## ကြေညာချက် ၀၄/၁၄

ရက်စွဲ ၁၇-၁၁-၂၀၁၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲအတွက် အဆိုပြုလွှာများတင်သွင်းရန် နောက်ဆုံးရက်ကို ၁၈-၁၁-၂၀၁၄ ရက်အစား ၂၆-၁၁-၂၀၁၄ ရက်အထိ တင်သွင်းနိုင်ပါသည်။

အစည်းအရုံးဝင်ကတ်ပြားအဟောင်း ကိုင်ဆောင်ထားသူများ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားပြီး ကတ်ပြားအသစ်ဖြင့် လဲလှယ်ကြပါရန် နှိုးဆော်လိုက်ပါသည်။

**ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်**


ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများအကျိုးပြုစေမည့် သုတေသနလုပ်ငန်းများ ဦးတည်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ် (၃၉)ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်နှင့် လုပ်ငန်းနယ်ပယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများသည် အလွန်ပင်အခြေခံကျ၍ အရေးကြီးပါကြောင်း၊ သဘာဝတောများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်များကို စနစ်တကျအသုံးချရေး၊ သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ စနစ်တကျအသုံးပြုရေးနှင့် လောင်စာစွမ်းအင်ကို ထိရောက်စွာ အသုံးချရေးဆိုသည့် သစ်တောသုတေသန၏ အခြေခံမူများကို လက်ကိုင်ပြု၍ သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်လာခြင်းမှာ ၃၆ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

သုတေသန တွေ့ရှိချက်များကို လက်တွေ့နယ်ပယ်များတွင်အသုံးချနိုင်ရန် သစ်တောပညာရှင်များ၊ သုတေသီများအချင်းချင်း အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်နိုင်ရန်နှင့် သုတေသီများ၏ သုတေသနစွမ်းဆောင်ရည် ပိုမိုမြင့်မားလာရန်ရည်ရွယ်၍ နှစ်စဉ် သုတေသန စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ကြောင်း ပြောကြားခဲ့သည်။

ယခုကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲမှာ (၂၅)ကြိမ်မြောက်ဖြစ်ပြီး သုတေသနစာတမ်းပေါင်း ၂၈၂ စောင်ပြုစုထုတ်ဝေခဲ့ပြီး သုတေသနရလဒ်များနှင့် စာတမ်းများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မြန်မာ့သစ်တောမူဝါဒ ပဓာန(၆)ရပ်ကို အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းများသာမက နိုင်ငံတော်၏ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမဟာဗျူဟာ၊ အမျိုးသားစွမ်းအင်မူဝါဒနှင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောကဏ္ဍအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းစဉ်များဖြစ်သည့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းတွေကို အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိပြီး အကျိုးတူ စီမံအုပ်ချုပ်မှု၊ နှစ်ရှည်မြေငှားရမ်းခွင့်ပြုခြင်းနှင့် ဒေသခံပြည်သူများအစဉ်အဆက် ထိန်းသိမ်းထားသည့် သစ်တောများစီမံအုပ်ချုပ်ခြင်းစသည့် လုပ်ငန်းများကို အကောင်အထည် ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သုတေသန စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး သစ်တောဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းခြောက်စောင်၊ သစ်အသုံးချရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာတမ်းခြောက်စောင်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းတစ်စောင်၊ သစ်တောဖုံးလွှမ်းမှု ပြောင်းလဲခြင်းဆိုင်ရာ စာတမ်းတစ်စောင်၊ သစ်ဆွေးမြေ၏ ကာဗွန်သိုလှောင်မှုဆိုင်ရာ စာတမ်းတစ်စောင်နှင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်းစာတမ်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး**
**ဓာတ်ပုံ-ဇူလိုင်မိုး**

# မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဖွင့်

**တနိုင်း နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက တနိုင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် တနိုင်းမြို့နယ် ကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ "ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများမရှိသော သွားရောက်ရန်ခက်ခဲသည့် ကျေးရွာများ၌ နေထိုင်သည့် ကိုယ်ဝန်ဆောင်များ၊ မွေးကင်းစနှင့် ငါးနှစ်အောက် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအချိန်မီရရှိစေရေးအတွက် ရည်ရွယ်ပြီးသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။။

အဆိုပါသင်တန်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အခြေခံများ၊ ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှု လျော့ကျရေးအခြေခံများ၊ သာမန်ဖျားနာမှု စောင့်ရှောက်ရေးအခြေခံများကို စာတွေ့သုံးလနှင့်လက်တွေ့သုံးလ စုစုပေါင်း ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်ထွေး(တနိုင်း)**

# ကျိုင်းတုံမြို့ ခရီးသွားကျေးရွာ၌ မူကြိုကျောင်းဖွင့်

**ကျိုင်းတုံ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု ဝမ်ပင်းကျေးရွာသည် ကျိုင်းတုံဒေသအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်အများဆုံးရောက်ရှိရာဒေသဖြစ်သည်။ ကျေးရွာတွင် အာခါ၊ လားဟူ၊ ရှမ်းနှင့်အဲန်တိုင်းရင်းသားတို့ စုပေါင်းနေထိုင်ကြသည်။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ရွှေတြိဂံဇုန်က နေ့ကလေးထိန်းမူလတန်းကြိုကျောင်းတည်ဆောက်ပေးခဲ့ပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက တိုင်းရင်းသားပြည်သူများ နိုင်ငံခြားသားခရီးသွားဧည့်သည်တို့ဖြင့် ဖွင့်လှစ်ခဲ့သည်။ ၇၇ သိန်းတန်ဖိုးရှိ ၁၅ ပေ၊ ပေ ၃၀ အုတ်ကာ၊ အုတ်ကြွပ်မိုးကျောင်းဆောင်သစ်ကို ရွှေတြိဂံဇုန်ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုးရွှေ ဦးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်နိုင်(iprd)**




**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးသိန်းရွှေ၏သမီး ရမည်းသင်းမြို့နယ်၊ ရွှေဒါးသာစည်အုပ်စု၊ သာစည် ကျေးရွာနေ မဖြူ(ခ)မဖြူဖြူ ၉/ရမသ(နိုင်)၁၄၉၈၃၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မဖြူ(ခ)မဖြူဖြူ**

**ပျောက်ဆုံးကြောင်း**
ကျွန်မ ဒေါ်မေစန်းတင် ၉/မရမ(နိုင်)၀၄၅၂၈၃၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၀၈၁၄၈**

ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။
ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
663161, 09-250066441

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**တစ်ဦးတည်းဖြစ်ကြောင်း**
ဦးတင့်လွင်၏သမီး ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသက်ဖူးလွင်နှင့် မသက်ထားဟန် ၈/မကန(နိုင်) ၂၃၁၉၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

**ပျောက်ဆုံးကြောင်း**
NGP New Generation Power Engineering Co., Ltd. မှ ကျွန်တော် ဦးသော်ဇင်ထွန်း ၁၂/ဥကတ(နိုင်)၁၆၁၈၉၁ ၏ ကုမ္ပဏီစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
**ဦးသော်ဇင်ထွန်း**
ဖုန်း-၀၉-၄၃၀၁၆၁၂၈၊ ၀၉-၅၀၄၉၂၅၄

Mr.Paul Blake & Mrs.Magda Blake တို့၏
အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပါပြီ။
Think in English
ကလေးများအတွက် စကားပြော၊ လူကြီးများအတွက် စကားပြောနှင့် IELTS စာမေးပွဲပြင်ဆင်မှုသင်တန်းများအတွက် ကျောင်းသားများ ဆက်လက်လက်ခံနေပါပြီ။
ဖုန်း 09425026102 နှင့် 09256095451 သို့ ဆက်လိုက်ပါ။ Info@thinkinenglish.co
အမှတ်(၃)၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ (ရွှေဘုန်းပွင့်ဘုရားအနီး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ . . .

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးဥပဒေသည် စက်တင်ဘာ ၃၀ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေ၌ပါဝင်သော အချို့သောအချက်များနှင့် စပ်လျဉ်း၍ ဆန္ဒသဘောထား ဖော်ထုတ်ပြသမှုများ ဖြစ်ပေါ်လာသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သိရှိလိုသည်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲအား မြန်မာ့သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည်။

**မေး။ ။ အခုဆန္ဒသဘောထားဖော်ထုတ်နေတဲ့ ကျောင်းသား ကျောင်းသူတွေက အချက် (၆)ချက် တောင်းဆိုထားတယ်လို့ ကြားသိရပါတယ်၊ ဆရာတို့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ တောင်းဆိုတဲ့အချက် (၆) ချက်ကို ခြုံငုံကြည့်ရင် အဓိကအချက်(၃) ချက်ပါပါတယ်။ ပထမအချက်က ပြဋ္ဌာန်းပြီးတဲ့အမျိုးသားပညာရေးဥပဒေဟာ ကျောင်းသားထုတစ်ရပ်လုံးရဲ့ ဆန္ဒမပါဘဲနဲ့အတည်ပြုခဲ့တဲ့ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အမျိုးသားပညာရေး ဥပဒေမှာ ပါဝင်တဲ့ အချက်တွေဟာ ဗဟိုချုပ်ကိုင်မှုဆက်လက်ရှိနေတယ်ဆိုတဲ့အချက်ဖြစ်တယ်။

တတိယအချက်ကတော့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေး အချက်ဖြစ်ပါတယ်။

အဲဒီအချက်(၃)ချက်ထဲက ပထမအချက်ဖြစ်တဲ့ အမျိုးသား ပညာရေးဥပဒေကို စတင်ရေးဆွဲစဉ် ကာလကတည်းက ကျောင်းသားတွေရော၊ ဆရာ ဆရာမတွေရော၊ နောက်အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်များ၊ မြန်မာအမျိုးသား ပညာရေးကွန်ရက် ဒေါက်တာသိန်းလွင် ဦးဆောင်တဲ့ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ပါတီမျိုးစုံက ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ INGO / NGO က ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘတွေ အကြိမ်ကြိမ်ဆွေးနွေးပြီးတဲ့အခါကျမှ ဒေသန္တရဆွေးနွေးပွဲလုပ်တယ်။ အဲဒါကတစ်ဆင့် အမျိုးသားအဆင့်ဆွေးနွေးပြီးမှ ညှိနှိုင်းရရှိတဲ့ ဥပဒေမူကြမ်းကို လုပ်ထုံးလုပ်နည်းနဲ့အညီ လွှတ်တော်ကိုတင်ပြတယ်။ လွှတ်တော်နှစ်ရပ်ကလည်း နှစ်နှစ်နီးပါးအချိန်ယူကာ အပြန်အလှန်ဆွေးနွေးပြီးမှ စက်တင်ဘာ ၃၀ ရက်နေ့က အမျိုးသားပညာရေးဥပဒေပေါ်ထွက်လာတာဖြစ်တယ်။ ကျောင်းသားအသင်းအဖွဲ့ပါတဲ့ အထောက်အထား ဓာတ်ပုံတွေကို တိတိကျကျ ထုတ်ဖော်ပြသနိုင်ပါတယ်။

အမျိုးသားပညာရေးဥပဒေမှာ ဗဟိုချုပ်ကိုင်မှုရှိနေတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း အမျိုးသား ပညာရေးဥပဒေထဲမှာ တက္ကသိုလ်တွေက ကိုယ်ပိုင်စီမံခန့်ခွဲမှုရှိတယ်။ အမျိုးသား ပညာရေးကော်မရှင်ဆိုတာကလည်း မူဝါဒနဲ့ဘဏ္ဍာရေးကိစ္စကိုပဲ အဓိကဆောင်ရွက်မှာဖြစ်တယ်။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးမှူးကော်မတီဆိုတာကလည်း မူဝါဒတွေ၊ ဘဏ္ဍာရေးကိစ္စတွေ တောင်းခံပေးဖို့ရယ်၊ နောက်ပညာရေးအဆင့်အတန်းစံနှုန်းတွေညီ၊ မညီ အကဲဖြတ်တဲ့ကိစ္စတွေ၊ နိုင်ငံတကာဆက်သွယ်ရေးကိစ္စတွေ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုကိစ္စတွေ၊ ဆက်သွယ်ပေါင်းစပ်ပေးမယ့်ကိစ္စတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။

စီမံခန့်ခွဲမှုကိစ္စတွေကို လွတ်လပ်စွာစီမံခန့်ခွဲဖို့ အမျိုးသားပညာရေးဥပဒေမှာ အတိအကျ ဖော်ညွှန်းထားတာဖြစ်ပါတယ်။ ဒီလိုအချက်တွေကို ဆောင်ရွက်နိုင်ဖို့ ရေးဆက်ရေးဆွဲမယ့် အမျိုးသားပညာရေးနည်းဥပဒေနဲ့တကွ တက္ကသိုလ် ပဋိညာဉ်ဥပဒေခေါ်တဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်းတွေမှာ တိတိကျကျထည့်သွင်းဖို့လိုပါတယ်။ ဒီလို ထည့်သွင်းနိုင်ဖို့လည်း ခုနပြောသလို ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေ Stake-holder တွေအားလုံးက ဝိုင်းဝန်းဆွေးနွေးကြဖို့လိုပါတယ်။



ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲ

တတိယအချက်ဖြစ်တဲ့ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေး ဒါကလည်း ခုနပြောသလို ရှေ့ဆက်ပြီးတော့ တက္ကသိုလ်အလိုက်ရေးဆွဲနေတဲ့ တက္ကသိုလ် ပဋိညာဉ်စာတမ်းတွေမှာ ဝိုင်းဝန်းဆွေးနွေးပြီးတော့ ထည့်သွင်းဖို့ဖြစ်ပါတယ်။

လောလောဆယ်မှာပေါ်ပေါက်လာမယ့် တက္ကသိုလ်ကျောင်းသား အဖွဲ့အစည်းတွေမှာ သမဂ္ဂပဲခေါ်ခေါ်၊ ဒီအဖွဲ့အစည်းတွေကို ဘယ်လိုအနေအထားမျိုးနဲ့ ဖွဲ့စည်းမယ်ဆိုတာကို ကြိုတင်စဉ်းစားနိုင်ဖို့အတွက် ကျောင်းသားအသင်း ယာယီကိုဖွဲ့စည်းခွင့်ပြုထားပါတယ်။ ကျောင်းသားအသင်းယာယီကို ကျောင်းဖွင့်တဲ့အခါမှာ၊ ဖွဲ့စည်းတဲ့အခါမှာ တန်းခွဲအလိုက်၊ အတန်းအလိုက်၊ အထူးပြုဘာသာ အလိုက်ဖွဲ့မယ်။ ဖွဲ့ပြီးတဲ့အခါကျတော့ အဲဒီအဖွဲ့တွေဟာ ကျောင်းသားတွေရဲ့ ဆန္ဒတွေကို ရယူမယ်။ ကျောင်းသားတွေက တက္ကသိုလ်ပဋိညာဉ်ဥပဒေတွေနဲ့ အဆင့်မြင့်ပညာဥပဒေမှာ ဘယ်အချက်တွေပါချင်တယ်ဆိုတာ ဆန္ဒတွေနဲ့စုမယ်။ ဆန္ဒတူတာတွေကို ယူမယ်။ ဆန္ဒတူပြီးတော့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီပြီးတော့ ဆောင်ရွက်နိုင်တဲ့အခြေအနေကို ယူပြီးတော့ ဒီစုစည်းချက်တွေကို တစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်တွေအားလုံး ဝိုင်းဝန်းညှိနှိုင်းပြီးတော့ ဥပဒေကြမ်းတွေ ပြုစုဖို့ဖြစ်တယ်။

ဥပဒေကြမ်းတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ လွှတ်တော်နှစ်ရပ်ကို တင်ပြပြီးတော့ အတည်ပြုချက်ရယူသွားမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေးသည် တက္ကသိုလ်ပဋိညာဉ်ဥပဒေပေါ်ပြီးတဲ့အခါ ပေါ်ပေါက်လာမှာဖြစ်တယ်။ ပဋိညာဉ်ဥပဒေမပေါ်ပေါက်ခင်ဒီကြားထဲမှာလည်း ကျောင်းသားအသင်း (ယာယီ) ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နိုင်မယ့်အနေအထား ဖြစ်ပါတယ်။

**မေး။ ။ တက္ကသိုလ်များလွတ်လပ်စွာ အုပ်ချုပ်ခွင့်က ဘယ်အချိန်မှာ သက်ဝင်လှုပ်ရှားလာမလဲ ဆရာ။**

ဖြေ။ ။ အခု ပညာရပ်လွတ်လပ်ခွင့်က အကုန်ရနေပါပြီ။ ဘာလို့လဲဆိုတော့ တက္ကသိုလ်တွေအနေနဲ့ မိမိကိုယ်တိုင်စာသင်လို့ရတယ်။ ဘယ်သူ့လွှမ်းမိုးမှုမှ မပါဘူး။ ကိုယ့်ဟာကိုသင်၊ ကိုယ့်မေးခွန်းကိုယ်ထုတ်၊ အောင်စာရင်း ကိုယ့်ဘာသာကိုယ် သတ်မှတ်လို့ရတယ်။ သုတေသနကို လွတ်လွတ်လပ်လပ်နဲ့ ပြုလုပ်လို့ရတယ်။ တက္ကသိုလ်တွေမှာ အခုကတည်းကိုက နိုင်ငံခြား ဆက်သွယ်မှုတွေ၊ နားလည်မှုစာချွန်လွှာရေးထိုးတာတွေကို မည်သူ့ထံမှ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ရေးထိုးလို့ရတယ်။ ပညာရပ်လွတ်လပ်ခွင့်က အပြည့်အဝရရှိပြီးသား ဖြစ်ပါတယ်။

စီမံခန့်ခွဲမှုအပိုင်းမှာတော့ နည်းဥပဒေတွေ၊ ပဋိညာဉ်တွေ ပေါ်ပေါက်လာပြီးတဲ့ အချိန်မှာ အဲဒီမှာပါတဲ့အချက်အလက်တွေက ဗဟိုချုပ်ကိုင်မှုကင်းလွတ်ပြီးတော့ ခုနကလွတ်လပ်စွာ စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်နိုင်အောင်အချက်အလက်တွေကိုထည့်သွင်းပြီးရင်အကောင်အထည်ဖော်လို့ရမှာဖြစ်ပါတယ်။

**မေး။ ။ ကျောင်းသားသမဂ္ဂဖွဲ့စည်းဖို့ကို ကျောင်းသားတွေကိုယ်တိုင် လွတ်လပ်စွာနဲ့ ဖွဲ့စည်းခွင့်ပြုမယ်ဆိုတဲ့ သဘောလားဆရာ။**

ဖြေ။ ။ ကျောင်းသားအသင်း (ယာယီ) ကို ဘယ်သူကမှ By Force နဲ့ လုပ်လို့မရပါဘူး။ သူတို့ဘာသာ သူတို့တန်းခွဲအလိုက်၊ အတန်းလိုက်၊ အထူးပြုဘာသာအလိုက်၊ လွတ်လွတ်လပ်လပ်ဖွဲ့စည်းခွင့်ပြုတယ်။ အခုကတည်းကိုက လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်ပေးပြီးတော့ နောင်တစ်ချိန်မှာ ဘယ်လို လွတ်လွတ်လပ်လပ်ဖွဲ့စည်းမယ်၊ ကျောင်းသားသမဂ္ဂကို ဘယ်လို ဖွဲ့ကြမယ်။ ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ဖွဲ့မယ်ဆိုတာကို ဒီကိစ္စကို ကိုယ့်ဟာကိုယ်ပဲ လွတ်လွတ်လပ်လပ်လုပ်နိုင်မယ့် အနေအထားကို ရေးဆွဲရမှာဖြစ်တယ်။ ဘယ်မှာရေးဆွဲရမယ်ဆိုရင် တက္ကသိုလ်ပဋိညာဉ်ဥပဒေထဲမှာ မိမိဆောင်ရွက်ရမယ့်အစီအစဉ်ကို မိမိထည့်ပြီးတော့ မိမိတို့ကပဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်ရမှာဖြစ်တယ်။

ကျောင်းသားလူငယ်တွေဆိုတာ နိုးကြားတက်ကြွပြီးတော့ အားမာန်ပြည့်ဝတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ပိုင်ဆိုင်တဲ့ မျိုးဆက်လူငယ်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့အားက အလွန်အရေးကြီးပါတယ်။ အခုအချိန်မှာ ကျောင်းသားလူငယ်တွေက ဘာကို သဘောပေါက်ရမလဲဆိုရင် ပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေဟာ ပင်မဥပဒေ (Mother Law) ခေါ်တဲ့အတွက် ရွှေတံခါးကြီးပွင့်တာလည်းဖြစ်တယ်။ ရွှေတံခါးကြီးပွင့်တာက လုပ်ခွင့်သာဖို့အတွက် ဖွင့်ပေးလိုက်တာပဲဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ဒီအထဲမှာပါတဲ့ အချက်တွေက တံခါးပွင့်တဲ့အဆင့်ပဲရှိတယ်။ ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်၊ ဘယ်လိုလုပ်လို့ရှိရင် ညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုရှိမယ်ဆိုတာ ရှေ့ဆက်ရမယ့် နည်းဥပဒေနဲ့ ကဏ္ဍဥပဒေတွေက အရေးကြီးပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဥပဒေတွေကို ကျောင်းသားထု တစ်ရပ်လုံး ပါဝင်ဆွေးနွေးညှိနှိုင်းပြီးတော့ ရရှိတဲ့အချက်တွေကို ရှေ့ဆက်ရေးဆွဲမယ့် ဥပဒေမှာ ထည့်သွင်းရေးဆွဲလို့ရှိရင် အနာဂတ်မြန်မာနိုင်ငံတော်ကို အကောင်းဆုံးဖော်ဆောင်နိုင်ပါမယ်။ ဖော်ဆောင်တဲ့အခါမှာလည်း ဒို့ပြင်လူဖော်ဆောင်တာမဟုတ်ဘူး။ ကျောင်းသားတွေ ကိုယ်တိုင်ကို ဖော်ဆောင်တာပဲဖြစ်ပါတယ်။

**မေး။ ။ ယာယီကျောင်းသားအသင်းအဖွဲ့ကို ဘယ်အချိန်ကာလမှာ စတင်ဖွဲ့ခွင့်ရမှာလဲဆရာ။**

ဖြေ။ ။ ယာယီကျောင်းသားအသင်းကို ဒီဇင်ဘာ ၁ ရက်၊ ၂ရက် ကျောင်းစဖွင့်တဲ့အခါမှာ တန်းခွဲအလိုက်၊ အတန်းလိုက်၊ အထူးပြုဘာသာရပ်အလိုက်၊ ကျောင်းသားအသင်း(ယာယီ)တွေ ဖွဲ့စည်းကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းတဲ့အခါမှာ ဘယ်သူ့ရဲ့ချုပ်ကိုင်မှုမှ မပါပါဘူး။ ကျောင်းသားတွေ မိမိဘာသာမိမိ လွတ်လွတ်လပ်လပ်ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ဖွဲ့စည်းကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပြီးတော့ အဲဒီယာယီအဖွဲ့ကပဲ ပေါင်းစပ်ညှိနှိုင်းမှုတွေ လုပ်ရမှာ၊ ကျောင်းသားတွေက ရှေ့ဆက်ရေးဆွဲမယ့် နည်းဥပဒေနဲ့ ဆက်စပ်ဥပဒေမှာ ဘာတွေပါချင်သလဲဆိုတဲ့ အချက်ကိုသူတို့က ပေါင်းစပ်ညှိနှိုင်းရမယ်။ အနာဂတ်ဖြစ်လာမယ့် သမဂ္ဂဖြစ်ဖြစ်၊ ဘယ်လိုပဲခေါ်ခေါ် အဲဒီဖြစ်ပေါ်လာမယ့် ကျောင်းသား အသင်းဟာ ဘယ်လိုအနေအထားဖြစ်ရမယ်ဆိုတဲ့ အနာဂတ်အသင်းရဲ့ ပုံစံမျိုးကို စိတ်ကူးပြီးတော့ ပုံဖော်ကြရမှာဖြစ်တယ်။ အဲဒီလိုစိတ်ကူး ပုံဖော်နိုင်ဖို့အတွက် ဆရာတို့က ယာယီဖွဲ့စည်းပေးခြင်းဖြစ်ပါတယ်။

**မေး။ ။ ဆရာဆရာမတွေ အသင်းဖွဲ့စည်းဖို့ကိုလည်း ဆရာတို့ဘယ်လို စဉ်းစားထားပါသလဲ။**

ဖြေ။ ။ ကျောင်းသားအဖွဲ့ (ယာယီ)နည်းတူ ဆရာ ဆရာမ (ယာယီ)အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**အမေး၊ အရေး၊ ဓာတ်ပုံ - ခင်ချိုဝင်း၊ ဝင်းဝင်းမော်**



နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# ပင်လယ်ကွေ့ဖလားအုပ်စုပွဲတွေကစားပြီး

ပင်လယ်ကွေ့ဖလားအုပ်စု အဆင့်ပွဲစဉ်တွေကို နိုဝင်ဘာ ၁၉ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ အုပ်စုနှစ်စုခွဲထားတဲ့ပင်လယ်ကွေ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ အုပ်စု (A) မှာ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းနဲ့ ယီမင်တို့ပါဝင်ပြီး အုပ်စု(B)မှာတော့ အီရတ်၊ ကူဝိတ်၊ ယူအေအီးနဲ့အိုမန်တို့ပါဝင်နေပါတယ်။ အာရှပရိသတ်နဲ့ ရင်းနှီးနေတဲ့ပြိုင်ပွဲဖြစ်တာမို့ အားပေးကြည့်ရှုရဦးမှာဖြစ်ပါတယ်။

**ယူအေအီးနှင့် အီရတ်**

ပင်လယ်ကွေ့ဖလား လက်ရှိချန်ပီယံယူအေအီးဟာခြေစွမ်းမာကျောတဲ့ အီရတ်ကိုခက်ခဲစွာရင်ဆိုင်ရဖို့ရှိနေပါတယ်။ ပြီးခဲ့တဲ့နှစ်က ပင်လယ်ကွေ့ဖလား ဗိုလ်လုပွဲမှာဆုံတွေ့ခဲ့တဲ့ အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့်ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်ပြီး အနိုင်ရလဒ်အတွက် အပြိုင်ပုံဖော်ကြမှာဖြစ်ပါတယ်။ ယူအေအီးတို့ရဲ့ ခြေစွမ်းဟာ မတည်မငြိမ်ဖြစ်နေမှုကို အီရတ်တို့ အခွင့်ရေးကောင်းအဖြစ် အသုံးချသွားနိုင်ပါတယ်။

**ဆော်ဒီနှင့် ယီမင်**

ဆော်ဒီအာရေဗျအသင်းဟာ တစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်ရရှိထားပြီဖြစ်ပါတယ်။ ယီမင်နဲ့ဆုံတွေ့တိုင်းဆော်ဒီအာရေဗျတို့ နိုင်ပွဲရခဲ့တာများပါတယ်။ ယီမင်တို့ကတော့ အသင်းလိုက်ကစားအားကောင်းပေမယ့် အဆုံးသတ်အားနည်းနေဆဲဖြစ်တာမို့ဆော်ဒီရဲ့ နိုင်ပွဲလို့သတ်မှတ်ရမယ့်ပွဲဖြစ်ပါတယ်။

**ဘာရိန်းနှင့် ကာတာ**

ပြီးခဲ့တဲ့နှစ်ကရှုံးကြွေးကို ကာတာတို့ပြန်ဆပ်နိုင်ရေး အားသွန်ကစားပါလိမ့်မယ်။ ကာတာဟာ အသင်းလိုက်ကစားပိုကောင်းမွန်ပြီး ပြိုင်ဘက်အသင်းရဲ့ တိုက်စစ်အရှိန်ကိုလည်း ဟန့်တားနိုင်သူတွေဖြစ်ပါတယ်။ ဘာရိန်းတို့ခြေစွမ်းကလည်း သာမန်အဆင့်သာရှိတာမို့ ကာတာတို့အလေးသာနေပါတယ်။

**ကူဝိတ်နှင့် အိုမန်**

ခြေစွမ်းတူညီတဲ့ နှစ်သင်းဆုံတွေ့တဲ့ပွဲမို့ ပွဲကောင်းအဖြစ်မြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်လှည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့စွမ်းဆောင်မှုအားကိုကြည့်ရင် သရေရလဒ်လည်း ထွက်သွားနိုင်တဲ့အခြေအနေရှိပါတယ်။ အိုမန်ရဲ့ကစားအားက ကူဝိတ်ကို ခြေရည်တူကစားနိုင်ပြီးအနိုင်ရအောင်လည်းကစားနိုင်တဲ့အင်အားမျိုး ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် အခုတလောနိုင်ပွဲရလိုစိတ်ဓာတ်ပြင်းထန်နေတဲ့ ကူဝိတ်တို့ကလည်း အိုမန်ကို လျှော့တွက်မှာမဟုတ်တာကြောင့် ခြေကုန်ထုတ်မှာ သေချာပါတယ်။ ဖြစ်နိုင်စွမ်းရလဒ်က သရေလည်းကျသွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

## ဂျိုကိုဗစ်ဗိုလ်လုပွဲမကစားရဘဲ ဖလားရယူ

ရော်ဂျာဖက်ဒရားသည် လန်ဒန်မြို့၌ ကျင်းပလျက်ရှိသော ATP World Tour Final ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်နှင့်ကစားရမည်ဖြစ်သော်လည်း ကျောဒဏ်ရာကြောင့် ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့သည်။ အသက် ၃၃ နှစ်ရှိ ဆွစ်ဇာလန်တင်းနစ်ကစားသမားက ယှဉ်ပြိုင်ရန်ကြံ့ခိုင်မှု မရှိကြောင်း၊ ပရိသတ်များအား တောင်းပန်ပါကြောင်း ကြေညာခဲ့သည်။ ဖက်ဒရားသည် ဝါရင်ကာအား အကြိုဗိုလ်လုပွဲအဖြစ် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်နာရီနှင့် ၄၈ မိနစ်ကြာ ကစားပြီး အနိုင်ရခဲ့သည်။

ဂျိုကိုဗစ်သည် ရာသီကုန်ဖလားကို လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ ဖက်ဒရားသည် အဆိုပါဖလားကို ခြောက်ကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့သော်လည်း ကျောဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

## နယ်သာလန်ဂိုးပြတ်နိုင်

ယူရို ၂၀၁၆ အုပ်စု ခြေစစ်ပွဲများအဖြစ် နယ်သာလန်နှင့် လတ်ဗီးယားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်က ခြောက်ဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ ယင်းပွဲတွင် အာဂျင်ရော်ဘင်နှင့် ကလပ်ဂျန်ဟန်တယ်လာတို့က နှစ်ဂိုးစီသွင်းယူပေးခဲ့သည်။ သို့သော်လည်း သုံးပွဲကစားရာတွင် နှစ်ပွဲရှုံးနိမ့်ခဲ့သည့်အတွက် နည်းပြဟာစ်ဒင့်သည် နုတ်ထွက်ပေးရန် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည်။ ပွဲစပြီးခြောက်မိနစ်အကြာ ဗန်ပါစီက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဘရူမားကလည်း နယ်သာလန်အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။ အခြားပွဲအဖြစ် ဂါးရက်ဘေးလ်ပါဝင်ကစားခဲ့သည့် ဝေလအသင်းက ဘယ်လ်ဂျီယံကို ဂိုးမရှိသရေလိုက်ကစား၍ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဆိုက်ပရက်စ်က အုပ်စု B တွင် အင်ဒိုရာကို ငါးဂိုးပြတ်အနိုင်ရလိုက်၍ ဘယ်လ်ဂျီယံအထက်တက်လာခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ခြေစမ်းပွဲစဉ်နှင့် ယူရိုဂိုးရလဒ်များ သီဟ

**နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ** **နိုဝင်ဘာ ၁၈/၁၉**

| | | | |
|---|---|---|---|
| ဂျပန် | - | ဩစတြေးလျ | ညနေ ၄း၅၀ |
| တရုတ် | - | ဟွန်ဒူးရပ်စ် | ညနေ ၆း၀၅ |
| အီရန် | - | တောင်ကိုရီးယား | ည ၇း၂၅ |
| ဆလိုဗက်ကီးယား | - | ဖင်လန် | ည ၁၀း၃၀ |
| ဘီလာရုစ် | - | မက္ကဆီကို | ည ၁၁း၃၀ |
| ဂရိ | - | ဆားဗီးယား | ည ၁၁း၃၀ |
| ဆလိုဗေးနီးယား | - | ကိုလံဘီယာ | ည ၁၁း၃၀ |
| အက်စ်တိုးနီးယား | - | ဂျော်ဒန် | ည ၁၁း၄၀ |
| ဩစတြီးယား | - | ဘရာဇီး | နံနက် ၀၀း၃၀ |
| ရိုမေးနီးယား | - | ဒိန်းမတ် | နံနက် ၁း၀၀ |
| ယူကရိန်း | - | လစ်သူယေးနီးယား | နံနက် ၁း၃၀ |
| ဟန်ဂေရီ | - | ရုရှား | နံနက် ၂း၀၀ |
| စပိန် | - | ဂျာမနီ | နံနက် ၂း၁၅ |
| ပိုလန် | - | ဆွစ်ဇာလန် | နံနက် ၂း၁၅ |
| အိုင်ယာလန် | - | အမေရိကန် | နံနက် ၂း၁၅ |
| ပေါ်တူဂီ | - | အာဂျင်တီးနား | နံနက် ၂း၁၅ |
| အီတလီ | - | အယ်လ်ဘေးနီးယား | နံနက် ၂း၁၅ |
| စကော့တလန် | - | အင်္ဂလန် | နံနက် ၂း၃၀ |
| ပြင်သစ် | - | ဆွီဒင် | နံနက် ၂း၃၀ |

**နိုဝင်ဘာ ၁၆/၁၇ ယူရိုဖလား ဂိုးရလဒ်များ**

| | | |
|---|---|---|
| နယ်သာလန် | ၆-၀ | လတ်ဗီးယား |
| ချက်ဇ် | ၂-၁ | အိုက်စလန် |
| တူရကီ | ၃-၁ | ကာဇက်စတန် |
| ဘယ်လ်ဂျီယံ | ၀-၀ | ဝေလ |
| ဆိုက်ပရက်စ် | ၅-၀ | အန်ဒိုရာ |
| အစ္စရေး | ၃-၀ | ဘော့စနီးယား |
| အဇာဘိုင်ဂျန် | ၀-၁ | နော်ဝေ |
| ဘူလ်ဂေးရီးယား | ၁-၁ | မော်လ်တာ |
| အီတလီ | ၁-၁ | ခရိုအေးရှား |

**ယူရိုဖလား အုပ်စု(ဇ)**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ခရိုအေးရှား | ၄ | ၃ | ၁ | ၀ | ၁၀ |
| ၂ | အီတလီ | ၄ | ၃ | ၁ | ၀ | ၁၀ |
| ၃ | နော်ဝေ | ၄ | ၃ | ၀ | ၁ | ၉ |
| ၄ | ဘူလ်ဂေးရီးယား | ၄ | ၁ | ၁ | ၂ | ၄ |
| ၅ | မော်လ်တာ | ၄ | ၀ | ၁ | ၃ | ၁ |
| ၆ | အဇာဘိုင်ဂျန် | ၄ | ၀ | ၀ | ၄ | ၀ |



ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
bmwmyanmar.com
BMW
Sheer
Driving Pleasure
The all-new
BMW X4
THE WORLD'S NUMBER ONE
LUXURY CAR BRAND HAS ARRIVED.
THE ALL-NEW BMW X4, NOW IN MYANMAR.
Put your mind at ease with the BMW Service Inclusive (3-years Warranty & Maintenance package) and 1-year Comprehensive Motor Insurance.
To view the cars please visit : #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 2306133, +95 (9) 8633 209 or email : info@pac-bmw.com Facebook : www.facebook.com/BMWPAC
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်း ကတ္တရာလမ်းခင်း ဒေသခံပြည်သူများ ဝမ်းမြောက်



**ရေတာရှည် နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် တောင်ပေါ်မြို့ဖြစ်သည့် လိပ်သိုမြို့နှင့် ရန်ကုန်-မန္တလေးကားလမ်းကို ချိတ်ဆက်ကာ သွားလာနိုင်သော ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်းပိုင်းတွင် ရေတာရှည်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးမှ တာဝန်ယူဖောက်လုပ်လျက်ရှိပြီး ယခုအခါ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ "ခရိုင်ချင်းဆက်လမ်းအထိ ရှစ်မိုင် နှစ်ဖာလုံရှိပါတယ်၊ အခုလေးမိုင် ခြောက်ဖာလုံအထိ ကတ္တရာလမ်းအဖြစ်ခင်းပြီးသွားပြီ ထုံးဘိုကြီးဘက်မှာတော့ မြေပေါ်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အင်ဂျင်နီယာ ဒေါ်ဖြိုးမာသောင်းက ပြောသည်။ တောင်ပေါ်ဒေသထွက်ကုန်များကို တင်ပို့ရာတွင် တောင်ငူမြို့ကိုသာ အဓိကတင်ပို့နိုင်ပြီး ယခုလမ်းပိုင်းသာ ချိတ်ဆက်ပြီးစီးသွားလျှင် ထုံးဘိုကြီးမှတစ်ဆင့် ကရင်ချောင်း-ရေတာရှည်မြို့ကိုအချိန်တိုအတွင်းရောက်ရှိနိုင်မည်ဖြစ်၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်မည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

"လမ်းကကောင်းလာတော့ အခုရွာတွေမှာ ကားတွေဝယ်ကုန်ပြီ၊ ကုန်တင်ယာဉ်တွေကော ကိုယ်ပိုင်ယာဉ်တွေ ပါဝယ်လာကြတယ်၊ ခရီးသည်နဲ့ကုန်တွေက ဒီလမ်းကြောင်းကနေ အဓိကဝင်မှာဆိုတော့ ကားလမ်းတစ်လျှောက်မှာ မြေဝယ်တဲ့သူတွေလည်းရှိတယ်" ဟု ဆင်ဝှေကျေးရွာနေ ဦးလှမွေးက ပြောသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ပြီး မြေဝယ်ယူသူအနေဖြင့် ယခင်ကဧကအလိုက် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် တစ်ပေလျှင် ငွေကျပ်တစ်သိန်းနှုန်းအထိ မြင့်တက်လျက်ရှိသည်ကို တွေ့ရသည်။

စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် ကျေးရွာပေါင်းများစွာရှိပြီး မြစ်ကူးတံတားနှင့် လမ်းပိုင်းအားလုံးပြီးစီးသွားပါက လိုရာခရီးကို အချိန်တိုအတွင်း အဆင်ပြေစွာသွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ငါးဖမ်းရာသီအတွက် ငါးဖမ်းပိုက်ချက်များရောင်းချ

**မော်လမြိုင် နိုဝင်ဘာ ၁၇**

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် မွန်ပြည်နယ် ငါးဖမ်းပိုက်ချက် ပဉ္စမအကြိမ် လေလံတင်ရောင်းချပွဲကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ မောင်ငံရပ် အရာတော်လမ်းရှိ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ယာပုံ)**

မွန်ပြည်နယ် ငါးဖမ်းလေလံအိတ်ဖွင့်တင်ဒါရောင်းချပွဲတွင် မွန်ပြည်နယ်ငါးလုပ်ငန်းလေလံတင်ဒါစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ မွန်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားသည်။



ယခု ပဉ္စမအကြိမ်တွင် ပိုက်ချက် ၂၀ ကို ရောင်းချရာ စုစုပေါင်း ငွေကျပ် ၃၈၁၀၅၀၀၀ ရရှိပြီး မွန်ပြည်နယ်အတွင်း ငါးဖမ်းပိုက်ချက် ၁၀၈ ချက်နှင့် ဂါးခုနစ်လုံးကို ဩဂုတ် ၆ ရက်(ပထမ)အကြိမ်မှ စတင်ရောင်းချခဲ့ရာ ပဉ္စမအကြိမ်အထိ ငါးဖမ်းပိုက်ချက် ၉၀ နှင့် ဂါးခုနစ်လုံး လေလံရောင်းချငွေမှာ ငွေကျပ်၅၈၈၂၉၂၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျန်ငါးဖမ်းပိုက်ချက် ၁၈ ချက်ကို ယခုနှစ်အတွင်း ဆက်လက်ရောင်းချခြင်းမပြုတော့ဘဲ ပိတ်သိမ်းလိုက်ပြီး ပိတ်သိမ်းထားသော ငါးဖမ်းပိုက်ချက်များတွင် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ပါက မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

(လ/၀၁၂)

# ထွက်ပြီးသား အောင်ဘာလေထီများ လိမ်လည်ရောင်းချသူများကို ဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးအုပ်စု ဟွေခိုက်ရွာ ရွှေသာလျောင်းဘုန်းကြီးကျောင်း၌ နိုဝင်ဘာ ၁၃ရက်က ထွက်ပြီးသား ထီလက်မှတ်လိမ်လည်ရောင်းချသူများကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဝမ်လုံးအုပ်စု ဟွေခိုက်ရွာ ရွှေသာလျောင်းကျောင်း(ဂေါပက)အဖွဲ့ဝင် ကိုကံမြင့်နှင့် ကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိတို့သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက ရွှေသာလျောင်းဘုန်းကြီးကျောင်းတွင် ရှိနေစဉ် ထီကိုယ်စားလှယ်ဟု ဆိုသူ မတင်တင်ခိုင်၊ မခင်သီတာထွန်း၊ ဝင်းအောင်တို့သုံးဦးရောက်ရှိလာပြီး ထွက်ပြီးသည့် (၃၁၀)ကြိမ်မြောက် အောင်ဘာလေထီများကို ကျောင်းထိုင်ဆရာတော် ဦးစန္ဒာ သီရိထံသို့ ထီငွေကျပ်ခြောက်သိန်းဖိုးထိုးကမပေါက်လျှင် ငွေကျပ်ငါးသိန်းကျောင်းသို့ ပြန်လှူမည်ပြောပြီး ရောင်းချခဲ့သည့်အဖွဲ့များ ထပ်မံရောက်ရှိလာကာ ဆရာတော်ထံသို့ (၃၁၁)ကြိမ်မြောက် အောင်ဘာလေထီတစ်ဘူးလျှင် အစောင် ၃၀ပါ ရှစ်ဘူး၊ တစ်ဘူးလျှင် အစောင် ၂၀ ပါ ကိုးဘူး၊ တစ်ဘူးလျှင် ၄၅ စောင်ပါ ခြောက်ဘူးပေါင်းထီစောင်ရေ ၆၉၀ တန်ဖိုးငွေကျပ် ၁၃၈၀၀၀ ကို ငွေကျပ် သိန်း ၃၀ ဖြင့် ရောင်းပြီး ယင်းထီအုပ်များထဲမှ သိန်း ၁၀၀ ဖိုး သေချာပေါက်ရ မည်ဖြစ်ကြောင်း ပြောဆိုပြီး ရောင်းချသည့် ထီလက်မှတ်များနှင့်အတူ ထွက်ပြီးသား (၃၁၀)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ် ကိုးစောင်တွဲပါ ငါးအုပ်ကိုထည့်ပြီး လိမ်လည်ရောင်းချသူသုံးဦးကို အရေးယူပေးပါရန် ရွှေသာလျောင်း ကျောင်း(ဂေါပက) အဖွဲ့ဝင် ကိုကံမြင့်က တာချီလိတ်မြို့မရဲစခန်းသို့လာရောက် တိုင်တန်းခဲ့ကြောင်း သိရသည်။

အမှုမှ ထွက်ပြီးသား ထီလက်မှတ်များကို လိမ်လည်ရောင်းချသူ တင်တင်ခိုင်(၄၉နှစ်) ရွှေပြည်သာမြို့နယ်၊ ခင်သီတာထွန်း(၄၃ နှစ်) ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူနှစ်ဦးနှင့် ဝင်းအောင်(၄၂ နှစ်)မအူပင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူတို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး ဒုရဲအုပ်နေမျိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ရေကြည် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ အောက်တိုဘာ ၆ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့ရာ ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ပျက်စီးအမိုးလန်၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့် အိမ်ခြေ ၅၉ အိမ်၊ လူဦးရေ ၂၁၂ ဦးအတွက် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း၊ ဆန်နှင့်ငွေသားတို့အား ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့က လက်ခံယူခဲ့ပြီး လေဘေးသင့်ပြည်သူများလက်ဝယ်သို့ ယင်းပစ္စည်းများကိုအချိန်တိုအတွင်းပေးအပ်ရေးနှင့် ဆောင်ရွက်မှုအခြေအနေ ပြန်လည်တင်ပြရေးတို့ မှာကြားဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **လှမြင့်(iprd)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့


**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၂၇၉၆၈၊ Zongshen ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေသက် ၉/မရမ(နိုင်)၀၀၃၉၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၃၉၈၁၅ Honda C90H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၉/မခန(နိုင်)၀၀၇၀၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၁၂၂၇ Yamaha DT-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးဦး ၁၃/နခတ(နိုင်)၀၇၇၆၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၉၀၃၈ Toyota Corolla CE 107,S/W(4× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၅/ယမပ(နိုင်)၀၃၄၆၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ခ/၇၂၀၄၊ Super Mandalar Mini Jeep, Jeep(4× 2)® ယာဉ်လက်ဝယ်ရှိသူ ဦးတင်နွယ် ၉/အမရ(နိုင်)၀၅၃၇၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၄၅၃၅၆၊ Hibird 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေကျော် ၁/မကတ(နိုင်)၁၀၃၂၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၅၂၉၇၂ Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဌေး ၅/ငဇန(နိုင်)၀၃၅၁၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၂၁၆၅ JLM 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/ခအဇ(နိုင်)၀၃၂၈၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂၆ယ/၂၂၁၉၃ SUBO ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင်စိုး ၁၃/တကန (နိုင်)၂၄၅၃၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၇ယ/၄၆၈၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အဲန်းမေရီ ၂/ဒမဆ(နိုင်)၀၃၈၁၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**သမီးအဖြစ်မှ စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၆) နေ ဒေါ်တင်ညို ၉/မထလ(နိုင်)၁၃၆၄၇၉၏သမီး မနီလာသောင်းအေး ၉/မထလ(နိုင်)၂၀၅၆၀၇ သည် မိဘများစိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ညို ၉/မထလ(နိုင်)၁၃၆၄၇၉**

**သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း**

မချမ်းပိုပိုခင် ၁၁/မဂန(နိုင်)၀၄၁၅၅၂ သည် မိဘများဆိုဆုံးမနေသည့်ကြားမှ မိဘလက်မခံနိုင်သည့်လုပ်ရပ်များကို အကြိမ်ကြိမ်အဖန်ဖန် ပူးပေါင်းကြံစည်လုပ်ဆောင်သွားပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ မချမ်းပိုပိုခင်နှင့်ပတ်သက်သောကိစ္စအဝဝကို နောက်နောင်အခါတွင် လုံးဝ(လုံးဝ) တာဝန်မယူပါ။

**မေးမြန်းစုံစမ်းခြင်းခွင့်မပြု**
**ဦးမောင်ကြွင်း-ဒေါ်မမလေး**
**ဦးအောင်ပို-ဒေါ်ဖြူဖြူ**

**ကွာရှင်းပြတ်စဲပြီးစီးခြင်း**

ကျွန်တော် ကိုနိုင်ထူးဝင်း ၇/သနပ(နိုင်)၀၀၀၈၄၅နှင့် မဥမ္မာအောင်(ခ)မယု ၉/မနမ(နိုင်)၁၂၃၀၄၀ တို့သည် ၁၃-၁၁-၂၀၁၄ ရက်၌ တာမွေတရားရုံးတွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေအပ်ပါသည်။

**ကိုနိုင်ထူးဝင်း**
**၇/သနပ(နိုင်)၀၀၀၈၄၅**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပ

## ရန်ကုန်

(၉၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မရမ်းကုန်းမြို့နယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုင်းယောင်း

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မိုင်းယောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းက ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင်နှင့် မြို့နယ်ရဲမှူး ဦးမြင့်ဆွေတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ညောင်လေးပင်

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အထက (၁) ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၄)နှစ်မြောက်အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ များတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ကံ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဉက္ကဌ ဦးသိန်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မော်လမြိုင်ကျွန်း

(၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားနှင့် အမျိုးသားနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီ စာကုံးပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၄) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဖတ်ကြားသည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



# တိုးချဲ့တည်ဆောက်လျက်ရှိသည့် အမှတ်(၁)ပေါက်တံတား(အုန်းတော)

**ပေါက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော)သည် ၂၀၁၀ပြည့်နှစ် ဂီရိနှင့် ၂၀၁၁ခု အိုတူးဘီမုန်တိုင်းများနှင့် နှစ်ကြိမ် ဆက်လက်မျောပါပျက်စီးခဲ့ပြီး တိုးချဲ့ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ယူတည်ဆောက်လျက်ရှိသည့် အထူးစီမံကိန်းကြီးအဖွဲ့(၃)အင်ဂျင်နီယာက ပြောကြားသည်။

အဆိုပါ တံတားသည် ဆိပ်ဖြူ-ကံတော-ပေါက်ကားလမ်း မိုင်တိုင် (၄၉/၁-၄၉/၆)ကြား၊ ပခုက္ကူ-မင်းတပ်-မတူပီ ပြည်ထောင်စု ကားလမ်းပေါ်ရှိ ပခုက္ကူနှင့် ပေါက်မြို့ကြား လမ်းသစ် (တောင်ဘက်)လမ်းတွင် တည်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ တိုးချဲ့ပြုပြင်ခဲ့ခြင်းဖြစ်သည်။ တံတားအုတ်မြစ် ၁ ဒသမ ၂ နှင့် ၁ ဒသမ ၅ မီတာအချင်းရှိ သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစား၊ ပေ ၆၀ RC နှင့် ပေ ၉၀ (PC) Grirder ရက်မများနှင့် သံကူကွန်ကရစ် ကြမ်းခင်းဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

ယခင်တံတားကို ပြုပြင်ရာတွင် ပေ ၆၀ အရှည်ရှိ အခန်း ၂၃ ခန်း ပါဝင်ပြီး စုစုပေါင်း မူလတံတားအရှည် ပေ ၁၃၈၀ ရှိကာ သံကူကွန်ကရစ် ရက်မလေးခုဖြင့် အကျယ် ၂၀ ပေ ရှိသည်။ ယာကြီးပြင်ဘက်ကမ်း၌ ထပ်မံတိုးချဲ့တည်ဆောက်ရာတွင် ပေ ၆၀ အရှည်ရှိ အခန်းခြောက်ခန်း၊ ပေ ၉၀အရှည်ရှိ အခန်း ၁၆ခန်း စုစုပေါင်း တိုးချဲ့တံတားအရှည် ပေ ၁၈၀၀ရှိပြီး သံကူကွန်ကရစ် ရက်မလေးခုဖြင့် အကျယ် ၂၅ ပေရှိသည်။

မူလနှင့် ထပ်တိုးတံတားတို့၏ စုစုပေါင်း တံတားအရှည် ပေ ၃၁၈၀ ရှိပြီး တံတားခံနိုင်ဝန် ၃၆ တန် နှစ်လမ်းသွားဖြစ်သည်။ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၉၀၀ ဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်မှု ၈၈ ရာခိုင်နှုန်း ပြီးစီးနေပြီး တည်ဆောက်ရန်လိုအပ်သည့် ခွင့်ပြုဘဏ္ဍာငွေကို တင်ပြတောင်းခံထားလျက်ရှိသည်။ ချဉ်းကပ်တံတားများကိုလည်း အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# မော်လမြိုင်ကျွန်းမြို့နယ် သံဃာ့ဆေးရုံတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၇**

မော်လမြိုင်ကျွန်းမြို့နယ် သံဃာ့ဆေးရုံတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

ယင်းပန္နက်တင် မင်္ဂလာအခမ်းအနားသို့ နာယကဆရာတော်များနှင့် မြို့နယ်သံဃာ့နာယက ဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဌ ဒေါက်တာလှဟန်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဌ ဦးလှစိုးနှင့် ကော်မတီဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာအေးအောင်နှင့် ဝန်ထမ်းများ၊ သံဃာ့ဆေးရုံဆောက်လုပ်ရေး ကော်မတီဝင်များနှင့် မြို့နယ်သံဃာ့ဆေးရုံ တည်ဆောက်ရေး အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ပန္နက်တိုင်အမှတ်(၁)ကို နာယကဆရာတော်များနှင့် မြို့နယ် သံဃာ့နာယကဆရာတော်များကလည်းကောင်း၊ ပန္နက်တိုင်အမှတ် (၂)ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကလည်းကောင်း၊ ပန္နက်တိုင်အမှတ်(၃)ကို မြို့နယ်သံဃာ့ဆေးရုံ တည်ဆောက်ရေး အလှူရှင် ဦးကျော်ငွေး-ဒေါ်ရှုသင်း အော်စကာစတိုး မိသားစုများကလည်းကောင်း မင်္ဂလာပန္နက်တင်စိုက်ထူပေးကြသည်။

အဆိုပါ မြို့နယ်သံဃာ့ဆေးရုံကို မော်လမြိုင်ကျွန်းမြို့နေ အလှူရှင် ဦးကျော်ငွေး-ဒေါ်ရှုသင်း သားမောင်ဝဏ္ဏဖြိုးနှင့် မောင်ဝေယံလင်း အော်စကာစတိုး မိသားစုတို့က ငွေကျပ် သိန်း ၃၀၀ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်သံဃာ့ဆေးရုံ အဆောက်အအုံမှာ အလျား ၄၈ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီကွန်ကရစ်တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၂၉၇၁ LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာမာထွန်း ၅/မမတ(နိုင်)၀၄၉၃၂၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၃၈၀၈ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင်မောင် ၉/အမဇ(နိုင်)၀၂၁၆၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၂၁၆/၂၁၇၊ ဒေါ်ခင်စန်းသိန်း အမည်ပေါက် အစိုးရမြေမျိုးမြေကွက်အား ဒေါ်ခင်စန်းသိန်း ၅/စတန(နိုင်)၀၁၈၆၇၅ (ဘ) ဦးတင်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ညောင်ငါးပင်တောင်ရွာနေ ဦးသံဒိုင်၏သား မောင်မင်းမင်းဆွေ ၉/တကန(နိုင်) ၁၃၂၃၄၈သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးသံဒိုင်-ဒေါ်ဆယ်ရင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တန့်ဆည်မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

ဒေါ်တင်ဝင်း **နှင့်**
၁။ ဒေါ်တင်လင်း
၂။ မသန်းသန်းဆွေ
၃။ မောင်ကျန်းမောင်
၄။ မနွဲ့ယဉ်ဝင်း
၅။ မောင်ဝင်းမင်းစိုး
၆။ မနွဲ့ယဉ်သင်း
၇။ မောင်ဝင်းမင်းနိုင်
၈။ မနွဲ့ယဉ်ထွန်း
၉။ မနွဲ့ယဉ်စိုး
၁၀။ ဦးဝင်းတင့်
၁၁။ ဒေါ်မာလွင်

**တရားလို** **တရားပြိုင်များ**

တရားပြိုင် (၃) မောင်ကျန်းမောင်၊ တရားပြိုင် (၅) မောင်ဝင်းမင်းစိုး၊ တရားပြိုင် (၇) မောင်ဝင်းမင်းနိုင် ထန်းပင်ဆိပ်ကျေးရွာ၊ ရွာရှည်(မ)ကျေးရွာအုပ်စု၊ တန့်ဆည်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်တင်ဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**မြို့နယ်တရားသူကြီး**
**တန့်ဆည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်မြို့နယ် တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၅**

ဦးစိုးသိန်း(ခ)ဦးအမ်ဂန်နီ **နှင့်** မထွေးထွေးမူ
**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ၈လမ်း၊ အမှတ်(၄)နေ တရားပြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ်-၂၅၂/၂၀၁၃ စာချုပ်စာတမ်းအား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃ ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## အမည်ပြောင်း

အေးသာယာမြို့၊ အလက(၃) သတ္တမတန်း(ခ)မှ မောင်နေလင်းထွန်းအား ယနေ့မှစ၍ မောင်သန့်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သန့်ဇင်**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ

**နမ့်ခမ်း နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့က မန်အောင်ကျေးရွာ ပြည်သူလူထုနှင့် ပူးပေါင်းဆောက်လုပ်ပြီးစီးသော ပေ(အလျား ၁၂၀×အနံ ၃၀) သံကူကွန်ကရစ် စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က မန်အောင် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လွေးချို နိုင်ရှိန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းလှ၊ နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးတင်လေး၊ မန်အောင်ကျေးရွာ ရပ်မိရပ်ဖ ဦးမိုင်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



ယင်းနောက် ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ဆက်လက် ကျင်းပရာ နတလဦးစီးအရာရှိ ဦးနိုင်အောင်နှင့် စေတနာအဖွဲ့အမှုဆောင် ဒါရိုက်တာ ဦးတင်လေးတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စာသင်ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော အချက်အလက်များနှင့် မှတ်တမ်းဓာတ်ပုံများကို စေတနာအဖွဲ့မှ အမှုဆောင်ဒါရိုက်တာက မြို့နယ်ပညာရေးမှူး ဒေါ်သန်းလှထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး မန်အောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် စာရေးခုံထိုင်ခုံ အစုံ ၆၀၊ ဆရာစားပွဲ လေးစုံ၊ Whiteboard ရှစ်စုံနှင့် ပညာရေးပဒေသာပင် ငွေကျပ် ၆၄ သိန်းကို ဒေသခံပြည်သူများသို့ ပေးအပ်ခဲ့သည်။ ကျောင်းအုပ်ကြီး ဦးလင်းထင်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကျောင်းဆောင်သစ်ကို မေ ၃၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် ဆောက်လုပ်ပြီးစီးကာ ငွေကျပ် ၄၃၆ သိန်းကျော်အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)** **ဉာဏ်မင်း(နမ့်ခမ်း)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆေးရုံကြီးများတွင် ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏



စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ဦးစီးဌာနအောက်ရှိ စူးစမ်းလေ့လာရေး၊ ဘူမိဗေဒ၊ ဇလဗေဒ၊ ဒီဇိုင်းနှင့် ပုံထုတ်၊ ဖြည့်တင်းရေး၊ စက်မှု တိုင်း(၁)နှင့် တည်ဆောက်ရေး(၁)၊ (၆)၊ (၉)တို့မှ ဝန်ထမ်းအင်အား ၅၀၀ ကျော်တို့သည် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးနှင့် မျက်စိအထူးကုဆေးရုံကြီးတို့တွင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းများကို ဌာန၏ စက်၊ ယာဉ်၊ ယန္တရားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)ဦးသန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပူတာအို၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ စီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေး

**ပူတာအို နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၇)စီမံချက်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအနက် အသက် (၁၀)နှစ်ပြည့်နှင့် အသက်(၁၈နှစ်)ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူ ၁၁၈ ဦးအား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်ယော်ထုန်နှင့် လက်ထောက်လဝကမှူးများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့၊ ခရိုင်လဝက လက်ထောက်ညွှန်ကြားရေးမှူး၊ အထက-ပူတာအို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်နှင့် မြို့နယ်လဝကဦးစီးမှူးတို့က ဝိုင်းဝန်းကြီးကြပ်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းစီပေးအပ်သည်။

အလားတူ မိုးပွင့်အဆင့်(၇)စီမံချက်အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ပူတာအိုမြို့နယ်အတွင်းကျန်ရှိသည့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ မြို့ပေါ်ရပ်ကွက် ၁၀ခုနှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ စီမံချက်ကာလအတွင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန် (iprd)**

# မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဖွင့်ပွဲကျင်းပ

**တနိုင်း နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက တနိုင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနိုင်းမြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများမရှိသော သွားရောက်ရန်ခက်ခဲသည့်ကျေးရွာများ၌ နေထိုင်သည့်ကိုယ်ဝန်ဆောင်များ၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီရရှိစေရေးအတွက် ရည်ရွယ်ပြီးသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုအခြေခံများ၊ ကူးစက်ရောဂါများဖြစ်ပွားကူးစက်မှု လျော့ကျရေးအခြေခံများ၊ သာမန်ဖျားနာမှု စောင့်ရှောက်ရေးအခြေခံများကို စာတွေ့သုံးလနှင့် လက်တွေ့သုံးလ စုစုပေါင်း ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မြို့နယ်အတွင်းရှိ ဝေးလံဒေသများမှ စေတနာ၊ ဝါသနာရှင် သင်တန်းသူ ၂၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်ထွေး(တနိုင်း)**


## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
**နတ်တလင်းမြို့နယ် တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမဓာရီမှုအမှတ် ၂၁**

| | | | |
|---|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ | ဒေါ်အေးမြင့် |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ | (သား)မောင်သူရ |
| | | | လယ်ပြင်လမ်း၊ တာပွန်၊ |
| | | | နတ်တလင်းမြို့နယ် |
| **လျှောက်သူ** | | | **အလျှောက်ခံရသူများ** |

နတ်တလင်းမြို့ ဒေါ်အေးမြင့်၊ (သား)မောင်သူရ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က ဤရုံးသို့ တရားရုံးပိုင်နေအိမ်ခြံမြေအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးအမိန့်ချမှတ်ပေးပါရန်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**နေမျိုး**
**မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် တရားမရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမဓာရီမှုအမှတ်-၁**

| | | | |
|---|---|---|---|
| ခရိုင်မန်နေဂျာ | **နှင့်** | ၁။ | ဒေါ်ခင်သစ်ကျော် |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ | ဦးအေးလွင် |
| သာယာဝတီမြို့ | | | |
| **ဒီကရီအနိုင်ရသူ** | | | **တရားရှုံးများ** |

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဘက်မြို့သစ် ၇လမ်းနေ (၁)ဒေါ်ခင်သစ်ကျော်၊ (၂)ဦးအေးလွင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ တရားနိုင်ဘဏ်က ဤရုံးသို့ သင်တို့၏ဘဏ်အပေါင်ပစ္စည်းများ လေလံတင် ရောင်းချပေးရန် ကြမ်းခင်းဈေး ကျပ် ၁၀၅ သိန်း သတ်မှတ်ပေးစေလိုကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဌေး)**
**မြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အကျိုးတူတန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ ပြည်နယ်/တိုင်းဒေသကြီးများရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် အရစ်ကျငွေပေးချေစနစ်ဖြင့်တန်ဖိုးသင့်ဝန်ထမ်းအိမ်ရာများကို ဝန်ကြီးဌာန မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA)တို့နှင့် ပူးပေါင်းဆောက်လုပ်ဖော်ထုတ်နိုင်ရန်အတွက် ဖော်ပြပါမြေနေရာများတွင် ဆောက်လုပ်ရန်လျာထားပါသည်-

(က) မင်္ဂလာဒုံမြို့နယ်၊ ပေါင်းငူကြက်မွေးမြူရေးခြံ၊ မြေဧရိယာ ၂၃ ဧက [ဆက်သွယ်စုံစမ်းရန် ဒေါက်တာခင်မောင်ဦး(ဒုညွှန်မှူး) ဖုန်း-၀၉-၄၃၀၃၈၀၆၀၊ ၀၉-၄၄၈၀၂၂၃၅၆]

(ခ) မင်္ဂလာဒုံမြို့နယ်၊ ပျားမွေးမြူရေးဌာန၊ မြေဧရိယာ (၄၄.၅၇ဧက) [ဆက်သွယ်စုံစမ်းရန်- ဦးမောင်မောင်အေး (လ/ထညွှန်မှူး) ဖုန်း-၀၉-၄၅၀၀၂၅၇၃၅၊ ၀၁-၆၃၈၂၃၅]

(ဂ) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ-ရပ်ကွက်ရှိ ပျားမွေးမြူရေးဌာန၊ မြေကွက်အမှတ် (H-၂၃၂) ပေါ်ရှိ မြေဧရိယာ ၈ ဒသမ ၅၇၂၄ဧက [ဆက်သွယ်စုံစမ်းရန်- ဦးဝင်းအောင်(ဒုညွှန်မှူး) ဖုန်း-၀၉-၂၀၀၀၈၀၅]

၂။ စိတ်ပါဝင်စားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်/အဖွဲ့အစည်းများသည် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးအမှတ် ၃၆၊ နေပြည်တော်တွင်လည်းကောင်း Website (www.mlfrd.gov.mm) တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုရယူနိုင်ပါသည်။

၃။ အဆိုပြုလွှာများအား ၁၆-၁၂-၂၀၁၄ ရက် ၁၂း၀၀နာရီနောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၃၆၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၄၅၇၊ ၄၀၈၀၅၆၊ ၄၀၈၄၆၅၊ ၄၀၈၄၇၉၊**
**၀၉-၈၃၀၃၂၅၂၊ ၀၉-၅၀၂၉၇၅၉၊ ၀၉-၇၃၁၄၉၈၆၇**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်၊ ရွာလေး(မ)နေ ဦးအုန်းဝင်း၏သား မောင်ဟန်မင်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃၅၈ ခုနှစ် တပေါင်းလဆန်း ၅ ရက်) ဖြစ်ပါကြောင်း။

**မောင်ဟန်မင်းထွန်း**

## သဇင်ပန်း
## သဇင်တိုင်/စိုက်ပြီး

ဖုန်း- ၀၁-၅၆၀၅၆၇၊
၀၉-၃၁၂၆၁၂၆၀

## တိုက်ခန်းရောင်းရန်ရှိသည် (ပွဲစားမလို)

၁။ စမ်းချောင်း ပေ(၁၇×၃၅)၊ မြေညီ+ပထပ်၊ (၂)ထပ် R.C oneset၊ ကြိုးဖုန်း(၁)၊ Aircon(၁)၊ မြေညီ(Hall)ပြင်ပြီး၊ ပထပ် (1MBR+1BR)၊ ပြင်ပြီးအသင့်နေ။ သိန်း(1530)

၂။ စမ်းချောင်း၊ ပေ(၁၆×၇၅)- 1200 sq.ft၊ ပထပ်၊ Lift ပါ၊ ကျွန်းပါကေး၊ MBR (1), BR(1), AC(3)၊ သံပန်းဆန်းရှိတ်၊ ကြွေပြား၊ ဘိုထိုင်(၂)၊ ပြင်ပြီးကွန်ဒို တိုက်ခန်းသစ်။ သိန်း(1890)

**ဆက်သွယ်ရန် ဖုန်း-၀၉-၃၀၂၂၅၉၅၈၊ ၀၉-၇၉၉၆၅၇၇၂၉**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပိုလီယိုကင်းစင်နိုင်ငံများတွင် မြန်မာပါဝင်လာ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ကမ္ဘာတစ်ဝန်း ပိုလီယိုရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် ပိုလီယိုရောဂါ ကင်းစင်သောနိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က နိုဝင်ဘာ ၁၅ ရက်က ထုတ်ပြန်သော ကြေညာချက်၏ ဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကာကွယ်ရေးအတွက် နှစ်စဉ်ရောဂါကာကွယ်ဆေးတိုက်နေ့များ သတ်မှတ်လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက် ငါးနှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့်အတူ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဘူတန်၊ တောင်ကိုရီးယားနှင့် အရှေ့တီမော နိုင်ငံများကိုလည်း ပိုလီယိုကင်းစင်နိုင်ငံများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်းနှင့် အဆိုပါနိုင်ငံများတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေးကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင်မူ ပိုလီယိုရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ ပိုလီယိုပိုးရပ်စ်အမျိုးအစား ပုံစံသုံးမျိုးရှိသည့်အနက် ပုံစံ(၃) ပိုလီယိုရောဂါပိုးရပ်စ်ကို ပါကစ္စတန်၌ မကြာမီကတွေ့ရှိထားကြောင်း သိရသည်။ ပိုလီယိုပိုးရပ်စ်သည် လျင်မြန်စွာကူးစက်နိုင်သော ရောဂါတစ်မျိုးဖြစ်ပြီး လူတစ်ထောင်လျှင်တစ်ဦးမှာ အကြောသေရောဂါဖြင့် သေဆုံးလေ့ရှိကြောင်း၊ ပိုလီယိုပိုးရပ်စ်ပိုး ပုံစံသုံးမျိုးရှိသည့်အနက် ပုံစံ (၁) နှင့်(၂)ကို အောင်မြင်စွာတိုက်ဖျက်နိုင်ခဲ့ပြီးဖြစ်ရာ ကမ္ဘာတစ်ဝန်း ပိုလီယိုရောဂါတိုက်ဖျက်မှု ၈၀ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ်အဖြစ် နှစ်စဉ် ကာကွယ်ဆေးတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖြင့် တစ်နိုင်ငံလုံးရှိ အသက် ငါးနှစ်အောက်ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**မောင်နွေသစ်**

## သတင်းတို

### သက်ကြီးဘိုးဘွားများနှင့် သီလရှင်ဆရာကြီးများအား ပူဇော်ကန်တော့

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၂ ရက်က မြို့ပေါ်ရှိ သက်ကြီးဘိုးဘွားများအား အလှူငွေများကို အိမ်အရောက်သွားရောက်ကန်တော့ခဲ့ကြောင်းနှင့် စိတ္တရာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ စာသင်ခုံများဝယ်ယူရန် အလှူငွေများကို လည်းကောင်း ပေးအပ်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စွမ်းအားမြင့် A1 မီးဖိုများ ထောက်ပံ့ပေးအပ်

**မြင်းမူ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စွမ်းအားမြင့် A1 မီးဖိုများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ပြီး စွမ်းအားမြင့် A1 မီးဖို အလုံး ၆၅၀ ကို မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ အိမ်ထောင်စု ၆၅၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မီးဖိုများထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သစ်ပင်များမပြုန်းတီးရေး၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချရေး စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စွမ်းအားမြင့် A1 မီးဖိုများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် ဦးသိန်းဆွေတို့က ဆပ္ပကုန်းကျေးရွာနှင့် လက်ပန်ကျင်းကျေးရွာများအတွက် လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဂုညင်းဆိပ်ကျေးရွာအတွက် လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ဂရုကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်က မူးမန္တလေးကျေးရွာအတွက် လည်းကောင်း၊ မြို့နယ်စိမ်း/စိုဦးစီးမှူး ဦးကျော်မင်းစိုးက မဲနော ကျေးရွာအတွက် လည်းကောင်း စွမ်းအားမြင့် A1 မီးဖိုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



**ဖိုးခါး(iprd)**

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာများ ပညာပေးဟောပြော

**ကျိုင်းတုံ နိုဝင်ဘာ ၁၇**

ချင်းပြည်နယ်အတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျိုခါးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီးဦးစိုးမောင်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်အောင်က ချင်းပြည်နယ်အတွင်း ၂၀၁၁ မှ ၂၀၁၄ ခုနှစ်အတွင်း ဇီဝမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်းအတွက် သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ခြင်း၊ မီးကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ကာဗွန်စုပ်ယူသိုလှောင်နိုင်မည့် သစ်တောစိုက်ခင်း ဧက ၃၅၈၀ စိုက်ပျိုးတည်ထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လ ၃၀ စီမံချက်ချမှတ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းစခန်းများဖြစ်သည့် ရိဒ်ရေကန်၊ ဘွေပါးတောင်နှင့် လိုင်ဗားဒေသ ဖိန်မူတောင်စသည့် သဘာဝတောတောင်လျှိုမြောင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့်နေရာများတွင် အဓိကထားဆောင်ရွက်နေကြောင်း၊ ပြည်နယ်ဝန်ကြီးဌာနရုံး၏ မှတ်တမ်းများအရ ချင်းပြည်နယ်တွင် မြေဧရိယာစုစုပေါင်း ၈၉၀၀၄၅၉ ဧကရှိပြီး ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၁၄၅၃၄၅၉ ဧကရှိကြောင်း အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲ ကွမ်းလုံမြို့နယ်၌ ကျင်းပ

**ကွမ်းလုံ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် အရန်သားဖွားဆရာမမွမ်းမံသင်တန်း(၂၀၁၄) ဆင်းပွဲကို နိုဝင်ဘာ ၁၄ ရက်က ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က သင်တန်းဖွင့်လှစ်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းသို့ ကွမ်းလုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။ သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖူကြာမုန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအယ်လ်တိန်းဘောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်းမြို့)

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)အတွက် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါကြောင်း ကြေညာအပ်ပါသည်။

**စဉ် ပြုပြင်မည့်အကြောင်းအရာ**

၁။ နှစ်ထပ်စာသင်ဆောင်ပြုပြင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၅-၁၂-၂၀၁၄ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၅၄၅ နှင့် ၀၆၁-၅၁၃၅၈တို့တွင် စုံစမ်းနိုင်ပါသည်။

**ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့
အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)
ဖုန်း-၀၉-၃၃၀၂၇၈၂၅**



**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် အမှုပြီးပြတ်သော ဘဏ္ဍာသိမ်းမော်တော်ယာဉ် (၈၂)စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားရန်ရှိသဖြင့် မည်သူမဆို/မည်သည့်အဖွဲ့အစည်းမဆို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ အဆိုတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၆-၁၂-၂၀၁၄ရက် နံနက် ၉နာရီတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဘားအံမြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၁၀၅၂၊ ၀၅၈-၂၂၂၆၀၊ ၀၅၈-၂၁၁၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာသိမ်းမော်တော်ယာဉ်များ
တင်ဒါရောင်းချရေးကော်မတီ
ဘားအံမြို့**



ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် နိုဝင်ဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**Marketing Management Course for Entrepreneurs**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၁၉-၁၁-၂၀၁၄ ရက်မှ ၂၈-၁၁-၂၀၁၄ ရက် (ညနေပိုင်း ၈ရက်သင်တန်း)

**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်-** ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

**ဖုန်း-** ၅၂၂၈၇၅၊ ၅၂၂၈၇၆



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Upper Yeywa) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.26/DHPI Concrete Pole/ 2014-2015**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| 1. | Concrete Pole (12m) | No | 100 |
| 2. | Concrete Pole (15m) | No | 5 |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိတ်ပိတ်၍ ၃-၁၂-၂၀၁၄ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Over all Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၉ယ/၅၄၃၀၅ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်နိုင် ၁၄/ဟသတ(နိုင်)၀၂၇၉၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၆ယ/၇၆၆၅၆ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှခိုင်ထွေး ၁၄/ဇလန(နိုင်)၀၉၉၆၀၃က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## သတင်းတို

### မောင်တောမြို့၌မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

မောင်တောခရိုင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၉/ခ) ရှိ တောင်သူပညာပေးစံပြကွက် ဧက ၅၀ ၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ တစ်ဧက အခြောက်အထွက်နှုန်း ၁၃၃ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်စန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြေစာရင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ပုလဲသွယ်စိုက်ခင်း ခြွေလှေ့စက်ဖြင့်ရိတ်သိမ်း

**ညောင်ရွှေ နိုဝင်ဘာ ၁၇**

ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုတွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ဗီယက်နမ်ပုလဲသွယ်စပါးမျိုးနှင့် ပုလဲသွယ်ဘာစမာတီစပ်မျိုးစပါး စံပြစိုက်ခင်း ၁၃ ဒသမ ၉၄ ဧကကို နိုဝင်ဘာ ၁၃ ရက်က ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ခဲ့ကြောင်း သိရသည်။

ရိတ်သမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းကြောင့် သီးနှံအလေအလွင့် ဆုံးရှုံးမှုလျော့နည်းခြင်း၊ အချိန်ကုန်ငွေကုန်သက်သာခြင်း၊ လုပ်သားရှားပါးမှုပြဿနာများကိုဖြေရှင်းပေးနိုင်ခြင်း စသည့်အခြေအနေများကို တောင်သူများ လက်တွေ့သိမြင်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုလို ပြသဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကောင်းရမည့် အထွက်ကောင်းမျိုးနှင့် အထူးအထွက်တိုးစပ်မျိုးများ ပြောင်းလဲအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များပြောင်းလဲ အသုံးပြုခြင်းနှင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

ပုလဲသွယ်စံပြစိုက်ခင်းမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ဗီယက်နမ်ပုလဲသွယ် တစ်ဧကအထွက်နှုန်း(အစို) ၁၈၁ ဒသမ ၄၃ တင်း၊ (အခြောက်) ၁၆၀ ဒသမ ၁၀ တင်း၊ ပုလဲသွယ်ဘာစမာတီ တစ်ဧကအထွက်နှုန်း(အစို) ၁၁၅ ဒသမ ၆၉ တင်း၊ (အခြောက်) ၁၀၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်တွင်၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ် ၁၀၂၃၃ ဧက၊ ယာ ၆၀၇၈ ဧက၊ တောင်ယာဧက ၂၄၀ စိုက်ပျိုးနိုင်ခဲ့ပြီး ရွှေရင်အေး ၆၄၅၁ ဧက၊ ဆင်းရွှေဝါ ၁၁၀၆ ဧက၊ ရွှေဝါထွန်း ၁၁၈၉ ဧက၊ ပုလဲသွယ် ၁၄၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**




## နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်းမီနီမာရသွန်ပြိုင်ပွဲ ပုဂံ၌ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်း မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲ (Bagan Temple Marathon)ကို ထီးလိုမင်းလိုဘုရား အရှေ့ဘက်မုခ်ကွင်းပြင်၌ နိုဝင်ဘာ ၁၅ ရက် နံနက်က ကျင်းပခဲ့သည်။

နံနက် ၇ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က စတင်တာလွှတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကြရာတွင် မီနီမာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Mr.Carlos Guerra Crespo(စပိန်)က ပထမ၊ ကိုကြည်စိုး(မြန်မာ)က ဒုတိယ၊ Mr. Adrian Schieber (ဂျာမနီ)က တတိယ၊ မီနီမာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Miss. Tracey Jean King (ဩစတြေးလျ)က ပထမ၊ Miss. Heidy Heffner (အမေရိကန်)က ဒုတိယ၊ Miss. Natasha Martin(ကနေဒါ)က တတိယတို့ရရှိခဲ့ကြသည်။ မာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Mr.Oliver Carey(နယူးဇီလန်)က ပထမ၊ Mr.Lars Henrik Mattfolk (ဆွီဒင်)က ဒုတိယ၊ Mr. Luis Arturo Vieyra Buenfil (မက္ကဆီကို)က တတိယ၊ မာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Miss. Alma Edith Gomez-Vanallman (အမေရိကန်)က ပထမ၊ Miss. Ingrid Helene Jensen(နော်ဝေ)က ဒုတိယ၊ Miss. Nicola Jean Simpson (တောင်အာဖရိက)က တတိယတို့ ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ဒိန်းမတ်၊ အမေရိကန်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၀ မှ အားကစားသမား ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေး သေတ္တာများဖြန့်ဝေပေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၇**

ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာစီမံချက်အရ ဆေးသေတ္တာနှင့် ဆေးသေတ္တာပါ တိုင်းရင်းဆေးဝါးများကို အလွယ်တကူအသုံးပြုနိုင်ရေးအတွက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ပြင်ဦးလွင်မြို့နယ်အတွင်း ကျေးရွာ၊ ရပ်ကွက်များသို့ နိုဝင်ဘာ ၁၅ ရက်က ဖြန့်ဝေပေးခဲ့သည်။

ပြင်ဦးလွင်မြို့ အထက(၁) ဧရာဝတီခန်းမဆောင်၌ ကျင်းပသော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးသေတ္တာပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မြို့နယ်တိုင်းရင်းဆေးမှူးက ဆေးသေတ္တာတာဝန်ခံများလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းရင်းဆေးသေတ္တာများကို တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ခံများထံပေးအပ်ခဲ့ပြီး တိုင်းရင်းဆေးသေတ္တာတာဝန်ခံများအား တိုင်းရင်းဆေးသုံးစွဲနည်းသင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။ **(၄၃၂)**


### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပေးစက်ရုံများရှိ Frame V,Frame VI ဓာတ်ငွေ့နှင့် ရေနွေးငွေ့တာဘိုင်စက်များအတွက် Topping Up ပြုလုပ်ရန်အတွက် လိုအပ်သော စက်ဆီ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

### ကန့်ကွက်နိုင်ပါကြောင်း

ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်(ယခင်ပင်လုံရပ်ကွက်)၊ အောင်မေတ္တာလမ်းရှိ အရှေ့လားသော် ဦးပေါင်ငိုလွန်း၊ အနောက်လားသော် ဒေါ်ကျင်လျှန်ဒိမ်း၊ တောင်လားသော် အောင်မေတ္တာလမ်း၊ မြောက်လားသော် ဦးသိန်းဌေး အလား(၄)ရပ်အတွင်း ပေ(၃၀×၄၈) အကျယ်ခြံဝင်းမြေကို ဦးသန်းဝင်း-ဒေါ်ထန်အင်းမန်တို့ထံမှ ဒေါ်ခင်သန်းထွေးက ဝယ်ယူပိုင်ဆိုင်ပြီး မြေစာရင်းဌာနတွင် အမည်ပေါက်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန့်ဇင်ထွန်း အထက်တန်းရှေ့နေ (စဉ်-၄၃၂၄၁)**
**အနော်ရထာလမ်း၊ တပ်ဦးသီတာရပ်ကွက်၊ ကလေးမြို့၊ ဖုန်း-၀၉-၂၅၀၀၆၁၂၈၈**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးဖေတင် ၁၂/သကတ(နိုင်)၀၂၈၇၇၈ | ဒေါ်လတ်လတ်သန်းရွှေ ၁၂/ဗတထ(နိုင်)၀၂၆၃၁၁ | တိုက်(ဘီ-၃)၊ အခန်း ၂၀၇၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြဝတီ၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ၀ဒသမ ၁၃၃ဧကရှိ ဒေါ်ငွေရင် အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ငွေရင် ၉/တကန(နိုင်)၀၀၅၇၅၂ (ဘ) ဦးကံဘော်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၀၇၆)အမည်ပေါက်ဦးခင်ဇော်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သိန်းသိန်းခိုင် ၁၄/မမန(နိုင်)၀၀၉၈၅၀မှမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၄၈၅၄ Thit Sar Oo, L/T ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၁၁/သတန(နိုင်)၀၂၁၆၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

### ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၁၅၊ မြေကွက်တည်နေရာအမှတ် ၈၁၅၊ ဗိုလ်နေဝင်းလမ်း၊ ဒလမြို့နယ် (ဒေါ်သင်းသင်းဝေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သင်းသင်းဝေထံမှ ၂-၃-၁၉၉၈နှင့် ၂၈-၁၁-၂၀၁၁ရက် မြေကွက်အမှတ် ၇၇၁၊ မြေကွက်တည်နေရာအမှတ် ၇၇၁၊ ပုဂံလမ်း၊ ဒလမြို့နယ်(ဦးဂျော်နီ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဂျော်နီထံမှ ၂၇-၁၀-၁၉၉၉နှင့် ၂၄-၁၁-၂၀၁၁ရက် မြေကွက်အမှတ် ၁၄၄၈၊ မြေကွက်တည်နေရာအမှတ် ၁၄၄၈၊ မဟာဗန္ဓုလလမ်း၊ ဒလမြို့နယ် (ဦးတင်အေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်အေးထံမှ ၁၆-၁၁-၁၉၉၃ နှင့် ၂၂-၈-၂၀၁၁ရက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘောရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၅မှ (၁၆-၁၂-၂၀၁၃)ရက် ကတိသစ္စာပြုလွှာသေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အသိပေးကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၌၊ မြေကွက်အမှတ် ၉၄၃/က၊ မြေကွက်တည်နေရာအမှတ် ၉၄၃/က၊ ဣန္ဒြာ ၁၁ လမ်း ဦးကျော်အောင် ၁၂/ဥကမ(နိုင်)၀၆၆၅၄၃၊ ဒေါ်စောကြည် ၁၂/ဥကမ(နိုင်)၀၆၆၅၄၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်၊ ဖခင်ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၂၉၄၂/၂၀၁၄ဖြင့်ရရှိသူ ဒေါ်မာမာလွင် ၁၂/ဥကမ(နိုင်) ၁၀၁၁၆၆၊ ဒေါ်သိန်းသိန်းထွေး ၁၂/ဥကမ(နိုင်)၁၇၆၁၉၀၊ ဦးအောင်မင်း၁၂/ပဇတ(နိုင်)၀၀၂၄၁၂၊ ဦးခင်ဇော် ၁၂/ဥကမ(နိုင်) ၀၀၀၄၂၄၊ ဦးမျိုးကြည် ၁၂/ဥကမ(နိုင်)၀၂၇၁၅၉ တို့မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ၎င်းတို့ထံမှ GP-၃၆၈၆/၁၄ ဖြင့်ရရှိသူ ဒေါ်သန်းသန်းဌေး ၁၂/ဥကမ(နိုင်)၀၃၅၂၃၆ မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးကျော်အောင်+၁ အမည်ပေါက် မြေငှားစာချုပ်အမှတ် မဥ/၌-၁၀၉၉/၉၃ (၂၇-၉-၉၃) နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကျန်းမာရေးပညာပေးဆောင်းပါး

# မိခင်နို့သာ ရင်သွေးကလေးငယ်များအတွက် အကောင်းဆုံးပါ

ဒေါက်တာဘီကျော်

ရင်သွေး ကလေးငယ်များကို အသက် နှစ်နှစ်အရွယ်အထိ မိခင်နို့ တိုက်ကျွေးပြီး နှစ်နှစ်ကျော်လျှင်တော့ နို့ဖြတ်ရပါသည်။ နို့ဖြတ်ပြီး ထမင်းနှင့်တကွ သရေစာများကို ကျွေးနိုင်ပါပြီ။ နှစ်နှစ်ကျော်သည့်တိုင် မိခင်နို့ ဆက်တိုက်နေပါက ကလေးနို့ ပိုးစားနိုင်ပြီး တစ်ဖန် မိခင်နို့တစ်မျိုးတည်းဖြင့် အာဟာရလုံလောက်မှုလည်းမရှိပါ။ မိခင်မှာလည်း နို့တိုက်နေရသဖြင့် ကျန်းမာရေးအားလျော့နိုင်ပါသည်။

ခေါ်ပါသည်။ စင်စစ်အားဖြင့် ကလေးကျင့်သားရရန် ရင်သွေးငယ် အသက်လေးလအရွယ်မှစ၍ ဖြည့်စွက်စာများကို စတင်လေ့ကျင့်ကျွေးပေးသင့်ပါသည်။ သို့မှသာ ရင်သွေး ခြောက်လအရွယ်တွင် ကျင့်သားရပြီး စားတတ်သွားမည်ဖြစ်သည်။

ကလေးမိခင်တိုင်းသည် အကြောင်းမရှိဘဲ ကလေးကို မိခင်နို့မတိုက်ဘဲ နို့မှုန့်ဖျော်တိုက်ခြင်းကို မပြုလုပ်သင့်ပါ။ နို့မှုန့်သည် မိခင်နို့ရည်လောက် မကောင်းပါ။ မိခင်နို့ရည်ကသာ ရင်သွေးကလေးငယ်အတွက် အကောင်းဆုံးဖြစ်သည်။



ရင်သွေးငယ် အသက်ခြောက်လ အရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရပါမည်။ မိခင်နို့ တစ်မျိုးတည်းဖြင့်လည်း ရင်သွေးငယ် အတွက် အာဟာရ လုံလောက်ပါသည်။ ကလေးအသက် ခြောက်လ အရွယ်အထိကို ဆေးပညာအရ ရင်သွေးငယ် (infant) ဟု ခေါ်ပါသည်။ ကလေးအသက် ခြောက်လကျော်လျှင် မိခင်နို့နှင့်တွဲဖက်၍ ဖြည့်စွက်စာ (Supplementary diet) ကို စကျွေးရပါမည်။ ဖြည့်စွက်စာဆိုသည်မှာ အခြားမဟုတ် ငှက်ပျောသီး၊ ထမင်းပျော့ပျော့၊ အာလူးပြုတ်၊ သင်္ဘောသီးမှည့် စသော ပျော့ပြီး အစာကြေလွယ်သည့် စားစရာများကို

သို့တိုင် မိခင်အချို့သည် ကလေးငယ်ကို မိခင်နို့ရည်မတိုက်ဘဲ နို့မှုန့်ဖျော်တိုက်နေကြပေရာ မိခင်နို့ရည်တိုက်ရန် လှုံ့ဆော်သည့်အနေနှင့် နှစ်စဉ် ဩဂုတ်လ၏ ပထမပတ်ကို မိခင်နို့ရည်တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းလုံးတွင် လှုံ့ဆော်မှုများကို ပြုလုပ်နေပါသည်။

သာဓကအနေနှင့် မိခင်နို့ရည်ကို အသက် ခြောက်လအောက် ရင်သွေးငယ်များအား တိုက်ကျွေးမှု ၂၀ ရာခိုင်နှုန်းထက် လျော့နည်းသော ဗီယက်နမ်နိုင်ငံတွင် ၂၀၁၄ ခုနှစ် ဩဂုတ်လ ပထမပတ်က ဟိုချီမင်းမြို့နှင့် အခြားမြို့များတွင် မိခင်များက ရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေးကြသော လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြပါသည်။ မကြာသေးမီနှစ်များက ဗီယက်နမ်နိုင်ငံတွင် အသစ်မွေးဖွားလာကြသော ကလေးငယ်များအား မိခင်များက မိခင်နို့ရည်တိုက်ကျွေးမှု လျော့နည်းနေကြောင်း စာရင်းဇယားများက ဖော်ပြနေသည်။

ဤစီမံကိန်းဖြင့် လှုပ်ရှားမှု၏ အကြောင်းအရာမှာ "မိခင်နို့သည် ရင်သွေးကလေးငယ်များ အသက်ရှင်ရေးအတွက် အဖိုးတန်လက်ဆောင်ဖြစ်သည်" ဟူ၍ဖြစ်၏။ ဤလှုပ်ရှားမှုကို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှုအဖွဲ့ (WABA) က ဦးဆောင်စည်းရုံးပြီး လှုပ်ရှားမှုများကို ၁၉၉၁ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဩဂုတ်လ၏ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ (ဗီယက်နမ်အပါအဝင်)တွင် နှစ်စဉ်ပြုလုပ်ခဲ့သည်။ ဤရက်သတ္တပတ်ဖြစ်သော ဩဂုတ်လ၏ ပထမခုနစ်ရက်တွင် ကလေးမိခင်များသည် မိမိတို့၏ ရင်သွေးကလေးငယ်များကို မိခင်နို့ရည်များ တိုက်ကျွေးကြသည်။

ပစ္စုပ္ပန်တွင် ဗီယက်နမ်နိုင်ငံသည် အာရှ-ပစိဖိတ်နိုင်ငံများထဲတွင် မိခင်နို့မတိုက်ကျွေးဆုံးနိုင်ငံတွင် တတိယလိုက်နေပါသည်။ ဗီယက်နမ်နိုင်ငံတွင် အသက်ခြောက်လအောက် ရင်သွေးငယ်များကို မိခင်နို့ရည်တိုက်ကျွေးမှုသည် ၂၀ ရာခိုင်နှုန်းအောက်သာရှိပါသည်။

ဗီယက်နမ်နိုင်ငံတွင် မိခင်နို့တိုက်ကျွေးမှုနည်းပါးရခြင်း အကြောင်းအရင်းများမှာ မိခင်နို့ရည်၏ ကောင်းကျိုးများကို မသိနားမလည်ကြခြင်း၊ ကလေးမွေးပြီးပြီးချင်း ချက်ချင်း အလုပ်ပြန်ဝင်လိုကြခြင်းနှင့် နို့မှုန့်ထုတ်လုပ်ဖြန့်ဖြူးသူများ၏ ကြော်ငြာအားကောင်းခြင်း စသည်တို့ ဖြစ်သည်။ နို့မှုန့်ကြော်ငြာများကို သတင်းစာ၊ ရေဒီယို၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ဗီဒီယို စသည်တို့တွင် ကြော်ငြာအားကောင်းကောင်းဖြင့် နို့မှုန့်ကောင်းကြောင်း ကြော်ငြာနေကြသည်။ နို့မှုန့်ကပင် မိခင်နို့ထက်သာသယောင် ထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာနေကြ၏။ စင်စစ်အားဖြင့် မိခင်နို့ရည်ကသာ နို့မှုန့်ဖျော်ရည်ထက်ကောင်းပါသည်။ မိခင်နို့ထက်သာသော အရာမရှိပါ။ ကြော်ငြာအားကောင်းသောအခါ မိခင်များတွေဝေသွားကြပြီး နို့မှုန့်နို့ဘူးတိုက်ခြင်းဆီသို့ လမ်းမှားရောက်သွားကြပါသည်။ ဗီယက်နမ်နိုင်ငံတွင် နို့မှုန့်ကြော်ငြာများကြောင့် နို့မှုန့်ဖျော်၍ နို့ဘူးတိုက်ကျွေးမှုမှာ နှစ်စဉ် ၁၇ ရာခိုင်နှုန်းတိုးနေသည်ဟု ဆိုပါသည်။ နို့မှုန့်ထုတ်လုပ်သူနှင့် ဖြန့်ဖြူးရောင်းချသူတို့သည် နို့မှုန့်ကြော်ငြာများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် သုံးစွဲနေကြပါသည်။

ဤအချက်သည် ဗီယက်နမ်နိုင်ငံတွင် မိခင်နို့တိုက်ကျွေးမှု လျော့နည်းသွားခြင်း၏ အဓိကအချက်ဖြစ်နေသည်။ ဗီယက်နမ်နိုင်ငံတွင် မိခင်နို့တိုက်ကျွေးမှုသည် ၁၉၉၈ ခုနှစ်က ၃၄ ရာခိုင်နှုန်းရှိနေခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၉ ရာခိုင်နှုန်းသို့ ထိုးကျသွားခဲ့သည်။ နို့မှုန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ ကြော်ငြာဖြင့် ရိုက်စားကွက် တစ်ကွက်ပင်ဖြစ်သည်။ ကြော်ငြာအား ကောင်းသောအခါ မိခင်များသည် ငွေကြေးအကုန်အကျများသော နို့မှုန့်များကိုဝယ်၍ တိုက်ကျွေးလာကြသည်။

ဟိုချီမင်းမြို့မှ အာဟာရဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒိုသီနိုဒစ် အဆိုအရ ကလေးမွေးဖွားပြီးပြီးချင်း တစ်နာရီအတွင်း မိခင်နို့ကို တိုက်ကျွေးသင့်ပြီး ကလေးခြောက်လအရွယ်အထိ ရင်သွေးငယ်ဘဝတွင် မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ပါသည်။ နို့မှုန့်နှင့်တကွ ထုတ်လုပ်ရောင်းချသော မည်သည့်ဖြည့်စွက်စာကိုမျှ မကျွေးသင့်ပါ။ ကလေးက မိခင်နို့ကို များများစို့လေ မိခင်က နို့ထွက်ကောင်းလေ ဖြစ်သည်။

မိခင်နို့ကို ကလေးနှစ်နှစ်အရွယ်အထိ ဆက်လက်တိုက်ကျွေးရမည်ဟု ၎င်းဒေါက်တာက ဆိုသည်။ မိခင်နို့တွင် ကလေးကြီးထွားဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များအားလုံး ပါဝင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဗီယက်နမ်နိုင်ငံရှိ ပင်မဆေးပညာဌာနများနှင့် ဆေးရုံများမှ စာရင်းဇယားများမှ ပြသသည်မှာ မိခင်နို့တိုက်ကျွေးသော ကလေးငယ်များတွင် အဆုတ်လမ်းကြောင်းရောဂါများနှင့် အစာအိမ်အူလမ်းကြောင်းရောဂါများသည် နို့မှုန့်တိုက်ကျွေးသော ကလေးများနှင့်စာလျှင် ပို၍ လျော့နည်းကြောင်းပင်ဖြစ်သည်။

မိခင်နို့တိုက်သော ကလေးများသည် ကြီးပြင်းလာကြသောအခါ ပို၍ ပညာဉာဏ်ရည်ထက်မြက်ကြပြီး အာဟာရချို့တဲ့မှု လျော့နည်းကာ အဝလွန်ခြင်းလည်း မဖြစ်ကြပါ။ ထို့အပြင် နာတာရှည်ရောဂါများဖြစ်ကြသော သွေးတိုး၊ ဆီးချိုနှင့် ပန်းနာရင်ကျပ်ရောဂါများလည်း လျော့နည်းကြသည်။

မိခင်၏ အသွေးအသားများမှ ဖြစ်ထွန်းသော မိခင်နို့ရည်တွင် ရောဂါများကို ကာကွယ်သော ရောဂါကာကွယ်ဓာတ်များ (antibodies)လည်း ပါဝင်သည်။ ထို့အပြင် မိခင်နှင့် ကလေးချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းပါသည်။ စင်စစ် မိခင်နို့သည် ကလေးများအား သဘာဝကပေးသော သဘာဝလက်ဆောင်မွန်ပင်ဖြစ်သည်။ နို့မှုန့်က မိခင်နို့ထက်သာဖို့ ဝေးစွ၊ မီဖို့ပင် မဖြစ်နိုင်ပါ။

ယခုအခါ ဗီယက်နမ်နိုင်ငံသည် အနောက်ပစိဖိတ်ဒေသတွင် အသက်နှစ်နှစ်အောက် ကလေးများအတွက် နို့မှုန့်ကြော်ငြာများကို ဟန့်တားသော ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။ ဤဆောင်ရွက်ချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မိခင်နှင့်ကလေးကျန်းမာရေးအသင်းခေါင်းဆောင် အော်နဲလားလင်စက်တိုကလည်း ကြိုဆိုလိုက်သည်။

မှန်ပါသည်။ မိခင်နို့သည်သာ ရင်သွေးကလေးငယ်များအတွက် အကောင်းဆုံးအာဟာရဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

**ကြော်ငြာအားကောင်းကောင်းဖြင့် နို့မှုန့်ကပင် မိခင်နို့ထက်သာသယောင် ထင်ယောင်ထင်မှား ဖြစ်စေရန် ကြော်ငြာနေကြ. . .**

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း** ၏ အသက်(၈၀)နှင့်အထက် ဝန်ထမ်းဟောင်းများအား ဂါရဝလက်ဆောင်ပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ဝန်ထမ်းဟောင်းများ တပျော်တပါးတက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၃-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၃း၀၀ နာရီမှ ၅း၀၀ နာရီအထိ
**နေရာ** - နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ သီရိရတနာခန်းမ

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

## ကျေးဇူးဆပ်ပါမည်

၁၅-၁၁-၂၀၁၄ရက် (စနေနေ့) ၁၁း၀၀နာရီခန့်က ခြောက်ထပ်ကြီးဘုရားအနီး ရတနာဓမ္မာရုံကျောင်း ဆွမ်းကျွေးအလှူသွားရောက်စဉ် Valentino Rudy အမျိုးအစား အနက်ရောင် အမျိုးသား သားရေလက်ကိုင်အိတ် ဇစ်ပိတ်တစ်လုံးပျောက်ဆုံးသွားပါ၍ အတွင်းရှိ နိုင်ငံသားသက်သေခံလက်မှတ် ၁၂/ဒဂန(နိုင်)၀၀၆၁၉၄၊ အငြိမ်းစား ဝန်ထမ်းပင်စင်ကတ်ပြား၊ အလုပ်မှတ်ပုံတင်ကတ်ပြား၊ ကမ္ဘောဇဘဏ် ATM ကတ်ပြား၊ ကမ္ဘောဇဘဏ် ချက်လက်မှတ်စာအုပ်တစ်အုပ်တို့အား ကောက်ရတွေ့ရှိထားပါက အောက်ပါလိပ်စာပါ စာတိုက်မှူးမှတစ်ဆင့် ပေးပို့ပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**ဒဂုံစာတိုက်၊ စာပို့သင်္ကေတ ၁၁၁၉၁**
**၁၂၃၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၃၇၅၇၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၃၅၁၊ မြေကွက်တည်နေရာအမှတ် ၃၅၁၊ ၁၂လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်မေရီလှ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးအောင်သန်း+၂ မှ တရားလိုပြု၍ ဒေါ်မူမူသန်း+၂ကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် (၁၉၄/၂၀၁၁)ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့် စွဲဆိုရာမှ တရားရုံးမှ တရားလိုသုံးဦးအား အမွေပုံပစ္စည်းအပေါ် ၁/၅ ပုံစီခွဲဝေယူရန် အနိုင်ဒီကရီချမှတ်ခဲ့သဖြင့် တရားရုံး အနိုင်ဒီကရီတင်ပြ၍ ဒေါ်မူမူသန်း ၁၂/ဥကတ(နိုင်)၀၄၈၆၈၁၊ ဒေါ်ဖြူဖြူသန်း ၁၂/အစန(နိုင်)၀၄၅၇၂၉၊ ဦးရဲသန်း ၁၂/ဥကတ(နိုင်)၀၇၀၂၇၁၊ ဦးအောင်သန်း ၁၂/ဥကတ(နိုင်)၀၇၀၅၇၂၊ ဒေါ်ကြည်ကြည်သန်း ၁၂/ဥကတ(နိုင်)၀၄၇၂၀၅တို့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂-၁၉၇၈) ကျောင်းသားဟောင်းများ၏ ဘွဲ့ရ(၃၆)နှစ်မြောက် ဆဋ္ဌမအကြိမ် ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာဆရာများ အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ၁၉၇၂ မှ ၁၉၇၈ခုနှစ်အတွင်း (၁၉၇၂ခုနှစ်တွင် ကျောင်းဝင်၍ မည်သည့်နှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ၊ မည်သည့်နှစ်တွင်မဆို ကျောင်းဝင်၍ ၁၉၇၈ခုနှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ) ပညာဆည်းပူးခဲ့ကြသော ဗိသုကာနှင့်အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကျောင်းသားဟောင်းများ၏ ဘွဲ့ရ(၃၆)နှစ်မြောက် ဆဋ္ဌမအကြိမ် ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဆရာများ အာစရိယပူဇော်ပွဲနှင့် ဒွါဒသမအကြိမ် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၉၇၈ ကျောင်းဆင်း ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက-**

| | | | | | |
|---|---|---|---|---|---|
| မြတ်ငြိမ်း | ဖုန်း-၀၉-၅၁၁၁၂၃၃ | မြင့်ဆွေ | ဖုန်း-၀၉-၅၁၈၆၅၄၅ | ဝင်းငွေ | ဖုန်း-၀၉-၅၁၀၄၀၁၃ |
| သန်းညွှန့် | ဖုန်း-၀၁-၇၀၁၇၇၃ | ကျော်ဝင်း | ဖုန်း-၀၉-၅၁၅၃၃၉၉ | လှမြင့် | ဖုန်း-၀၉-၅၀၀၁၁၂၃ |
| အောင်လှချစ် | ဖုန်း-၀၉-၅၀၀၅၀၅၈ | မြင့်အောင် | ဖုန်း-၀၉-၅၁၉၆၇၄၄ | လှလှမြင့် | ဖုန်း-၀၁-၅၃၇၈၉၆ |
| မကြည်ငွေ | ဖုန်း-၀၁-၅၃၈၈၆၁ | ခင်အုန်းမြင့် | ဖုန်း-၀၉-၈၆၂၆၁၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ | | |

**ကျင်းပမည့်ရက်** - ၂၉-၁၁-၂၀၁၄ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ၁၆း၀၀ နာရီ
**ကျင်းပမည့်နေရာ** - Panda Hotel (Pearl Hall) ပုလဲခန်းမ
ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၀ယ/၃၉၆၅၆ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွေး ၁၄/လမန(နိုင်)၀၇၆၀၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၁၂၅၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၅၃)၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတ (ဒေါ်ဝင်းမြင့်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းမြင့်(မိခင်)နှင့် ဦးထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်မြင့်မြင့်အေး ၁၂/သကတ(နိုင်)၁၀၀၆၀၇၊ (၂) ဦးဝင်းအောင် ၁၂/သကတ(နိုင်)၁၀၀၆၀၈၊ (၃) ဦးအေးရွှေ ၁၂/သကတ(နိုင်)၁၀၅၈၂၃တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၃၃၆/၁၄)နှင့် (၂၇၈၅၁/၂၀၁၄)ရသူ ဦးချမ်းငြိမ်းအောင်မှ သေစာရင်း၊ဂရန်၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

မြင်းခြံမြို့၊ အထက(၄)နဝမတန်း(ဂ)မှ ဦးနိုင်လင်းအောင်၏သမီး မလင်းလင်း မြတ်မွန် ၉/မခန(နိုင်)၂၅၇၄၉၈အား ယနေ့မှစ၍ မအေးငြိမ်းခဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအေးငြိမ်းခ**

## မွေးသက္ကရာဇ်အမှန်

ဦးမျိုးဝင်း၏သမီး နေပြည်တော်၊ အထက (ခွဲ)၊ ပြည်စံအောင် Grade 8(A)မှ မနီလာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၂၀၀၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးကျော်စိုး၏သမီး နေပြည်တော်၊ အထက (ခွဲ)၊ ပြည်စံအောင် Grade 8(B)မှ မနှင်းပွင့်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၂၀၀၁ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)တို့ရှိ လေ့ကျင့်ရေးအားကစားခန်းမများတွင် (Sport Floor) လုပ်ငန်းအား FIBA Standard အသိအမှတ်ပြုစံနှုန်းများနှင့်ကိုက်ညီသည့် အောက်ဖော်ပြပါ ပစ္စည်းများကို အသုံးပြု၍ ဆောင်ရွက်လိုပါသဖြင့် (၁၀၀)စ/ပေအတွက် စံနှုန်း၊ ဈေးနှုန်းကို ရန်ကုန်(သိပ္ပံ)နှင့် မန္တလေး(သိပ္ပံ)အရောက် ပစ္စည်းဖိုးနှင့် ကြမ်းခင်းခြင်းလုပ်အားခအပါအဝင် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) Tongue & Groove Floor (အထူး 23mm )
(ခ) Ply wood (အထူ 10mm )
(ဂ) Polyethylene Film
(ဃ) Joists (အထူ 32mm @ 1' c/c )
(င) Rubber (အထူ 15mm )
(စ) Leveling wood block filler

**မှတ်ချက်။** ။ ပေါင်းခံသားများကိုသာ အသုံးပြုရမည်။ တင်ဒါအောင်မြင် အရွေးခံရပါက ရက်ပေါင်း(၃၀)အတွင်း ပစ္စည်းရောက်ရှိ လုပ်ငန်းလုပ်ကိုင်နိုင်ရမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၁-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ် (E)၊ D (23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲရုံးတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁၁-၂၀၁၄ရက် နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ် (E)၊ D (23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲရုံး၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၁၃၈၃၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
## ဖျာပုံမြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၉

ဒေါ်ငြိမ်းငြိမ်းနွဲ့ **နှင့်** ၁။ ဒေါ်နန္ဒာအောင်
၂။ ဒေါ်ထက်ထက်အောင်

**တရားလို** **တရားပြိုင်များ**

(၁) တရားပြိုင် ဒေါ်နန္ဒာအောင်၊ အမှတ် ၅၅၆၊ (၄၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ငြိမ်းငြိမ်းနွဲ့မှ ရွှေဖိုးကျန်ငွေ ၄၁၆၅၀၀၀ိ/-(ကျပ်လေးဆယ့်တစ်သိန်းခြောက်သောင်းငါးထောင်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူများသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဖျာပုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အုတ်ဖိုမြို့နယ်တရားရုံး၌
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၇

ဦးအေးလှိုင် **နှင့်** ၁။ ဒေါ်ထွားသန့် ၂။ ဦးဝင်းသိန်း
၃။ မဥမ္မာ ၄။ ဦးအုန်းသိန်း
၅။ ဦးအောင်မြင့်စိုး ၆။ ဦးတောက်(ခ)ဦးရာကျော်
၇။ ဦးပေါက် ၈။ ဦးညွှန့်ငွေ
၉။ ဦးထွန်းဝေ ၁၀။ ဦးဝင်းရှိန်
၁၁။ ဒေါ်သန်းခင် ၁၂။ ဦးကံမြင့်
၁၃။ ဦးမြင့်သိန်း ၁၄။ ဦးတင်အေး

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နေ တရားပြိုင်များဖြစ်ကြသော ဦးတောက်(ခ) ဦးရာကျော် (အမှတ်-၆ တရားပြိုင်)၊ ဦးပေါက်(အမှတ်-၇ တရားပြိုင်)၊ ဦးညွှန့်ငွေ (အမှတ်-၈ တရားပြိုင်)၊ ဦးထွန်းဝေ (အမှတ်-၉ တရားပြိုင်) (ယခုနေရပ်လိပ်စာမသိ)၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ ဂုံညှင်းတန်းကျေးရွာအုပ်စု၊ ဂရန်ကျေးရွာနေ ဦးမြင့်သိန်း (အမှတ်-၁၃ တရားပြိုင်)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအေးလှိုင်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်မွန်ရည်)**
**တွဲဖက်မြို့နယ်တရားသူကြီး၊ အုတ်ဖိုမြို့နယ်တရားရုံး**

( DPS ရဲ့ GPS )




• အိမ်ခြံမြေ အကျိုးတော်ဆောင်များ အနေဖြင့် မိမိလက်ဝယ်ရှိ မြေကွက်များကို အချိန်တိုအတွင်း ပြနိုင်မည့်မြေပုံများ။
• Digital Map/GIS Map 2014 မြေပုံရပြီ။
• အစိုးရထုတ်ပြန်ထားသော မြို့နယ်လမ်းများအလိုက် အခွန်နှုန်းထားများ မြေပုံနှင့်တကွရပြီ။
• ယခင်က မြေပုံဟောင်းများရှိခဲ့ပြီး တိုင်းခဲ့ပြီးသော ကွင်း (သို့) ခြံမြေ၊ လယ်မြေများကို လက်ရှိအခြေအနေများအတိုင်း မြေပုံများ ပြန်လည်ပြုစုနိုင်မည်။ ဧရိယာအမှန်ရမည်။
• ရန်ကုန်မြေပုံများကို ခရိုင်အလိုက်သော် လည်းကောင်း၊ မြို့နယ်တစ်ခုခြင်း၏ အသေးစိတ် အချက်အလက် လိုအပ်လျှင်သော် လည်းကောင်း။ ဝန်ဆောင်မှုများကို အချိန်တိုအတွင်း အမြန်ဆောင်ရွက် ပေးလျက်ရှိပါသည်။

ကျွန်တော်က ဒိုက်ဦးမှာ ရိတ်ခြွေစက်နှင့်လယ်ယာသုံး စက်ပစ္စည်းတွေ ရောင်းချတဲ့ ပိုင်ရှင်ရှင်းကပါ။ ယခင်က လယ်ကွက်များ တိုင်းတာရာမှာ သံကြိုးကွင်းများနဲ့ လှည့်ပတ်တိုင်းတာခဲ့ရပါတယ်။ လုပင်ပန်း အချိန်ကုန်ခဲ့ပါတယ်။ DPS ရဲ့ GPS ကြော်ငြာတွေ့ပြီး ကျွန်တော်ကိုယ်တိုင် ဝယ်ယူအသုံးပြုသလို ကျွန်တော့်ဆိုင်မှ ရိတ်ခြွေစက်နဲ့ လယ်ထွန်စက် ဝယ်ယူတဲ့ သူတွေကိုပါ GPS နဲ့ တွဲဖက် အသုံးပြုစေခဲ့တဲ့ အတွက် မြေဧက တိုင်းတာရာမှာ အချိန်တိုအတွင်း တိကျမှန်ကန်အောင် ဆောင်ရွက် နိုင်လာပါတယ်။ ဒိုက်ဦးမှာ GPS ဝယ်ချင်လျှင် ပိုင်ရှင်း၌ ဝယ်ယူနိုင်ပါတယ်။

ဦးမျိုးလွင် (ပိုင်ရှင်-ဒိုက်ဦး)

MAPS

Design Printing Services Co., Ltd.
165, 35th St (Mid), KTDA Tsp, Yangon.Tel: 204020, 0950-30177, www.dpsmap.com, Email: admin@dpsmap.com

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပဲခူးခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၉

ဦးကျော်မြင့် **နှင့်** ၁။ ဦးနက်ကြီး
စက်ရုံမှူးကြီး၊ အင်းတကော်စက်မှုနယ်မြေ ၂။ ဒေါ်စောမေ
အင်းတကော်ကျေးရွာ၊ ပဲခူးမြို့။ ၃။ မဝင်းခင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသန်းနိုင်ဦး၊ ၄။ မောင်မြခိုင်
လက်ထောက်အထွေထွေမန်နေဂျာ) ၅။ မောင်လွင်
၆။ မအေးအေးအောင်
၇။ မောင်အောင်ကျော်စိုး
၈။ ဒေါ်သိင်္ဂီ

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်စက်မှုနယ်မြေနေ (၃) မဝင်းခင် (ဘ) ဦးနက်ကြီး၊ (၅) မောင်လွင် (ဘ)ဦးနက်ကြီး၊ (၆) မအေးအေးအောင် (ဘ)ဦးနက်ကြီး၊ (၇) ဦးအောင်ကျော်စိုး (ဘ)ဦးနက်ကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မြင့်က သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၈ အရ ကျူးကျော်သူများအား ဖယ်ရှားထွက်ခွာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၄ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး (၁)၊ ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့**

## ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ဒိုက်ဦးမြို့နယ်တရားရုံးတော်
## ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀

မန်နေဂျာ **နှင့်** ဒေါ်အေးအေးလွင်
မြန်မာ့စီးပွားရေးဘဏ်
ဒိုက်ဦးမြို့။

**ဒီကရီရရှိသူ** **တရားရှုံး**

ဒိုက်ဦးမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၆၁/၂၀၀၉တွင် (၄-၉-၀၉) ရက်က ချမှတ်ခဲ့သောဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၉ရက်) နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**ပစ္စည်းစာရင်း**

ဒိုက်ဦးမြို့၊ အမှတ် (၇)ရပ်ကွက်၊ သင်္ဂဟလမ်း(၆)၊ မင်းတဲစုရပ်၊ ကွင်းအမှတ် (၄-ဘလုပ်သူဌေး) ဦးပိုင်အမှတ် ၂၄ က၊ ဧရိယာ ၀ ဒသမ ၀၄၀၁ ဧကရှိမြေ၊ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်။

**ကြမ်းခင်းဈေး ကျပ်သိန်း ၂၂၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲလွဲကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ိ လျှင် ၂၅ိကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်တည်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ ကျန်ငွေများကို လေလံရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးဝင်းမြင့်ထွန်း (တ/၂၈၃၀)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒိုက်ဦးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၂ယ/၁၈၆၈၉ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်ဦး ၁၄/ဟသတ(နိုင်)၂၂၀၁၈၁ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၆၁၈၂၉ Wonjan 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိန် ၁၄/ဇလန(နိုင်)၀၄၀၃၇၅ က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၂ယ/၁၈၈၃၆ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်းထွန်း ၁၄/ဟသတ(နိုင်)၂၅၂၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၆၁၇၅၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စမ်း ၁၄/အဂပ(နိုင်)၁၈၂၆၇၀က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပုသိမ်ခရိုင်တရားရုံး၌
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဦးစိုးငြိမ်း **နှင့်** ၁။ ဒေါ်လှလှဝင်း
အိမ်အမှတ် ၁၆၊ ၂။ ဦးတင်ထွေး
တက်ဆိပ်ရပ်ကွက်၊ ၃။ ဒေါ်ငွေရည်စိုး
အမှတ်(၅)နယ်မြေ၊ ၄။ ဒုတပ်ကြပ်မျိုးလွင်ဦး
ပုသိမ်မြို့။ ၅။ ဦးကြည်အေး
၆။ ဦးကျော်ဇေယျ
အိမ်အမှတ်(စီ-၇)၊ လမ်းမကြီး ၄လမ်းနှင့်
တာပတ်လမ်းထောင့်၊ ရေကြည်ဦးရပ်ကွက်၊
နယ်မြေ (၁၂)၊ ပုသိမ်မြို့ (ယခုလိပ်စာမသိ)
၇။ ဒေါ်နှင်းနှင်းဦး
၈။ ဒေါ်ဇင်မာဦး
၉။ ဦးလှမျိုး
၁၀။ ဒေါ်မာချို

**တရားလို** **တရားပြိုင်များ**

ပုသိမ်မြို့၊ အမှတ် ၁၂ နယ်မြေ၊ ရေကြည်ဦးရပ်ကွက်၊ လမ်းမကြီး ၄ လမ်းနှင့် တာပတ်လမ်းထောင့်၊ အိမ်အမှတ် စီ-၇ နေ ဦးကျော်ဇေယျ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးငြိမ်းက မိဘများ၏ အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်သော ပုသိမ်မြို့၊ အမှတ် ၁၂ နယ်မြေ၊ ရေကြည်ဦးရပ်ကွက်ရှိ ကွင်းအမှတ် ၆၆-က၊ ဦးပိုင်အမှတ် စီ-၇၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧကရှိ အိမ်ရာချထားမြေတစ်ကွက်နှင့် ထိုမြေကွက်ပေါ်ရှိ လေးပင်သုံးခန်း နောက်အဖီထုတ်ထားသည့် အောက်ထပ်အုတ်ညှပ်တိုက်ခံ ပျဉ်းကတိုး၊ လျှာထိုးခင်း၊ အုတ်ခုံခံကျွန်းလှေခါးကြီးနှင့် ကျွန်တံခါးများတပ်အိမ်နှင့် တပ်ဆင်ထားသော အိမ်သုံးလျှပ်စစ်မီတာ+အဝီစိတွင်း+ရေတုံကင်အပြင်၊ မြေပေါ်ရှိ အုန်းပင်၊ သရက်ပင်များနှင့် တကွ ၂-တရားပြိုင်ရယူထားသော ထိုအိမ်ငှားခငွေကျပ် ခြောက်သိန်းတို့အတွက် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ အချိန်အတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

# လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

## အလှူရှင်များအား နှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာဉာဏိဿရ M.A, Ph.D.II (India)ဓမ္မာစရိယ၊ ဝိနယကောသလ္လ၊ မြို့နယ်ဘ/ကဥက္ကဋ္ဌ၊ မြို့နယ် ဝိနည်းဓိုရ်ဆရာတော်မေတ္တာမိုး (ပုတီးကုန်း) အရှင်သူမြတ်မှ သာသနာပြုလုပ်ငန်းများတိုးချဲ့ရာတွင် ရိုးမတောင်တန်းဒေသ၌ ဆင်းရဲနွမ်းပါးနှင့် မိဘမဲ့ကလေးများ၊ ခိုကိုးရာမဲ့ အဘိုးအဘွားများပြုစုစောင့်ရှောက်ပျိုးထောင်နိုင်ရန်အတွက် မြေ(၅)ဧကအကျယ်အဝန်းရှိ မြေကွက်တွင် အောက်ပါအဆောင်များ အထူးလိုအပ်လျက်ရှိပါသည်။

| | |
|---|---|
| အဘိုး/အဘွား အိပ်ဆောင် | (၂)ဆောင် အလျားပေ ၉၀ အနံပေ ၄၀ |
| ကျား/မ ကလေး | (၂)ဆောင် အလျားပေ ၉၀ အနံပေ ၄၀ |
| ထမင်းစားဆောင် | အလျားပေ ၁၂၀ အနံပေ ၅၀ |
| ဘုရားရှိခိုး၊တရားထိုင်ဓမ္မာရုံ | အလျားပေ ၁၂၀ အနံပေ ၅၀ |
| ရေကန် | အလျားပေ ၂၀ အနံပေ ၂၀ အမြင့် ၄ ပေ |

သန့်စင်ခန်း (၈)ခန်းတွဲ ကျား/မ စသည့်အဆောင်များအား အဖွဲ့အစည်းလိုက်ဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းများစုပေါင်း၍ဖြစ်စေ၊ ကမ္ပည်းထိုးလှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**အလှူရှင်များဖိတ်ခေါ်ခြင်း**

ဉာဏ်တော်အမြင့် ၄၅တောင်ရှိသော ရွှေတိဂုံပုံစံတူ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ပူဇော်မည်ဖြစ်ပါ၍ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်အပေါင်းတို့မှာ ပါဝင်လှူဒါန်းပူဇော်နိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

တည်ထားပူဇော်မည့်နေရာ -ရိုးမတောင်တန်းတောရ

**မှတ်ချက်။** ။ အလှူခံများစေလွှတ်ခြင်းမရှိပါ။

**ဆက်သွယ်လှူဒါန်းရန်ဌာန ဖုန်း-၀၉-၅၃၆၀၄၃၆ (ဆရာတော်)၊ ၀၉-၄၂၃၆၈၀၇၆၉(ရုံးအဖွဲ့)၊ ၀၉-၃၁၆၅၁၉၁၂ (ပြန်ကြားရေး)**

## မုခ်ဦးအလှူရှင်များဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ကျောင်းစုရပ်ကွက်၊ မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြု ကျောင်းတိုက်ကြီးအား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိရာ မင်းကျောင်းတိုက်ကြီး၏ အဝင်ဝမုခ်ဦးအား အောက်ပါအတိုင်း တည်ဆောက်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေနှင့် ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

မုခ်ဦးအကျယ် (၁၈)ပေ၊ မုခ်ဦးအမြင့် (၁၂)ပေရှိသော မုခ်ဦးအား အဖွဲ့အစည်းလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ သူငယ်ချင်းများစုပေါင်း၍ဖြစ်စေ ကမ္ပည်းထိုးလှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သာယာဝတီ၊ ပုတီးကုန်း၊ ရိုးမတောင်တန်းတောရ၊ ဘက်စုံပရဟိတ မင်းကျောင်းဆရာတော် ဒေါက်တာဉာဏိဿရ အရှင်သူမြတ်အား တရားပွဲများပင့်လျှောက်လိုပါက အောက်ဖော်ပြပါဌာနများသို့ ပင့်လျှောက်နိုင်ပါသည်။

**ဆက်သွယ်ရန်ဌာနများ-ဖုန်း-၀၉-၄၂၃၇၁၇၂၉၆၊ ၀၉-၄၂၃၆၈၀၇၆၉၊ ၀၉-၃၁၆၅၁၉၁၂၊ ၀၁-၅၅၁၇၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်၊ (၈၉)လမ်း၊ (၄)လွှာ (B)၊ အမှတ် ၅၄ ရှိ အလျား ၄၀၊ အနံ ၁၂½ ပေရှိ လူနေအိပ်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်သူ ဦးပီတာထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးစည်သူဝင်း ၁၂/ကတတ(နိုင်)၀၂၇၂၈၇ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၂-၁၁-၂၀၁၄ ရက်တွင် စရန်ငွေကျပ် ၁၀၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာတိတိ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှသက်ထွေး** | **ဒေါ်စုလှိုင်အေး** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၃၁၆၁၀** | **စဉ်-၃၈၆၂၃** |

**ရုံး-ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်၊ တရားရုံးဝင်းအတွင်း**

## သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးတင်မောင်ဝင်း ၁၂/ဥကမ(နိုင်)၀၆၆၆၂၇၊ ဒေါ်တင်တင်ရီ ၁၂/ဥကမ(နိုင်)၀၆၆၄၆၂၊ အမှတ်(၄၉၅)၊ သန္တာ ၁လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးတင်မောင်ဝင်းနှင့် ဒေါ်တင်တင်ရီတို့မှ စတုတ္ထမြောက်မွေးဖွားသော ကိုမောင်မောင်စိုး ၁၂/ဥကမ(နိုင်)၁၇၆၂၆၇သည် မိဘများ ကိုယ်စိတ်နှလုံးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်း၏ပြုလုပ်မှုများကို သည်းမခံနိုင်တော့၍ ဦးတင်မောင်ဝင်း၊ ဒေါ်တင်တင်ရီတို့မှ သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်အဝဝကို မိဘနှစ်ပါးမှလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှသက်ထွေး(အထက်တန်းရှေ့နေ)** | **ဒေါ်စုလှိုင်အေး (အထက်တန်းရှေ့နေ)** |
| **စဉ်-၃၁၆၁၀** | **စဉ်-၃၈၆၂၃** |

**ရုံး-ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်၊ တရားရုံးဝင်းအတွင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် 14/B (မြေညီထပ်)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်များအားလုံးတို့အား လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညွန့်ရီ ၁၂/တမန(နိုင်)၀၇၇၈၂၄ ထံမှ ကျွန်ုပ်ကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား(မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလှိုင်ဘွား ၉/တသန(နိုင်)၁၃၉၇၀၄**

**ဖုန်း-၀၉-၄၃၀၇၄၈၅၂၊ ၀၉-၄၄၈၀၀၆၂၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၅)၊ အောင်မြေသာစည်အိမ်ရာ၊ မြေကွက်အမှတ် (၂၉)၊ ဧရိယာ ၀ဒသမ ၁၃၃ ဧက၊ နှစ်၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ခင်စုဝေဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၃၉၆၁/၂၀၁၃) တင်ပြ၍ ဦးမြသိန်း ၁၂/တမန(နိုင်)၀၆၈၅၃၃ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၅၄**

| | | |
|---|---|---|
| ဒေါ်အမာဘီ | **နှင့်** | ဦးခင်မောင်ရွှေ |
| **တရားလို** | | **တရားပြိုင်** |

ဦးခင်မောင်ရွှေ ၉/မနမ(နိုင်)၀၂၂၉၇၆ (KMS-ဆောက်လုပ်ရေးလုပ်ငန်း)၊ ရုံးအမှတ် ၂၇၁၊ ၈၁ လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အမာဘီက ကတိအတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤတရားရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**

**ဒုတိယခရိုင်တရားသူကြီး (၃)**

**မန္တလေးခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အိမ်အမှတ် ၁၂၃၈/ခနေ ဦးမြင့်ဦး-ဒေါ်ခိုင်ခိုင်မာတို့၏သား မောင်တင်မျိုးအောင် ၁၂/လသယ(နိုင်)၀၈၀၉၃၉ သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြင့်ဦး ၁၄/လမန(နိုင်)၀၅၄၉၀၅**

**ဒေါ်ခိုင်ခိုင်မာ ၁၄/လမန(နိုင်)၀၆၆၇၀၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၈)ရပ်ကွက်၊ အိမ်အမှတ် ၂၅၄၊ စံပယ် ၁လမ်းနေ ကျွန်တော်ဦးမြင့်ရီ ၁၂/သဃက(နိုင်)၀၆၃၁၇၇၏သား မောင်မောင်ဦး ၁၂/ဒဂရ(နိုင်)၀၁၈၀၈၄ သည် မိဘ၏ ဆိုဆုံးမစကားကိုမနာခံဘဲ မိမိစိတ်သဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ကြော်ငြာပါရှိသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမြင့်ရီ**

**၁၂/သဃက(နိုင်)၀၆၃၁၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂ဘီ၊ ကမာရွတ်)၊ မြေကွက်အမှတ် ၂၈ဲ၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးတင်ဦး (ခ) ဦးဘန်ဖေ၊ ဦးရဲလွင်ဟိန်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၁၁၇၂/၂၀၁၄) တင်ပြ၍ ဒေါ်ခမ်းမို ၁၃/မဆတ(နိုင်) ၀၀၂၆၂၅၊ ဦးစိုင်းရွှေလူ ၁၃/မဆတ(နိုင်) ၀၂၉၃၈၆ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇+၃၂ကံဘဲ့)သီရိနန္ဒာအိမ်ရာ၊ မြေကွက်အမှတ်(၅)၊ ဧရိယာ ၀ဒသမ ၁၁၀ ဧက၊ နှစ်၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်မျိုးနိုင် ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်စာချုပ် (၆၆၇၅/၂၀၁၄)တင်ပြ၍ ဒေါ်မြချင် ၉/မရမ(နိုင်)၀၇၇၂၀၇ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ၁၁၀၊ မြေကွက် ၄၀၊ ဧရိယာ ၀ဒသမ ၁၄၆ ဧက နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်မကြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အပိုင်ပေးစာချုပ် (၆၉၃၁/၂၀၁၄) တင်ပြ၍ ဒေါ်မိုးမာလာဒွေး ၉/မထလ(နိုင်)၀၁၀၂၈၇ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းအိမ်ရာ၊ တိုက်အမှတ် (၁)၊ အခန်းအမှတ်(၂၀၃)တိုက်ခန်းကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးခိုဘီရာမွတ်ခ်(ခ)ဦးတင်ဦး ၁၂/ဒဂတ(နိုင်)၀၀၈၅၂၉မှ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာပျောက်ဆုံးကြောင်း ထောက်ခံချက်များဖြင့် စုပေါင်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀၊ Phase-2 ) မြေကွက်အမှတ် (၂၂၂)၊ ဧရိယာ ၀ဒသမ ၀၈၄ ဧက၊ နှစ်၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဦးစံဘော်အောင်၊ ဒေါ်ညိုမီကျော်ဇော ဖြစ်ပါသည်။ အဆိုပါမြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ် (၇၅၅၆/ ၂၀၁၄) တင်ပြ၍ ဒေါ်သန်းသန်းဝင်း ၁၂/တမန (နိုင်)၀၅၅၅၉၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဘအင်စွမ်(ထားဝယ်)**

**အသက်(၉၃)နှစ်**

**သူငယ်ချင်းဒေါက်တာ နီနီအေး(ဒုတိယညွှန်ကြားရေးမှူး၊ ငှက်ဖျား၊ ကျန်းမာရေးဦးစီးဌာန) ၏ ဖခင် ဦးဘအင်စွမ်သည် (၁၁.၁၁.၂၀၁၄) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**

**သူငယ်ချင်းများ ...**

**ဒေါက်တာစန်းစန်း၊ ဒေါက်တာရီရီ၊ ဒေါက်တာဝင်းရီ၊ ဒေါက်တာစန်းစန်းသီ၊ ဒေါက်တာ ခင်နိုင်နိုင်၊ ဒေါက်တာယုတင်၊ ဒေါက်တာ ယုထွေး**

## ဒေါ်ရင်ရင်ခင်(ခ)မေရီခင် B.A(Law), LL.B, D.B.L,D.M.L

**လသာ(၂)၊ ကျောင်းသူဟောင်း**

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၉(ဒုတိယထပ်) ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ မဟာမြိုင်ကျောင်းအမကြီး(ဒေါ်ခင်ညွန့်)၏မြေး၊ (ဦးခင်မောင်ကလေး-ဒေါ် ခင်မြမေ)တို့၏သမီးကြီး၊ ဦးမြင့်သန်းလင်း(2nd Officer)၏ဇနီး၊ ဦးခင်မောင်လင်း(Uniteam Shipping Company)-ဒေါ်ခင်မာလာမြင့်၊ ဦးဇော်လင်းခင်(2nd Officer, M.T.M Shippng Company)တို့၏မိခင်၊ မောင်ဘုန်းလျံညီ၏အဘွား၊ (ဦးတင်မောင်ခင်)၊ ဒေါ်ဒေါရစ်ခင်၊ ဦးခင်မောင်သန်း၊ (ဦးခင်မောင်ဦး)၊ ဒေါ်ဝင်နီခင်တို့၏အစ်မကြီးသည် ၁၄-၁၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## (၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဗိုလ်ပြည်ဆန်းဝင်း**

**(ကြည်း-၃၉၈၆၅)၊ DSA (47)**

ရှမ်းတောင်တန်းရဲ့ တောင်ကမူလေးတစ်ခုအလယ်
အမှတ်အသားမဲ့၊ မြေပုံညွှန်းမဲ့
နေရာလေးအဖြစ်နဲ့ ထားရစ်ခဲ့ရတဲ့ ကလေးရယ်
ထာဝရငြိမ်းချမ်းပါစေ
ထာဝရအေးချမ်းပါစေ…လို့
အဖေ ဆုတောင်းလိုက်ပါတယ်…

**အဖေ- ဦးဌေးလွင်ဝင်း**
**တိုင်းဒေသကြီး ဥပဒေအရာရှိ**
**(စစ်ကိုင်းတိုင်းဒေသကြီး)**

**အမေ- ဒေါ်မမလေး**
**ဒု-ညွှန်မှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

ဦးချမ်းမြ (MD, Octagon International Services Co.,Ltd) နှင့် ဒေါ်အေးအေးသန်းတို့၏ မိခင် ဒေါ်ရီရီ(မန္တလေး) အသက်(၇၁)နှစ်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုကျော်ဆွေနှင့်ဇနီးဒေါ်စုစုအောင်(ရွှေမောင်း-Group)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးချမ်းမြ (MD, Octagon International Services Co.,Ltd)နှင့် ဒေါ်အေးအေးသန်းတို့၏ မိခင်ဒေါ်ရီရီ (မန္တလေး)အသက်(၇၁)နှစ်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလာမင်း (အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးချမ်းမြ (MD, Octagon International Services Co.,Ltd)နှင့် ဒေါ်အေးအေးသန်းတို့၏ မိခင် ဒေါ်ရီရီ(မန္တလေး) အသက်(၇၁)နှစ်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**GI အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး**

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှဘီ (သန်လျင်)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ငြိမ်း (ပါမောက္ခ၊ ဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)နှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး)၏ မိခင်ကြီး ဒေါ်လှဘီသည် ၃၁-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဦးငွေလှနှင့်**
**ဆေးတက္ကသိုလ်၊ မန္တလေး**
**ရောဂါဗေဒဌာနမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆင်သိန်း (ဓနုဖြူမြို့)
### အသက်(၉၀)

ဗဟိုသမဝါယမအသင်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင့်၏ မိခင် ဒေါ်ဆင်သိန်း(ဓနုဖြူမြို့)သည် ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**ဗဟိုသမဝါယမအသင်းလီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၃၊ သစ်ရာပင်လမ်းသွယ်(၂)၊ သုဝဏ္ဏနေ ဆရာမကြီး ဒေါ်စောနွယ်ဦး၏ခင်ပွန်း ဆရာကြီးဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် တောင်ကြီးတက္ကသိုလ်မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်ကျော်
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၈၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း) ဒေါ်ကြည်ကြည်ကျော်သည် ၁၉-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်စိုး(ခ) Johnny So Maung
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း) ဦးတင့်စိုး(ခ) Johnny So Maung သည် ၁၀-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ထွန်း
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန
### B.E. Chemical (RIT, 1975 Batch)
### အသက်(၆၄)နှစ်

SCG Chemicals (SCG Plastics Co., Ltd.) မှ Country Representative ဒေါ်မာလာထွန်း၏အစ်မကြီး ဒေါ်ခင်ခင်ထွန်းသည် ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Plastics & Logistic Department,**
**SCG Trading Co., Ltd. (Yangon Branch.)**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

### အထူးကျေးဇူးတင်ရှိခြင်း
## ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)(မောင်ညစ်ကျယ်)
### လက်ပံတန်းမြို့
### အသက်(၈၂)နှစ်

(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၆-၁၁-၂၀၁၄ရက် နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားခဲ့သော ဦးမြင့်ကြွယ်၏နာရေးနှင့်ပတ်သက်၍ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများကိုလည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ၊ ဦးတင်ခ(တက္ကသိုလ်တင်ခ)ဇနီး ဒေါ်မြင့်မြင့်မိသားစု၊ တောင်ပုလုကျောက်ဆင်တောရ ဒုလ္လဘစခန်း(သာခုကန်)ဖြစ်မြောက်ရေးအဖွဲ့၊ ဦးအောင်ကြည်(မင်းဗထူး)ဇနီး ဒေါ်သက်သက်ဆွေ(တက္ကသိုလ်မလေးခိုင်)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဦးသိန်းထွန်း(နာယက)နှင့် ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ၊ အမှုဆောင်အဖွဲ့ လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်များ၊ မြန်မာ့အလင်း၊ ကြေးမုံ စာတည်းမှူးချုပ်များ၊ (၁၉၈၄-၁၉၈၇) မြန်မာ့အလင်းမှ တပည့်ဝန်ထမ်းများ၊ အမှုဆောင်ကော်မတီ(ကုက္ကိုင်းရေကူးအသင်း)၊ ဦးတိုး-ဒေါ်သျှမ်း မိသားစု၊ စိန်သရဖူနှင့် ပေါ်ပြူလာချည်ချောလုံချည် ဝမ်းတွင်းမြို့တို့အားလည်းကောင်း၊ နေအိမ်သို့ လာရောက်သတင်းမေးမြန်း အားပေးစကားပြောကြားပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများကိုလည်းကောင်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်တို့ဖြင့် ဝမ်းနည်းကြောင်း သတင်းမေးကြသူများကိုလည်းကောင်း၊ အထူးသဖြင့် နာရေးအတွက် စိတ်ရော၊ ကိုယ်ပါဆောင်ရွက်ပေးခဲ့သော ဒေါ်စန်းနွဲ့ကိုလည်းကောင်း၊ နာရေးကိစ္စတွင် အစစအရာရာ ကူညီပေးခဲ့ကြသော အမှတ်(၁၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သားများကိုလည်းကောင်း၊ အမှတ်(၁၁၀)ရပ်ကွက် လုံခြုံရေးနှင့် သာယာရေးကော်မတီအဖွဲ့သားများကိုလည်းကောင်း ကျေးဇူးတင်ထိုက်သူ တစ်ဦးတစ်ယောက်မျှမကျန် အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစုများနှင့် ညီအစ်ကိုမောင်နှမများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန

ဆရာကြီး ဒေါက်တာမောင်ဒီ အသက်(၈၂)နှစ်သည် ၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်သန်းငွေ(ပါမောက္ခ၊ ဌာနမှူး)နှင့် ဓာတုဗေဒမိသားစု**
**တောင်ကြီးတက္ကသိုလ်**

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ဝင်း(ခ) William Leong (ကျောက်မဲ)
### B.A Geog;
### St. Albert, Maymyo ကျောင်းသားဟောင်း
### အသက်(၇၀)

ကျောက်မဲမြို့၊ (၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ (ဦးဘကြိုင်)-ဒေါ်ရင်ရွှေတို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးရီစံ)-ဒေါ်အေးထွေးတို့၏သားသမက်၊ ပြင်ဦးလွင်မြို့နေ ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းတို့၏တူ၊ ဒေါ်အေးအေးကြိုင်(ပညာရေး၊ ငြိမ်း)၊ ဦးကျော်ဦး-ဒေါ်မူမူကြိုင်၊ ဦးဝင်းမြင့်-ဒေါ်ကြူကြူကြိုင်(မိုးကုတ်)၊ ဦးအုံးကြိုင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးစောလွင်-ဒေါ်ဖြူဖြူကြိုင်(ပညာရေး၊ ငြိမ်း၊ ပြင်ဦးလွင်)၊ ဒေါ်ကြည်ကြည်ကြိုင်(မြို့နယ်စာရင်းစစ်ရုံး)၊ ဒေါက်တာသန်းသန်းကြိုင်(ပြည်သူ့ဆေးရုံကြီး၊ မန္တလေး)၊ ဒေါ်မိမိကြိုင်(စာရင်းစစ်၊ ငြိမ်း) တို့၏အစ်ကိုကြီး၊ ကိုအောင်စိုးဝင်း-မအေးမွန်သွယ်၊ မလှဝင်းမြတ်(ခ)ဖွေးဖွေး၊ ဒေါက်တာဇော်မျိုးဝင်းတို့၏ဖခင်၊ မောင်ကျော်ထက်ဝင်း၊ မောင်ပိုင်ဖြိုးဝင်းတို့၏ အဘိုး၊ (ကိုကျော်နိုင်)-မဝင်းမေဦး(နောင်ချို)၊ ကိုစည်သူဦး-မအိအိခိုင်မွန် (ပြည်တွင်းအခွန်၊ နေပြည်တော်)၊ ကိုလင်ဒါမောင်မောင်-မကေခိုင်ဝင်း၊ မဝင်းလဲ့လဲ့မြင့်၊ မောင်ကျော်လွင်ဦး၊ မစန္ဒာလွင်၊ မောင်ဟန်မြင့်ထွန်းတို့၏ဦးကြီး၊ မမေသန့်ဖြူ၊ မောင်လင်းသူရိန်ထွန်းတို့၏အဘိုး၊ ဒေါ်နန်းကြင်အေး(အောင်ကမ္ဘာ၊ စတိုး)၏ခင်ပွန်းသည် ၁၀-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျောက်မဲမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်သင်းသင်းဇင် (ဘဓရ)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းလမ်းသွယ်(၂)လမ်း၊ အမှတ် ၂၉/၂၄၈နေ ဦးဟံငြိမ်း(ဘဓရ)၏ဇနီး၊ ဦးစောဦး၏အစ်မ၊ မောင်ရဲငြိမ်းအောင်(ဆေး-၂)၊ မောင်ဖွဲ့ငြိမ်းနိုင်(Grade-X, ကောင်းစုစံ)တို့၏မိခင်၊ မယုဇနဥမ္မာဦး၏အဒေါ်သည် ၁၆-၁၁-၂၀၁၄ရက် နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သင်းသင်းဇင် (ဘဓရ)
### အသက်(၅၅)နှစ်

သူငယ်ချင်း ဦးဟံငြိမ်း(ဘဓရ)၏ဇနီး ဒေါ်သင်းသင်းဇင်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်နိုင်
### အသက်(၄၉)နှစ်

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နေ ဦးမြင့်နိုင်သည် ၁၃-၁၁-၂၀၁၄ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ ဒေါ်သင်းသင်းမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

**ယွန်းမေမိသားစု**

## ဒေါ်နုရီ
### (ဘီလူးကျွန်း၊ ချောင်းဆုံအသင်း)
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၈၇၈/က)နေ (ဦးကျင်ရွှေ-ဒေါ်ကွန်းမေ)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ ဦးငွေဝင်း-ဒေါ်ခင်စီစီချို၊ ဦးစိုးချို-ဒေါ်လေးခင်၊ ဦးစိန်ဝင်း-ဒေါ်တင်မာချို(ဦးထိန်လင်း)-ဒေါ်အေးအေးချို၊ ဦးမြင့်ဇော်-ဒေါ်မြသီတာချိုတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၅၈နာရီတွင်ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ခင်
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
### အသက်(၇၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ တိုက် ၁၊ အခန်း ၅၊ ၅၁လမ်း၊ အိမ်ရာစခန်းနေ (ဦးမောင်မောင်ထွန်း-ဒေါ်မြမြတင်)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်ဦး(အထက-၂ဗိုလ်တထောင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်သန်းဝင်း၊ ဦးအောင်ကြိုင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်စန်းထွန်း၊ ဦးမြင့်ထူး-ဒေါ်လဲ့လဲ့ထွန်း၊ ဦးသန်းငွေတို့၏အစ်ကိုသည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့)နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တိုက် ၇၊ အခန်း ၄၀၁၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုစိန်(ခ)မေဟုတ်
### B.Sc, Physics
### အမရပူရမြို့
### အသက်(၇၀)

အမရပူရမြို့၊ အမှတ် ၂၈၊ စာတိုက်တန်းရပ်နေ (ဦးစက်ဟုတ်-ဒေါ်ထွေးရင်)တို့၏သမီး၊ (ဦးချမ်းစိန်)၊(ဒေါ်နွေးနွေး)၊ (ဦးမောင်မောင်စိန်)တို့၏နှမ၊ ဒေါ်ရီရီစိန်၊ ဒေါ်တုတ်တုတ်တို့၏ညီမ၊ ဒေါ်မိုးမိုးအေး၊ ဒေါ်ကြည်ကြည်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဦးထင်အောင်စိန်-ဒေါ်နန်းဇင်ယဉ်၊ ဦးအောင်အောင်-ဒေါ်ခင်ညိုဝင်းတို့၏အစ်မ၊ ဒေါက်တာအောင်ကျော်သူ၊ မဟန်စုယဉ်၊ မောင်အောင်ဖုန်းမြင့်၊ ဒေါက်တာချမ်းဟိန်းထွန်း၊ မောင်သီဟထောတို့၏ အဒေါ်သည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် စာတိုက်တန်းရပ်နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအုန်းလွင် (သူရ ၁၀)
### ဒုရဲမှူး(ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ တိုက်အမှတ် ၁၁၄၊ အခန်း ၈နေ (ဦးအေးမြင့်)-ဒေါ်တင့်တို့၏သားကြီး၊ ဒေါ်ဆွေဆွေဦး (မြို့နယ် သ/မ၊ ပုဇွန်တောင်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ဇော်ဦး(MCC)၊ မမြတ်မြတ်သော်(Lin Dagon Garment Co., Ltd.)၊ မကေဇာဦး [Final Part 2-ဆေး(၂)]တို့၏ဖခင်သည် ၁၇-၁၁-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း(ရွှေကျင်) B.Sc (Geology)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း
### ရေနံမြေ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ရေနံလုပ်ငန်း
### မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များအသင်းဝင်
### မြို့မကျောင်းသားဟောင်း
### အသက်(၈၆)နှစ်

(ဦးပြန့်-ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးညိုဖဲ-ဒေါ်နှင်းအေးခိုင်)တို့၏သားသမက်၊ (ဦးစံထွန်းဝေ)၊ ဒေါ် Ann Wai တို့၏ညီ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက် ၃၁၉၊ အခန်း ၁၅နေ (ဒေါ်မြင့်ကြီး)၏ခင်ပွန်း၊ (ဗိုလ်မှူးတင်ထွဋ်လတ်)၊ ဒေါက်တာကြည်သာမျိုးဝင်း (ကလေးအထူးကုဆရာဝန်ကြီး၊ တောင်ငူပြည်သူ့ဆေးရုံကြီး)၊ ဦးတေဇာမျိုးဝင်း-ဒေါ်မော်လီမြသောင်း၊ (ဦးထွန်းဇံဖြူ)၊ ဒေါ်ကုန္ဒာမျိုးဝင်း၊ ဦးကျော်စွာမျိုးဝင်းတို့၏ဖခင်၊ မောင်တေဇာခိုင်စိုး၊ မဝင့်တင်ထွဋ်လတ်၊ မတေဇာခင်ဖုန်း၊ မကျော့မှူးအိမ်၊ Nicole Win, Medeleine Win တို့၏အဘိုးသည် ၁၅-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် သဃ်ာန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) ညနေ ၄း၅၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထင်ကျော်(ခ)ကိုညို အသက်(၈၄)နှစ်
### ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း(ပုသိမ်မြို့)

ရန်ကုန်မြို့နေ (ဦးစ-ဒေါ်မကြီး)တို့၏သား၊ ဦးစိန်ချစ်-ဒေါ်သန်းတင်အေး၊ (ဒေါက်တာချစ်စိန်-ဒေါ်မြသန်း)၊ ဒေါက်တာကျော်အောင်-ဒေါက်တာဒေါ်သန်းတင်တို့၏ညီ/မောင်၊ (ဒေါ်ခင်သိန်း)၏ချစ်လှစွာသောခင်ပွန်း၊ မသင်းသင်းဦး၊ မောင်ဝင်းကျော်-မကေသွယ်မြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြိုင်သန့်
### အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန
### မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့
### အမှုဆောင်အဖွဲ့ဝင်
### အသက်(၈၃)နှစ်

တပည့်ရို့အား (တပည့်ရို့အား) မြန်မာစာကို မြန်မာစကားသံစစ်စစ်ဖြင့် သင်ကြားပါသောကျေးဇူးရှင်ဆရာကြီး ကွယ်လွန်သွားခြင်းအတွက် နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂)မှ တပည့်များ**

### တောင်သာမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်မောင်ဦး
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ တိုက် ၇၄/၇၆၊ အခန်း ၃၄၊ ဒုတိယထပ်(ယာ)နေ အသင်းဝင် ဒေါ်ခင်မမ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်
### အတွင်းရေးမှူးဟောင်း
### မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်
### အသက်(၆၁)နှစ်

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၏ အတွင်းရေးမှူးဟောင်းဖြစ်သူ ဦးမျိုးမြင့်သည် ၁၅-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်**
**အာရှခြင်းလုံးအဖွဲ့ချုပ်**

## ဦးအုန်းလွင် (သူရ ၁၀)
### ဒုရဲမှူး(ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ် ၁၂၇၊ အခန်း ၇နေ (ဦးအေးမြင့်)-ဒေါ်တင့်တို့၏သားကြီး၊ ဦးမြင့်ဝေ-(ဒေါ်နွယ်နွယ်မြင့်)၊ ဦးစိုးမင်း-ဒေါ်လဲ့လဲ့မြင့်(အလက၊ ကျောင်းအုပ်၊ လက်ပံကုန်း)၊ ဦးဘုန်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးစန်းလွင်-ဒေါ်မြင့်မြင့်သန်း၊ဦးစောမောဒို-ဒေါ်ခင်တိုးတိုးမြင့်၊ ဒေါ်လွင်မာမြင့်၊ ဦးတက်နေထွန်း-ဒေါ်ဥမ္မာမြင့်၊ ဦးဟိန်းသွင်မြင့်တို့၏အစ်ကိုကြီးသည် ၁၇-၁၁-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေးချို
### (အထက်တန်းသူနာပြု)
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ် ၂၆၊ ကွင်းကျောင်း ၁လမ်းနေ (ဦးဘချို-ဒေါ်မြကြည်)တို့၏သမီးထွေး၊ (ဦးခင်စိုး)-ဒေါ်တင်အေးချို၊ (ဦးခင်မောင်ချို)-ဒေါ်သန်းသန်းနွဲ့၊ (ဦးအောင်မြင်ချို)၊ ဦးမြင့်သိန်းချို-ဒေါ်ဟန်ရီ၊ ဦးဘသန်းချို၊ ဦးလှသန်းချို-ဒေါ်ဏညိုဒြီ၊ ဒေါ်ယဉ်ထွေးချိုတို့၏ညီမ၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၇**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Sengnuan Saiyalath ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဦးသန့်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Nilahat Xayalate နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Sengnuan Saiyalath အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ရှေးရှု နယ်စပ်နေပြည်သူများအကျိုး ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ဆောင်ကြဉ်းပေး

**အမေး/အရေး**
**မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် နိုဝင်ဘာ ၁၇

**မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေမှုက အရှည် ၁၀၀၉ မိုင်ခန့်ရှိသည်။ နယ်စပ်ထိစပ်နေမှုရှည်လျားသောကြောင့် နယ်စပ်ကိစ္စရပ်များ အနည်းနှင့်အများဆိုသလို ဖြစ်ပေါ်နေသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတာဝန်ရှိသူများက ချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ယခုအခါ (၁၉) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့် အစည်းအဝေးကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဆွေးနွေးပွဲခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက စတင်ကျင်းပလျက်ရှိသည်။** (အောက်ပုံ)



ယခုဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဦးဆောင်ပြီး အိန္ဒိယကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် Mr. Sh Anil Goswami က ဦးဆောင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲ ခေတ္တရပ်နားချိန်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အခုလို အစည်းအဝေးကျင်းပဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

ဖြေ။ ။ ဒီအစည်းအဝေးကျင်းပဖြစ်ပုံကတော့ ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက်အာဏာပိုင်များရဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုမှတ်တမ်းအရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံတော်အဆင့်နဲ့ ဒေသအဆင့် အစည်းအဝေးတွေကို မြန်မာနဲ့ အိန္ဒိယနိုင်ငံတွေမှာ တစ်လှည့်စီကျင်းပနေခြင်းဖြစ်ပါတယ်။ အခုအစည်းအဝေးက မြန်မာ-အိန္ဒိယ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# မာရာဟာလင် ဖလားပြိုင်ပွဲကိုယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်းဖိတ်ကြားခံရ

**သတင်း -ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် နိုဝင်ဘာ ၁၇**




အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် သက်တမ်းရင့် ပြိုင်ပွဲတစ်ခုဖြစ်သည့် မာရာဟာလင်ဖလား ဘောလုံးပြိုင်ပွဲကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာလူငယ်အသင်းအား ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံထားရသည်။

မာရာဟာလင် ဖလားပြိုင်ပွဲမှာ ၁၉၇၀ ပြည့်နှစ်ကျော်ကာလများကတည်းက ကျင်းပခဲ့သည့် သက်တမ်းရင့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး မြန်မာအသင်းမှာ ခြောက်ကြိမ်မြောက်အထိ ယှဉ်ပြိုင်ခဲ့ဖူးသည်။ ယှဉ်ပြိုင်ခဲ့သည့် ခြောက်ကြိမ်စလုံးတွင် အနိမ့်ဆုံး ဆီမီးအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံနှစ်ကြိမ်၊ ဒုတိယ

*စာမျက်နှာ ၇ ကော်လံ ၅* ●

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုဝင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၄ မိနစ် ၂၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ချောက်မြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မြန်မာ့အလင်း)**

**ယနေ့ မာတိကာ**

ဩစတြေးလျနှင့် တရုတ် လွတ်လပ်သော ကုန်သွယ်မှုစာချုပ် — စာ ၄

မိုင် ၄၀၀ ကျော် ဝိုးချဲ စွမ်းရည်ပြမည့် မသန်စွမ်းသူများ — စာ ၁၀

ဂျိုကိုဗစ်ဗိုလ်လုပွဲ မကစားရဘဲ ဖလားရယူ — စာ ၁၂

နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်းမီနီမာရသွန် ပြိုင်ပွဲ ပုဂံ၌ကျင်းပ — စာ ၁၉

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

## CLAIMS DAY NOTICE

## M.V GOLDEN FAN VOY: NO(21)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(21) are here by notified that the vessel will arrive on about 19-11-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (8:00) AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488

